



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒသမနှလက်ဆောင်

♦ သင်၏ကြိုးစားမှုဖြင့်
အောင်မြင်မှုများ ရရှိနိုင်သည်ဆိုစေကာမူ
ပတ်ဝန်းကျင်နှင့်တော့ သဟဇာတဖြစ်လျှင်
ပိုမိုကောင်းမွန်လေ၏။
ပတ်ဝန်းကျင်ကြောင့် အောင်မြင်မှုများ
ပိုမိုတိုးပွားလာနိုင်ပေ၏။

♦ လုပ်သမျှ ဖြစ်မလာသောကြောင့်
စိတ်ဓါတ်ကျနေမည့်အစား
ရသမျှအလုပ်ကို စိတ်ပါလက်ပါ လုပ်နေခြင်းဖြင့်
မကျေနပ်မှုများကို မေ့ပျောက်စေနိုင်သည်။

♦ ငွေရအောင်ရှာဖွေသောနေရာမှာ
အရည်အချင်းတူနေသော်လည်း
ရလာသောငွေကို အကျိုးရှိအောင်
သုံးစွဲတတ်သူနှင့် မသုံးစွဲတတ်သူတို့မှာ
အချိန်ကြာသည်နှင့် အဆင့်အတန်းချင်း
ခြားနားသွားတတ်ပေ၏။

BURMESE CLASSIC .com

♦ မိမိအရည်အချင်းနှင့်စိတ်ဓါတ်ကို
ယုံကြည်မှုနှင့် အထင်ကြီးခြင်း မရှိသမျှ
မည်သည့်အရာကိုမျှ ရရှိမည်မဟုတ်ပေ။

♦ အရာရာကို အားငယ်စိုးရွံ့နေခြင်းမှာ
လိပ်ပြာမသန့်ခြင်းက…ကြောက်ရွံ့စိတ်ကို
နှိုးဆွပေးနေသောကြောင့်ဖြစ်သည်။
မိမိကိုယ်ကို လိပ်ပြာသန့်လာသည့်အခါ
ရဲဝံ့စိတ်များ ဝင်ရောက်လာပါလိမ့်မည်။

♦ ချစ်ခြင်းမေတ္တာကို
အင်တာနက်ဖြင့် ရှာဖွေ၍မရနိုင်ပါ။
အသည်းနှလုံးဖြင့် ရှာဖွေမှသာ တွေ့နိုင်ပါမည်။
အင်တာနက်မှာ အချက်အလက် ရှာဖွေရုံသာ
အသုံးဝင်ပြီး…
ချစ်ခြင်းမေတ္တာဟူသည်…
အချက်အလက် မဟုတ်သောကြောင့်
မတွေ့နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com

◆ ဆင်းရဲမှုဒဏ်ကို ခံခဲ့ရသူသည်
ချမ်းသာလာသောအခါ
ထိုချမ်းသာမှုကို တန်ဖိုးထားတတ်ပြီး
မည်ကဲ့သို့ ထိန်းသိမ်းရမည်ကိုလည်း
သိကြလေ၏။

◆ အလွယ်တကူရသော အောင်မြင်မှုနှင့်
အလွယ်တကူ တွေ့သောအချစ်သည်
လွယ်လွယ်နှင့်ပင် ပြန်လည်ထွက်ခွာ
သွားတတ်ပေ၏။

◆ သင်က ချစ်သည့်အကြောင်းပြော၍
သူက လက်မခံသေးလျှင်
ဒါမှမဟုတ် ငြင်းပယ်လိုက်လျှင်
သို့မဟုတ် ဒေါသဖြင့် တုံ့ပြန်လိုက်ပါက...
သူ့အပေါ် စိတ်မဆိုးပါနဲ့...
ဟာ.နေသောအက်ကြောင်းကို
ထိစပ်ပေးနိုင်သော ချို့ယွင်းမှုကိုသာ
အရင်ရှာဖွေကြည့်စေချင်ပါသည်။

BURMESE CLASSIC .com

◆ သင်ကိုယ်တိုင်က ဆက်ဆံရေးကောင်းပါက
မိတ်ဆွေကောင်း မရှားသလို
ချစ်ခြင်းမေတ္တာကို တန်ဖိုးထားပါကလည်း
သစ္စာရှိသောဘဝကြင်ဖော်နှင့် တွေ့နိုင်ပါသည်။

◆ တစ်ယောက်နှင့်တစ်ယောက်
မုန်းတီးခြင်းဖြင့် အလုပ်လုပ်နေခြင်းထက်
မလုပ်ဘဲ နေခြင်းက
ပို၍အန္တရာယ်ကင်းစေပါသည်။

◆ မိမိအတွင်းစိတ်ကို မဆန်းစစ်ပါဘဲ
ချစ်ဟန်ဆောင်ခြင်းသည်
မြွေပွေးခါးပိုက်တွင်း ထည့်ထားတာနှင့် တူပါသည်။
တစ်နေ့ကျလျှင် ထိုဟန်ဆောင်ခြင်းကြောင့်
စိတ်သောကနှင့် ကြုံတွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) ပြန်လမ်းမရှိသည့်မရဏလမ်း

အခန်း(၂) ရေဘီလူးများနှင့် တိုက်ခိုက်ကြရခြင်း

အခန်း(၃) ဦးဝီလျံနှင့်လျှို့ဝှက်မှာတမ်း

အခန်း(၄) အသက်စွန့်ရသည့်မြေပုံတစ်ဝက်

အခန်း(၅) ပပေါင်ဦးဆန်သောမိန်းကလေး

အခန်း(၆) အမှောင်ရိပ်အတွင်းမှ မိစ္ဆာ

အခန်း(၇) ဦးသက္ကနှင့် ဖုဏ္ဍမျက်လုံး

အခန်း(၈) လျှို့ဝှက်သောလူသတ်ကောင်

အခန်း(၉) သဲလွန်စ အတွေးတစ်မျှင်

အခန်း(၁၀) အန္တရာယ်နှင့် လက်တစ်ကမ်းအကွာ

အခန်း(၁၁) သွေးစွန်းခဲ့ရသော ရတနာမြေပုံ

အခန်း(၁၂) မဟူရာဝံပုလွေနှင့် ရင်ဆိုင်တွေ့ရခြင်း

အခန်း(၁၃) မဟူရာဝံပုလွေ ဘယ်သူလဲ

အခန်း(၁၄) အန္တရာယ်နိဂုံး အပြုံးမျက်နှာ

အခန်း(၁၅) ညီမျှခြင်းများနှင့် ချစ်ခြင်းမေတ္တာ




BURMESE CLASSIC .com

## အခန်း(၁)

# ပြန်လမ်းမရှိသည့် မရဏလမ်း

မြန်မာနိုင်ငံကို အင်္ဂလိပ်များ ဝင်ရောက်မလာမီအချိန်က အောက်ပိုင်းဒေသများဖြစ်သော တနင်္သာရီကမ်းမြောင်ဒေသများတလျှောက်မှာ လူနေထိုင်မှု မများလှသေးပေ။

ယခုအခါ မြို့ကြီးတစ်မြို့မျှ စည်ကားနေပြီဖြစ်သော ကော့သောင်းပင်လျှင် (၁၈၅၉)ခုနှစ်မတိုင်ခင်က လူနေထိုင်မှု မရှိခဲ့သေးပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကော့သောင်းမှာ လူနေထိုင်မှု မရှိသေးသော်လည်း မလိဝမ်းမှာ ရှေးမြန်မာမင်းများနှင့် ဗြိတိသျှ အုပ်ချုပ်ရေး ရှိစဉ်က ရုံးစိုက်ရာဒေသဖြစ်ခဲ့ဖူးသည်။

(၁၈၅၉)ခုနှစ်မတိုင်မီက မလိဝမ်းမှာ စည်ကားသော မြို့တစ်မြို့ဖြစ်နေခဲ့ချေပြီ။

အများအားဖြင့်တော့ ထိုင်းနိုင်ငံဘက်မှ လာရောက်နေထိုင်သူများနှင့် မလေးရှားနိုင်ငံဘက်မှ လာရောက်နေထိုင်ကြသူ များလေသည်။

ထိုအချိန်က မလိဝမ်းချောင်းဝသည် သင်္ဘောများ ဆိုက်ကပ်ရာ ဆိပ်ကမ်းတစ်ခုဖြစ်ခဲ့သည်။

(၁၈၆၅)ခုနှစ်ရောက်တော့မှ မလိဝမ်းနှင့် မြိတ်ကျွန်းစုများသို့ ဝင်ထွက်သွားလာရန် ကုန်သွယ်ခဲ့ကြသည်။ 'နာအူဒါအာမက်' ဆိုသူ ခေါင်းဆောင်သော (၁၃)ဦးပါ အဖွဲ့တစ်ဖွဲ့မှာ ကော့သောင်း 'ရှင်ကြီးမော်' တည်ရှိရာ အော်ပိုက်စခန်းတစ်ခုတွင် တဲအိမ်များ ဆောက်လုပ်နေထိုင်ခဲ့ရာမှ လူနေထိုင်မှု စတင်ခဲ့လေသည်။

ရှေးမြန်မာမင်းများလက်ထက်က သံလွင်မြစ်ဝ အောက်ပိုင်းမှာ စည်ကားသော မြို့ပြနယ်ပယ်များ မရှိသေးဘဲ ရေလုပ်ငန်းဖြင့် အသက်မွေးသူများသာ စုဝေးနေထိုင်ရာအရပ်ဖြစ်ခဲ့သည်။





ထိုအချိန်က မုတ္တမပင်လယ်ကွေ့နှင့် ယခု ဘီလူးကျွန်းတည်ရှိရာနေရာတဝိုက်မှာ ရေဘီလူးဟု ခေါ်ကြသည့် စမင်များနေထိုင်ကြပြီး မြိတ်ကျွန်းစုများဘက်မှာတော့ ဆလုံများသာ ရှိပေသည်။

ရေဘီလူးဟု တင်စားခေါ်ဝေါ်သည့် စမင်များမှာ ရှေးခေတ်အခါက နီဂရိုက်(နီဂရစ်တို)လို့ ခေါ်သည့် အသားမည်းကပ္ပလီများသာဖြစ်ပေသည်။

၎င်းတို့မှာ မလေးရှား၊ အင်ဒိုနီးရှားကျွန်းစုများဘက်မှ ရွှေ့ပြောင်းလာသူများဖြစ်ပြီး ၎င်းတို့ဒေသမှာတော့ စမင် (Semai) ဟု အသိများသည့် ရှေးဟောင်းလူသားများဖြစ်ကြသည်။

၎င်းတို့သည် လူများ ရှိသောနေရာနှင့် ဝေးသော ပင်လယ်ကမ်းခြေများ၌သာ အနေများပြီး သားငါးရှာဖွေဖမ်းဆီးစားသောက်ပြီး ရိုင်းစိုင်းကြမ်းတမ်းသူများဖြစ်ကြသည်။

တစ်ခါတစ်ရံ ပင်လယ်ကမ်းရိုးတန်း၌ သွားလာနေသော ကုန်သည်လှေများကို တွေ့ပါက တိုက်ခိုက်ဖမ်းဆီးပြီးနောက် လူများကိုပင် သတ်ဖြတ်စားသောက်ကြသဖြင့် ရေဘီလူးဟု ခေါ်ဝေါ်ကြလေသည်။

ရေဘီလူးဟု ခေါ်သည့် စမင်များနှင့် မော်ကင်းဟု ခေါ်ကြသည့် ဆလုံများမှာ ရေအောက်၌ ကျွမ်းကျင်စွာ သွားလာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနိုင်ကြသူများဖြစ်သည်။

ထိုအချိန်က ပင်လယ်ကမ်းရိုးတန်းတလျှောက်တွင် ကပ္ပလီပင်လယ်ကွေ့ဟုပင် ခေါ်ဝေါ်ခဲ့ကြောင်း မှတ်တမ်းများက ဖော်ပြထားလေသည်။

ရေအောက်၌သာ အနေများပြီး တစ်ခါတစ်ရံ ဖြတ်သွားသော ကုန်သည်လှေများကို တိုက်ခိုက်၍ လူများကို ဖမ်းဆီးသတ်ဖြတ်စားသောက်ကြသောကြောင့် ၎င်းတို့ကို ရေဘီလူးများဟု ခေါ်ခဲ့ကြခြင်းဖြစ်၏။

ယခု ဘီလူးကျွန်းဟု ခေါ်ဝေါ်သောနေရာမှာ ရှေးအခါက ရေဘီလူးများ နေထိုင်ကျက်စားရာဒေသ ဖြစ်သောကြောင့် ထိုအမည်တွင်ခဲ့ခြင်းဖြစ်၏။

သထုံကို မွန်လူမျိုးများ ဝင်ရောက်လာစဉ်က ဘီလူးများနှင့် တိုက်ခိုက်ခဲ့ရကြောင်း သိဟိုဠ်ဒီပဝင်(အေဒီ ၆ ရာစု)နှင့် ကလျာဏီ မွန်ကျောက်စာ(၁၅)ရာစုတို့၌ ရေးသားဖော်ပြထားလေသည်။

နောက်ပိုင်း မွန်လူမျိုးများ တဖြည်းဖြည်းနှင့် များပြားလာပြီး ၎င်းတို့ တိုက်ထုတ်မှုကြောင့် ရေဘီလူးများသည် တောင်ဘက်ပင်လယ်ကမ်းခြေများသို့ ရွှေ့ပြောင်းသွားခဲ့ကြသည်။

အချို့လည်း ပင်လယ်ထဲမှာ ရှိသော ကျွန်းစုများအထိ ရွှေ့ပြောင်းသွားကြလေသည်။





၎င်းတို့၏အဓိကအလုပ်မှာ ရေအောက်ဆင်း၍ သွားငါးရှာခြင်းနှင့် လူများကို ဖမ်းဆီးသတ်ဖြတ်ကြခြင်းပင်ဖြစ်၏။

၎င်းတို့အတွက် တနင်္သာရီဝင်ရိုးတန်းတလျှောက်၌ ရှိကြသော ရာပေါင်းများစွာသော ကျွန်းကြီးကျွန်းငယ်တို့သည် ပျော်မွေ့ဖွယ်ရာနေရာများပင်ဖြစ်ခဲ့ကြပေသည်။

"Andaman Sea" (သို့မဟုတ်) ကပ္ပလီပင်လယ်ပြင်၏ မြိတ်ဒေသဝန်းကျင်တွင် ရှေးက ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ကျွန်းကြီးကျွန်းငယ် စုစုပေါင်း(၉၀၀)ကျော်ရှိသည်ဟု "Geography of South Tenasserim and Mergui Archipelago by Mr.H.L.Chhibber" ၏မြိတ်ကျွန်းစုနှင့် တနင်္သာရီတောင်ပိုင်း ပထဝီဝင်စာစောင်တွင် အကျဉ်းဖော်ပြထားသည်။

တဖန် မြိတ်အရေးပိုင်အဖြစ် တာဝန်ထမ်းခဲ့ဖူးသူ Mr.G. P.Andrew ကလည်း သူ၏ "Burma Gagetter Mergui District" တွင် ကျွန်းစုပေါင်း(၈၀၄)ကျွန်းကို ပေါင်းစပ်ဖွဲ့စည်းထားသည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ထိုကျွန်းများအနက် "ကတန်ကျွန်း" "King Island" ကျွန်းမှာ အကြီးဆုံးဖြစ်ပြီး 'ကျွန်းဘုရင်' ဟု အမည်တွင်ပါသည်။

ထို့နောက် "လမ်းပိ" "Lampi Island" ကျွန်းမှာ ကမ္ဘာ့အလှဆုံးကျွန်းများတွင် အပါအဝင်ဖြစ်လေသည်။

ထို့အပြင် တနင်္သာရီတိုင်း ပင်လယ်ပြင်အတွင်း၌ရှိ



www.burmeseclassic.com

www.burmeseclassic.com



သိုက်ကျွန်းပေါင်း (၃၂)ကျွန်းတွင် အဖိုးတန်ငှက်သိုက် (Edible Bird-Nest)များ ထွက်ရှိသေးရာ အထူးသဖြင့် "မလိကျွန်း" "Mali (or) Taoy Island" တွင်ဖြစ်လေသည်။

အမှန်စင်စစ် မြိတ်ဒေသသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သားငါးပုစွန်နှင့်တကွ သယံဇာတပစ္စည်းများ ပေါများကြွယ်ဝသောဒေသဖြစ်လေသည်။ ကမ္ဘာတွင် မျက်နှာပန်း လှနေသည့် "မြန်မာ့ပုလဲ" သည်ပင် မြိတ်ဒေသမှ ထွက်ရှိသည်။

မြိတ်ဒေသ ပင်လယ်ပြင်အတွင်း ကျွန်းပေါင်း(၈၀၀) ကျော် ရှိသည်။ သို့သော်လည်း ကျွန်းတိုင်းတွင် လူများ နေထိုင်ကြသည် မဟုတ်ပေ။ လူသူမနေထိုင်သော၊ လူသူအရောက် အပေါက် မရှိသော ကျွန်းများက အများဆုံးဖြစ်လေသည်။

ထို့ပြင် ကျွန်းအားလုံး၌ အမည်နာမ အသီးသီး ရှိကြသည် မဟုတ်ပေ။ ထိုသို့ အမည်နာမ မရှိသေးသောကျွန်းများပေါ် ခြေချမိသူများက ဆီလျော်သည်ဖြစ်စေ မဆီလျော်သည်ဖြစ်စေ ပေးသည့်အမည်များမှာအတည်ဖြစ်သွားနိုင်သည်။

ထိုအမည်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ အဆီအငေါ် တည့်ချင်မှ တည့်မည်ဖြစ်လေသည်။

မြေပုံ၊ ရေပုံပေါ်၌ အမည်ထင်ရှားသောကျွန်းများသည် ပင်လျှင် မြန်မာ၊ ပသျှူး၊ ဆလုံ၊ တရုတ်၊ အင်္ဂလိပ် အခေါ်အဝေါ်





များ ရှိနေသည်။

အဘယ်အမည်နှင့် ကျွန်းသည် အဘယ်လူမျိုးတို့၏ အမည်နှင့် ကျွန်းများ ဖြစ်သည်ကို ပြောရန် ခက်နေသည်။

"စိန်လုတ်ကျွန်း" ကို ပသျှူးအမည်ဖြင့် 'ဝလော်ကာကျမ်းလိုကျွန်း'၊ 'လမ်းပိကျွန်း' မှာ တရုတ်အမည်ဖြစ်ပြီး အင်္ဂလိပ်တို့ ထိုကျွန်းကို (Lamp or Sullas Island)ဟူ၍လည်းကောင်း၊ ထို့နောက် ဆလုံအမည်ဖြင့် ခေါ်ဝေါ်နေသည့် 'မကြုံကလက်ကျွန်း' မှာ ဆလုံအမျိုးသမီးတစ်ဦး၏အမည်ဖြစ်ကြောင်း၊ ဆလုံလူမျိုးအုပ်စုတစ်ခုခုတွင် ဩဇာရှိသော ခေါင်းဆောင်အမျိုးသမီးရှိတတ်ကြောင်း စာထဲပေထဲ၌ ဖတ်ရှုမှတ်သားခဲ့ဖူးသည်။

သို့သော် မြေပုံရေပုံပေါ်၌မူ အဆိုပါ 'မကြုံကလက်ကျွန်း' ကျွန်းကို အထင်ကရ ဖော်ပြထားသည်များကို မတွေ့ရသေးပေ။

ပသျှူးတို့အခေါ်အဝေါ်ဖြစ်သော "ဖူလိုးဘဒကျွန်း" မှာ မြန်မာအခေါ်အဝေါ်ဖြင့် မသိရသေးပေ။ အင်္ဂလိပ်အခေါ်အဝေါ်ဖြင့်သာ (Sir W.James) ဟူ၍လည်းကောင်း၊ 'ပူလိုးဘလူးကျွန်း' မှာ (Sir J.Banks)အမည်ဖြင့်လည်းကောင်း တွေ့ရသည်။

နိုင်ငံခြားသား စွန့်စားသွားလာသည့် ခရီးသည်အီတလီပြည်ဗင်းနစ်မြို့သား 'ဆီဇာဒီဖရက်ဒရစ်' သည် ခရစ်သက္ကရာဇ်



www.burmeseclassic.com

www.burmeseclassic.com



(၁၅၆၈)တွင် ဥရောပတိုက်မှ အရှေ့ဘက်ဒေသသို့ စွန့်စားထွက်ခွာလာခဲ့ပြီး စီးပွားရေးနယ်ပယ်အသစ်များ ရှာဖွေရင်းဖြင့် ရောက်ရှိလာသူဖြစ်သည်။

သူသည် အိန္ဒိယပြည် မဒရပ်မြို့တော်မှ အရှေ့တောင်ဘက်စူးစူးသို့ သင်္ဘောလွှင့်ခဲ့ပြီး ခရီးမိုင်ပေါင်း(၁၂၀၀)ခန့်ကို ကျော်လွန်လာသောအခါ မြိတ်မြို့မှ အနောက်တောင်ဘက်တွင် ကျွန်းတစ်ကျွန်းကို တွေ့ရသည်။ ထိုကျွန်းသည် ယခုအခါ တနင်္သာရီကျွန်း (Tenasserim Island)အဖြစ် တွေ့ရသည်။

ထိုမှတဖန် အတွင်းပိုင်းသို့ ဝင်လာသောအခါ ငှက်ပျောပင်များ ပေါက်ရောက်နေသည့် ကျွန်းတစ်ကျွန်းကို ထပ်မံတွေ့ရှိရပြန်သည်နှင့် ထိုကျွန်းကို (Pataw Island)ဟု အမည်တပ်လိုက်လေသည်။

ထိုကျွန်းမှတဖန် အရှေ့ဘက် အတွင်းပိုင်းသို့ ဆက်၍ ဝင်ရောက်လာပြန်သောအခါ တနင်္သာရီမြစ်ဝရှိ 'ပထော်ကျွန်း' (Pataw Island)သို့ ရောက်ရှိလာပြီး ရှင်မကန်တစ်ခုကို တွေ့သည်နှင့် ထိုနေရာကို (Madra Mergon)ဟု အမည်မှည့်ခေါ်ခဲ့ချိန်မှစ၍ ရှေးဟောင်း ဗြိတိသျှရေကြောင်းပြမြေပုံ၌ (Madra Mergon) ဟု ဖော်ပြခဲ့သည်။

ထိုပထော်ကျွန်းမှာ မြိတ်မြို့၏အနောက်ဘက် ကိုက် (၈၀၀)ခန့်သာ ဝေးလေသည်။





ဤသို့အားဖြင့် ကျွန်းများတွင် အမည်များ ပေါ်လာသည်။ ဒေသခံတို့ကလည်း ပါးစပ်ရာဇဝင်ဖြင့်တစ်မျိုး၊ ယုံကြည်ချက်ဖြင့်တစ်သွယ် ပေးကြသည့်အပြင် ဖြစ်ရပ်တစ်ခုကို အကြောင်းခံ၍ မှည့်ခေါ်ထားသောအမည်များလည်း များစွာရှိနေသည်။

လွန်ခဲ့သောနှစ်ပေါင်း(၃၀၀)ကျော်က ကျွန်းစုဒေသကို ဗြိတိသျှကိုလိုနီတို့ အုပ်ချုပ်မှုသြဇာ သက်ရောက်ခဲ့၏။ အရှေ့အိန္ဒိယကုမ္ပဏီသည် ထိုကျွန်းများတွင် ခြေကုပ်စခန်းများ ယူခဲ့ဖူး၏။

ထိုကာလတွင် အင်္ဂလိပ်တို့အနေဖြင့် ကျွန်းများ၏အမည်များကို ပေးသွားသည်မှာ ရည်ရွယ်ချက်အမျိုးမျိုးနှင့် ဖြစ်၏။

အင်္ဂလိပ်အရင်းရှင်ကိုယ်စားလှယ် ပင်လယ်ဓားပြ ဆင်မြူရယ်ဝိုက်(Samuel White)သည် ဤကျွန်းစုများကို ခါးစောင်းတင်ပြီး ထင်ရာစိုင်းခဲ့ဖူး၏။ ကလယ်ရာကျွန်း(Clera Island) အမည်သည်ပင် သူ သံယောဇဉ် အလွန်ကြီးသော သမီးငယ်၏အမည်ဖြစ်သည်ဟု ဆိုလေသည်။

အချို့အင်္ဂလိပ်တို့မှာ သူတို့ လက်လွန်ခြေလွန် လုပ်ထားသော ပင်လယ်ဓားပြလုပ်ငန်းနှင့် နယ်ချဲ့လုပ်ငန်းများမှ သွေးစွန်းသောလက်များကို ဆေးကြောအပြစ်ဖြေရန် ဘာသာရေး အကား



www.burmeseclassic.com

www.burmeseclassic.com



အကွယ်ယူ၍ စိန့်လုက် (St.Luke)၊ စိန့်မက်သယူ (St. Mathew)၊ ပို့မာရီယာ (Port Maria) စသည့်အမည်များကို ပေးခဲ့ကြသည်ဟု ကျွန်းများ အမည်ပေးခြင်းနှင့် ပတ်သက်၍ တွေ့ရှိချက်များကို ဖော်ပြထားပေသည်။

ထိုကျွန်းများတပိုက်မှာလည်း ရှေးအခါက ဆလုံများနှင့် စမင်များ နေထိုင်ခဲ့ကြကြောင်း အထောက်အထားများ ရှိခဲ့ပေသည်။

စမင်များသည် လူတစ်ယောက်ဟုပင် ခေါ်ဆိုကြသော်လည်း ရေသတ္တဝါတစ်ကောင်ကဲ့သို့ ရေထဲ၌ သွားလာနေထိုင်ကြပေသည်။

လှေသင်္ဘောများကို တိုက်ခိုက်ကြရာမှာ ရေအောက်မှ ငုပ်လျှိုးသွားပြီးမှ အလစ်ဝင်ရောက်တိုက်ခိုက်ကြခြင်းဖြစ်ပေသည်။

မွန်စာပေ၌ ဖော်ပြထားသည့် အဇေတ္တကုမ္မဝတ္ထုတွင် တာရာဏာသီမင်းသည် ပုရပိုဒ်ထဲမှာ တွေ့ရသည့် ခေါင်းဆေးကျွန်း အောက်ဘက်နား၌ ရှိသည်ဆိုသော နတ်မိမယ်ကို ယူဘို့ ရွက်သင်္ဘောများ (၇)ကြိမ်အထိ စေလွှတ်ခဲ့ရာ ထို(၇)ကြိမ်စလုံး သင်္ဘောများ ပျက်စီးပြီး ရေဘီလူးများ စားခြင်းကို ခံခဲ့ရသည်။

အဇေတ္တကုမ္မာမင်းသားကို လွှတ်တော့မှ စမင်များကို မုန့်ပဲသွားရေစာများနှင့် မိတ်ဆွေဖွဲ့နိုင်သောကြောင့် အောင်မြင်





ခဲ့သည်ဟု ဖော်ပြထားသည်။

မိတ်ဆွေဖွဲ့ခြင်းကို နားလည်လက်ခံခြင်းနှင့် မုန့်ပဲသွားရေစာ၊ အဖျော်ယာမကာများကို လက်ခံခြင်းကြောင့် စမင်များမှာ ရေဘီလူးများဟုသာ သတ်မှတ်ထားသော်လည်း လူသားများဖြစ်ကြောင်း သိသာနိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ. . .

ရှေးခေတ်အခါကတည်းက စတင်လာသော ရေဘီလူးများ လက်ချက်ကြောင့် ပင်လယ်ပြင်သွား ကုန်သည်လှေအတော်များများ ပျက်စီးခဲ့ရပြီး လူ့အသက်ပေါင်းများစွာတို့လည်း ဆုံးရှုံးခဲ့ရလေသည်။

ပင်လယ်ခရီးသွားအတော်များများမှာ ၎င်းတို့၏ဖမ်းဆီးခြင်း ခံခဲ့ကြရပြီး သတ်ဖြတ်စားသောက်ခြင်း ခံခဲ့ကြရပေသည်။

ရှေးအခါက ပင်လယ်ပြင်၌ သွားလာနေကြသော ကုန်သည်လှေများမှာ ယခုခေတ်ကာလကဲ့သို့ စက်ဖြင့် သွားလာရခြင်းမျိုး မဟုတ်ဘဲ ရွက်၊ တက်များကိုသာ အားကိုးပြီး သွားလာကြရာ စမင်များက အလွယ်တကူ ဖမ်းဆီးနိုင်ခဲ့ကြသည်။

ရွက်လှေတစ်စင်း၊ ကုန်သည်လှေတစ်စင်း စသည်တို့မှာ ခရီးသွားလာရင်းနှင့် ကမ်းနှင့် မနီးမဝေးသည့်နေရာတစ်ခု၌ စခန်းချနေသောအခါ စမင်များက ရေအောက်မှ လျှို့ဝှက်စွာ ရောက်လာကြပြီး လှေပေါ်မှာ ရှိသောလူများကို တိုက်ခိုက်သတ်ဖြတ်လေ့ရှိကြသည်။ ထိုသို့တိုက်ခိုက်ရာမှာ ၎င်းတို့လည်း သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



မှုများ ရှိပေသည်။

ရေဘီလူးများ တိုက်ခိုက်သောအခါ ဓါးလှံများအပြင် အဆိပ်ပြင်းထန်လှသော လိပ်ကျောက်ဆူးချွန် တပ်ထားသော မြှိန်းများကို အသုံးပြုကြသည်။

လိပ်ကျောက်ဆူးချွန် တပ်ထားသော မြှိန်းချက်ထိသည်နှင့် အဆိပ်တက်ကာ ချက်ချင်းသေဆုံးသွားလေသည်။

ထို့ပြင် ချွန်ထက်နေသောလက်သည်းများ၊

အစွယ်ကဲ့သို့ ငေါထွက်နေသည့်အစွယ်များ၊ သွားများဖြင့် ကိုက်ဖဲ့ကုတ်ခြစ်ကာ တိုက်ခိုက်လေ့ရှိကြသည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝ ရောက်နေရသော ကာလတစ်လျှောက်လုံးနှင့် လွတ်လပ်ရေး ရပြီးစကာလများ၌ ပင်လယ်ပြင် ငနရာအနှံ့အပြားတွင် ရေဘီလူးများ နည်းပါးသွားသည်ဆိုသော်ငြားလည်း လူသူအရောက်အပေါက်နည်းသော ပင်လယ်ထဲမှ ကျွန်းများ၌မူ အချို့ရှိနေကြသေးသည်။

ထိုနေရာများသို့ ရောက်သွားကြသူများ၏ကံကြမ္မာကား ပြန်လမ်းမရှိသော မရဏလမ်းသို့ ရောက်သွားရသကဲ့သို့ ရှိကြလေသည်။





# အခန်း(၂)

# ရေဘီလူးများနှင့် တိုက်ခိုက်ကြခြင်း

ကောင်းကင်ပြင်တစ်ခုလုံး အုံ့မှိုင်းလျက်ရှိနေသည်။ နေဝင်သွားသည်မှာ အတော်ကြာပြီဖြစ်သော်လည်း အနောက်မြောက်၊ အနောက်တောင်ထောင့်များဘက်ဆီမှ တိမ်နီရောင်များ သမ်းနေလေသည်။

ရုတ်တရက် ကြည့်လျှင်တော့ နေဝင်ချိန် တိမ်တောက်နေသည့်အရောင်များဟု ထင်စရာ ရှိသော်လည်း အသေအချာ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လျှင်တော့ မဟုတ်ပေ။

မကြာခင် ပင်လယ်ပြင်မှာ လေနီကြမ်းများ ကျတော့မည့်လက္ခဏာမျိုးဖြစ်ပေသည်။

ကြည့်နေရင်းမှာပင် ရာဟုထောင့်(အနောက်မြောက်ထောင့်)ဘက်မှ တိမ်မည်းများ အလိပ်လိုက် တက်လာသည်။

ထိုတိမ်များကြားမှ လျှပ်စီးလက်သံများ တဝင်းဝင်း တလက်လက် ပေါ်ထွက်လာရုံမက အနီရောင်များ သမ်းလာချေပြီ။

ပင်လယ်မှာ ပျော်သော ပင်လယ်စင်ရော်များနှင့် ပင်လယ်ငှက်များပင် နီးစပ်ရာကျွန်းများ ရှိရာသို့ ဦးတည်ပျံသန်းသွားကြလေပြီ။

ဇီဝစိုးငှက်အုပ်များလည်း ၎င်းတို့အသိုက်ရှိရာ ကျောက်နံရံများ၊ လိုဏ်ဂူများ ရှိရာသို့ အုပ်စုလိုက် ပျံသန်းသွားကြသည်။

ပင်လယ်ပြင်၌ ထိုကဲ့သို့သော အရိပ်လက္ခဏာများ ပေါ်ပေါက်လာပါက ပင်လယ်မှာ ပျော်နေသည့် ငှက်တိရစ္ဆာန်များပင် မနေဝံ့ကြပေ။

နီးစပ်ရာကျွန်းများ၊ အကာအကွယ်ရှိသောနေရာများသို့ ရောက်အောင် ပျံပြေးကြသည်။

မည်သည့်တိရစ္ဆာန်မှ မနေဝံ့ကြပေ။

ခရီးသွားလာနေကြသော ကတ္တူလှေများ၊ ရွက်လှေ၊





စက်လှေများလည်း နီးစပ်ရာကျွန်းများ ရှိရာသို့ အလျင်အမြန်ဝင်ပြေးကြရလေသည်။

ထိုအချိန်တွင် ပင်လယ်ပြင်မှာလည်း လှိုင်းများက ထလာတော့သည်။

သာမန်ရေလှိုင်းများအသွင်မှ လေ၏တွန်းအားကြောင့် လှိုင်းခေါင်းဖြူ၊ လှိုင်းဂယက်များအသွင်ပြောင်းကာ တဝုန်းဝုန်း တဒိုင်းဒိုင်း ဖြစ်လာတော့သည်။

ပင်လယ်ရေမျက်နှာပြင်အနှံ့အပြားတွင် မုန်တိုင်း၏အစွယ်အရာများဖြင့် အကျည်းတန်စ ပြုလာလေတော့၏။

ထိုကဲ့သို့ လှိုင်းတံပိုးများ ထလာနေစဉ်မှာပင် ပင်လယ်ထဲ ရောက်နေသော ကတ္တူစက်လှေတစ်စင်းမှာ မလှမ်းမကမ်းနေရာ၌ လှမ်းမြင်နေရသော ကျွန်းတစ်ကျွန်းရှိရာသို့ ဦးတည်သွားလျက်ရှိနေသည်။

ထိုကတ္တူလှေမှာ ရွက်ရောစက်ပါ တပ်ဆင်ထားသော်လည်း လေကြောင်းမသင့်သဖြင့် ရွက်ကို အသုံးပြု၍မရပေ။

စက်ကို အားကိုးရသည်ဆိုပြန်တော့လည်း စက်ကကောင်းနေသေးသော်လည်း ပန်ကာဝန်ရိုး ကျိုးကာ ရေထဲကျသွားသောကြောင့် အသုံးပြု၍မရတော့ပေ။

သို့သော်လည်း ကျွန်းဆီသို့ ရောက်ပြီး လေကွယ် မိုးကွယ် ရရန်အတွက်တော့ သင်္ဘောပေါ်မှာ ပါသူများက အစွမ်း


www.burmeseclassic.com

www.burmeseclassic.com

ကုန် ကြိုးစားနေကြလေသည်။

သို့စေကာမူ စက်လည်း သုံးမရ၊ ရွက်တိုင်လည်း သုံးမရသောကြောင့် ခရီးမတွင်ဘဲ ဖြစ်နေလေသည်။

လေ၏တွန်းကန်အားကြောင့် ကတ္တူလှေက ကျွန်းဆီသို့ မရောက်ဘဲ ကျွန်းနှင့် ဝေးရာသို့ တဖြည်းဖြည်းနှင့် ရွေ့လျားသွားလေတော့သည်။

ထိုသို့ရှိနေစဉ်မှာ ထူးခြားဆန်းကြယ်မှုတစ်ခု ပေါ်ပေါက်လာလေတော့သည်။

အခြားမဟုတ်ပေ။

ကတ္တူလှေမှာ လေဆန်ကို ပြန်ပြီး ကျွန်းဘက်သို့ တရွေ့ရွေ့နှင့် ပြန်သွားနေခြင်းပင်ဖြစ်၏။

ပင်လယ်ရေစီးကြောင်း ရုတ်တရက် ပြောင်းသွားသောကြောင့် ယခုကဲ့သို့ နောက်ကြောင်းပြန်သွားနေသလားဟု ထင်စရာ ရှိသော်လည်း မည်သူကမျှ တိတိကျကျတော့ မသိပေ။

“ငါတို့တတွေကိုတော့ နတ်ကောင်းနတ်မြတ်တွေပဲ စောင့်ရှောက်နေသလား၊ ဒါမှမဟုတ် မေခလာနတ်သမီးကပဲ အကူအညီ ပေးနေရော့သလား မသိဘူးဟေ့၊ စက်လှေကတော့ ကျွန်းဘက်ကို ပြန်သွားနေတာ အမှန်ပဲ”

ကတ္တူလှေ၏ပိုင်ရှင်လည်းဖြစ်၊ ဦးစီးခေါင်းဆောင်လည်း ဖြစ်သည့် ဦးဝီလျံက ပြောလိုက်ရာ အနီးမှာ ရှိနေသူများ





မှာလည်း တအံ့တသြ ဖြစ်နေကြသည်။

“ဆရာကြီး. . . ကျုပ်တို့စက်လှေက လေကြောင်းနဲ့ရော ရေစီးကြောင်းနဲ့ပါ ဆန့်ကျင်ဘက်ကြီး ပြန်သွားနေတာဗျ၊ ဟုတ်မှဟုတ်ရဲ့လား မသိဘူး”

၎င်း၏လက်ထောက်တစ်ဦးဖြစ်သူ ကိုဒီပဆိုသူက ရေမျက်နှာပြင်အခြေအနေကို အကဲခတ်ကြည့်ရင်း ပြောလိုက်သည်။

“အဲ့ဒါ စိုးရိမ်စရာမှ မဟုတ်တာ ဒီပရယ်၊ ပင်လယ်ပြင်မှာ မကြာခင် မုန်တိုင်းကျတော့မယ်၊ ငါတို့သင်္ဘောကလည်း စက်မောင်းလို့ မရတော့ဘူး၊ ဒီလိုအခြေအနေမျိုးမှာ လေကွယ်မိုးကွယ် ရှိမယ့် ကျွန်းတစ်ကျွန်းကို ရောက်သွားတာ ကံကောင်းထောက်မလို့ မဟုတ်ပေဘူးလား”

ထိုသို့ပြောလိုက်ရာ ကျန်လူများမှာလည်း မငြင်းသာတော့ပေ။

အကယ်၍သာ ထိုအချိန်က သူတို့စက်လှေ နောက်ကြောင်းသို့ ပြန်သွားနေခြင်းမှာ အားလုံးအတွက် ပြန်လမ်းမရှိသော မရဏလမ်းသို့ သွားနေခြင်းဖြစ်ကြောင်း ကြိုတင်သိရပါလျှင် ထိုသို့ ဝမ်းသာကြနိုင်မည် မဟုတ်ပေ။

အတန်ကြာသောအခါ ပင်လယ်ပြင်တစ်ခုလုံး လေပြင်းမုန်တိုင်းများ ကျလာပြီးနောက် မှောင်မည်းသွားလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



စောစောက သာမန်အနေအထား ရှိနေသော လှိုင်းလုံးများမှာလည်း တောင်လုံးတမျှ ကြီးလာလေတော့သည်။

ထိုအချိန်မှာပင် လက်မတင်လေးဆိုသလို ဦးဝီလျံတို့ကတ္တူလှေမှာ ပင်လယ်ထဲမှာ ရှိသော ကျွန်းတစ်ကျွန်း၏ကမ်းခြေသို့ ချောမောစွာ ရောက်သွားကြလေသည်။

မည်သို့ပင်ရှိစေ. . .

လောလောဆယ် ကြုံတွေ့ရမည့် အသက်ဘေးအန္တရာယ်ကတော့ လွတ်မြောက်ခဲ့ကြရပြီဖြစ်ပေသည်။

သူတို့သည် လေကွယ်မိုးကွယ်လည်းရှိ၊ လှိုင်းဒဏ်လည်းကင်းပြီး ကျောက်ဆောင်ကျောက်တုံးများနှင့် ဝေးသော ကွေ့တစ်ခုအတွင်းသို့ ဝင်ကာ ကျောက်ချ ရပ်နားထားလိုက်သည်။

လေမိုးများ သည်းထန်နေသောကြောင့် ကျွန်း၏အနေအထားကို ကောင်းစွာမမြင်ရသေးသော်လည်း အတော်အတန်ကြီးသည့် ကျွန်းတစ်ကျွန်းဖြစ်ကြောင်းတော့ ခန့်မှန်းမိကြလေသည်။

၎င်းတို့၏ကတ္တူစက်လှေ၏အမည်မှာ 'ပင်လယ်ပျော်ဝံပုလွေ' ပင်ဖြစ်၏။

စက်လှေမှာ စက်နှင့်ရေရွက်နှင့်ပါ သွားလာနိုင်အောင် စီမံထားသော ကတ္တူစက်လှေအမျိုးအစားဖြစ်သည်။

စက်လှေကိုယ်ထည်တစ်ခုလုံး ဆေးကတ္တရာအနက်များ





သုတ်ထားပြီး ဘေးတစ်ဖက်ချက်မှာတော့ စက်လှေ၏အမည်ကို စာလုံးသေးဖြင့် ရေးထားလေ၏။

သို့သော်လည်း အနက်ရောင်အောက်ခံပေါ်မှာ အနီရောင်ဖြင့် စာလုံးရေးထားသောကြောင့် အဝေးကြည့်လျှင်တော့ စက်လှေ၏အမည်ကို ရုတ်တရက် မြင်နိုင်မည် မဟုတ်ပေ။

ပင်လယ်ပျော်ဝံပုလွေ စက်လှေ၏ပိုင်ရှင်မှာ ဦးဝီလျံဖြစ်ပြီး တစ်ခါတစ်ရံမှသာ စက်လှေနှင့်အတူ လိုက်ပါလေ့ ရှိသည်။

သူသည် အသက်(၅၀)ကျော်အရွယ်ခန့်ရှိသော တရုတ်သွေးများစွာပါသူတစ်ယောက်ဖြစ်ပေသည်။

ဦးဝီလျံသည် ယခုကဲ့သို့ ကတ္တူစက်လှေတစ်စင်းနှင့် ပင်လယ်ပြင်သို့ လှည့်လည်သွားလာနေသော်လည်း သာမန်လူတစ်ယောက်တော့ မဟုတ်ပေ။

ရန်ကုန်မြို့ ကီလီဆိပ်ကမ်းနှင့် မဝေးလှသောနေရာတွင် တိုက်ကြီးတစ်လုံးရှိပြီး အပေါ်ထပ်၌ လူနေကြသည်။

အောက်ထပ်ကိုတော့ ပင်လယ်ထွက်ကုန်များ ဝယ်ယူရောင်းချသော ကုမ္ပဏီတစ်ခုပမာ ဖွင့်လှစ်ထားလေသည်။

ထိုကုမ္ပဏီအမည်ကိုတော့ 'အောင်ချမ်းသာကုမ္ပဏီ' ဟု အမည်ပေးထားသည်။

၎င်းတို့ကုမ္ပဏီမှ ဝယ်ယူသောပစ္စည်းများမှာ ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကုန်များသာ အဓိကထား ဝယ်ယူလေသည်။

ပုလဲများ၊ ငှက်သိုက်၊ ငါးကြီးအံဖတ်၊ ငါးစည်ပေါင်း၊ ကျောက်ခက်ကျောက်ပန်း၊ ပုစွန်ခြောက်၊ ငါးခြောက်များကို ဝယ်ယူကာ မြို့ရွာအသီးသီးသို့ ဖြန့်ဖြူးရောင်းချပေးလေသည်။

အထက်မြန်မာပြည်ဟု ခေါ်သော မန္တလေးကဲ့သို့သော နေရာများ၌ လက်ခွဲဆိုင်များ ဖွင့်လှစ်ကာ ရောင်းချလေသည်။

ဦးဝီလျှံသည် တရုတ်သွေး ပါသူပီပီ စီးပွားရေး လာဘ်မြင်သူတစ်ယောက်ဖြစ်ရာ ထိုမျှနှင့် မကျေနပ်နိုင်သေးဘဲ ခေတ်ပျက်ကာလတလျှောက်လုံး မှောင်ခိုလုပ်ငန်းများအား အကြီးအကျယ် လုပ်ကိုင်ခဲ့လေသည်။

နောက်ပိုင်းမှာတော့ ကုမ္ပဏီလုပ်ငန်းကို တူတော်သူတစ်ယောက်နှင့် လွှဲထားပြီး အရေးကြီးသောလုပ်ငန်းများ ရှိပါက သူကိုယ်တိုင် ပင်လယ်လိုက်ကာ ဆောင်ရွက်လေ့ရှိသည်။

ယိုးဒယားဘက်မှ ကူးလာသော မှောင်ခိုစက်လှေများ၊ အင်ဒိုနီးရှား၊ မလေးရှား စသောနေရာများမှ လာသော မှောင်ခိုကုန်သည်များနှင့် တွေ့ရမည့်အခါမျိုးတွင် ဦးဝီလျှံကိုယ်တိုင် လိုက်ပါလေ့ရှိသည်။

ထိုခရီးစဉ်မျိုးမှာ လက်ထောက်များနှင့် စိတ်ချထား၍ မရပေ။

တစ်ဖက်နိုင်ငံမှ လာသော မှောင်ခိုကုန်သည်များက





လည်း သာမန်များ မဟုတ်ကြပေ။

အဆင်မသင့်ပါက ငွေရော၊ ပစ္စည်းများပါ အစပျောက်နိုင်သူများချည်း ဖြစ်ရာ ထိုကဲ့သို့ အရေးကြီးသော အရောင်းအဝယ် ပြုလုပ်ရမည့်ကိစ္စများ ရှိပါက ဦးဝီလျှံကိုယ်တိုင် ပင်လယ်သို့ လိုက်ကာ အရောင်းအဝယ် ပြုလုပ်ကြလေသည်။

အရောင်းအဝယ်ကတော့ ပါသွားသောပစ္စည်းများကို ဈေးဖြတ်၍ ရောင်းတန်ရောင်း၊ ဒါမှမဟုတ် တစ်ဖက်နိုင်ငံထွက်ပစ္စည်းများနှင့် လဲယူခြင်းဖြစ်သည်။

ယခုတစ်ခေါက်မှာ ပစ္စည်းများလှပြီး အရေးကြီးသောကြောင့် ကိုယ်တိုင်လိုက်ခဲ့ရာ အပြန်၌ ယခုကဲ့သို့ မမျှော်လင့်ဘဲ မုန်တိုင်းနှင့် တိုးပြီး ကျွန်းတစ်ကျွန်းသို့ ရောက်ခဲ့ရခြင်းဖြစ်ပေသည်။

ပင်လယ်ပျော်ဝပုလွေ ကတ္တူစက်လှေပေါ်မှာ သင်္ဘောသားများ (၁၀)ယောက်ခန့် ပါလာလေသည်။

ထိုအထဲတွင် ဦးဝီလျှံ၏အားကိုးယုံကြည်ရသော လက်ထောက်နှစ်ယောက်လည်း ပါသည်။

တစ်ယောက်က ကိုဒီပဆိုသူဖြစ်ပြီး ကျန်တစ်ယောက်က ဦးဝီလျှံ၏တူတော်သူ ရွှေလင်းဆိုသူ ဖြစ်သည်။ ကိုဒီပက အသက်လေးဆယ်နီးပါးအရွယ်ရှိပြီး ရွှေလင်းကတော့ (၃၅)နှစ်ခန့်သာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဝီလျံ၌ တူဝမ်းကွဲတော်သူနှစ်ယောက်ရှိပြီး တစ်ယောက်က ရွှေလင်းဖြစ်ပြီး ကျန်တစ်ယောက်က ရွှေမင်းဖြစ်သည်။

ရွှေလင်းက ပင်လယ်ပျော်ဝံပုလွေစက်လှေကို တာဝန်ယူ လုပ်ကိုင်ပြီး ရွှေမင်းက အောင်ချမ်းသာကုမ္ပဏီကို အုပ်ချုပ်စီမံလေသည်။

တကယ်တော့ ဦးဝီလျံမှာ စီးပွားရေးလာဘ်မြင်သူပီပီ စီးပွားအရှာကောင်းသောကြောင့် ရွှေငွေအမြောက်အများ ပိုင်ဆိုင်သူလည်းဖြစ်သည်။

ထို့ပြင် ပင်လယ်ပြင်သို့ သွားလာရင်းနှင့် အရည်အသွေးကောင်းသောပုလဲများ ရလျှင် စုဆောင်းသိမ်းဆည်းထားလေ့ရှိသည်။

၎င်းထံ၌ သိန်းပေါင်းများစွာ တန်ဖိုးရှိသည့် ပုလဲများရှိပေသည်။

သူ၏ရည်ရွယ်ချက်မှာ အချိန်တန်၍ တရုတ်ပြည်သို့ ပြန်သွားသောအခါ ထိုပစ္စည်းများကိုပါ တစ်ပါတည်း ယူဆောင်သွားပြီး မိမိတိုင်းပြည် ပြန်ရောက်တော့မှ အေးအေးဆေးဆေး ထုခွဲရောင်းချရန် ရည်ရွယ်ချက်ပင်ဖြစ်သည်။

ဦးဝီလျံ ပိုင်ဆိုင်သော ပုလဲများ၊ ရွှေငွေရတနာများမှာ မည်ရွေ့မည်မျှ ရှိသည်ကို မည်သူမျှ မသိရဘဲ ထိုပစ္စည်းများကို





မည်သည့်နေရာ၌ သိုဝှက်ထားသည်ကိုလည်း မည်သူမှ မသိကြရပေ။

ဦးဝီလျံမှာ မြန်မာနိုင်ငံတွင် ဆွေမျိုးသားချင်း များများစားစား မရှိဘဲ တူဝမ်းကွဲတော်သူ ရွှေလင်းနှင့်ရွှေမင်းတို့အပြင် သမီးတစ်ယောက်လည်း ရှိပေသေးသည်။

သို့သော်လည်း မည်သူဖြစ်သည်။ မည်သည့်နေရာမှာ ထားသည်ကိုတော့ အပြင်လူများ သိပ်မသိကြဘဲ အတွင်းလူ အနည်းငယ်သာ သိထားကြလေသည်။

ယခုတစ်ခေါက်မှာ အရောင်းအဝယ် ပြုလုပ်ခဲ့ရာကာလ တလျှောက်တွင် ကုန်ပစ္စည်းအများဆုံးနှင့် ငွေကြေးပမာဏ အများဆုံးအခေါက်ဖြစ်သောကြောင့် ယခုတစ်ခေါက် ပြီးပါက ပင်လယ်ထွက်ခြင်းအလုပ်မှ နားရန်ပင် စိတ်ကူးထားရာ ယခုအခေါက်မှ မမျှော်လင့်ဘဲ ဘေးအန္တရာယ်ဆိုးများနှင့် တွေ့ကြုံကြရခြင်းဖြစ်တော့သည်။

"ဆရာကြီး. . . ကျွန်းကတော့ အတော်ကြီးတယ်၊ ဘယ်နေရာမှာ ရှိတဲ့ကျွန်း ဖြစ်မလဲ မသိဘူးနော်"

ကိုဒီပက အမှောင်ရိပ်သမ်းနေပြီဖြစ်သော ပတ်ဝန်းကျင် အခြေအနေကို ကြည့်ရင်း ပြောလိုက်သည်။

လေပြင်းများနှင့် မိုးသက်မုန်တိုင်းများက အရှိန်မသေသေးသော်လည်း ကျွန်း၏အခြေအနေကိုတော့ တစွန်းတစ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်နေရသည်။

စက်လှေအတွင်းမှာ လက်ဆွဲမီးအိမ်တစ်လုံး ထွန်းထားသောကြောင့် အလင်းရောင် ရနေသည်။

အစားအသောက် စီမံနေသော သင်္ဘောသားအချို့မှလွဲပြီး ကျန်သင်္ဘောသားများမှာ သင်္ဘော၏အလယ်ခန်းအတွင်းသို့ စုဝေးရောက်နေကြသည်။

ထိုအခန်းထဲမှာ ဦးဝီလျံလည်း ရှိနေသည်။

"ပင်လယ်ထဲမှာ ရှိတဲ့ကျွန်းတစ်ကျွန်းဖြစ်မှာပေါ့။ ဘယ်နေရာရောက်ရောက် စိတ်ပူစရာ မရှိတော့ဘူးလေ၊ မနက်လင်းလို့ လေမိုးငြိမ်သွားရင် စက်သုံးလို့မရတော့လည်း ရွက်ဖွင့်ပြီးသွားကြတာပေါ့"

ဟု ဦးဝီလျံက ကျောက်ဆူးတံဆိပ် ဆေးပြင်းလိပ်ကြီးကို အရသာခံ၍ ဖွာနေရင်း အေးအေးဆေးဆေး အမူအယာနှင့် ပြောလိုက်သည်။

အပြင်ဘက်မှာ တဖြည်းဖြည်းနှင့် အမှောင်ရိပ်များ သမ်းလာသောကြောင့် ကျွန်း၏ပုံသဏ္ဌာန်မှာလည်း ဝေဝါးလေတော့သည်။

ထိုအချိန်မှာပင် ကျွန်းပေါ် နေရာအနှံ့အပြားဆီမှ ခွေးအူသံလိုလိုအသံများ ပေါ်ထွက်လာလေသည်။

"အူး . . . ဝူး . . . ဝူ"





"အူး . . . ဝူး . . . ဝူ"

ထိုအသံများကြောင့် စက်လှေပေါ်မှာ ရှိနေကြသောသူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

"ဘာသံတွေလဲ"

"ခွေးအူသံတွေ မဟုတ်ဘူးလား"

"ခွေးအူသံနဲ့တော့ တူသလိုပဲ၊ ဒါပေမယ့် မဟုတ်ဘူးထင်တယ်၊ သေသေချာချာ နားထောင်ကြည့်ကြစမ်း"

ကျွန်းပေါ်မှ အူသံများက တဖြည်းဖြည်း နီးလာသလိုပို၍ကျယ်လောင်လာသည်။

ဦးဝီလျံပြောသကဲ့သို့ပင် အသံက ခွေးအူသံနှင့် တူသလိုရှိသော်လည်း သေသေချာချာ နားထောင်ကြည့်သောအခါမှ လူများ တစ်ဦးနှင့်တစ်ဦး အချက်ပေးနေသည့်အသံမျိုးနှင့် တူကြောင်း သတိပြုမိကြသည်။

"ခွေးအူသံဆိုပေမယ့် လူသံတွေနဲ့ မတူဘူးလား"

"တူတော့ တူတယ်၊ ဒါပေမယ့် ဒီကျွန်းပေါ်မှာ လူရှိပါ့မလား"

"သာမန်လူတွေတော့ ရှိချင်မှရှိမယ်၊ ဒါပေမယ့် ပင်လယ်ထဲမှာပဲ နေတဲ့ ဆလုံတွေ စမင်တွေလည်း ဖြစ်နိုင်တာပဲ"

သူတို့သည် ပင်လယ်ခရီးသွားနေကြသူများ ဖြစ်သောကြောင့် စမင်များနှင့် ရင်ဆိုင်မတွေ့ဖူးသေးသော်လည်း ထို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကို ကြားဖူးနား၀ ရှိထားကြသည်။

"အူ. . . ဝူ. . . ဝူ"

"အူ. . . ဝူ. . . ဝူ"

အူသံများက စက်လှေကျောက်ချထားသောနေရာနှင့် နီးသည့် ကမ်းစပ်အထိ ရောက်လာကြသည်။

ထိုအချိန်မှာ မိုးလေက အနည်းငယ် အားပျော့သွားပြီ ဖြစ်သောကြောင့် ကမ်းစပ်မှ လှုပ်ရှားမှုများကို ဝိုးတဝါး လှမ်းမြင် ရသည်။

ပြတင်းပေါက်နှင့် အနီးဆုံးနေရာမှာ ရှိနေသော ကိုဒီပ က ကမ်းပေါ်မှ လှုပ်ရှားမှုများကို လှမ်းမြင်ရသောအခါ ပါးစပ် အဟောင်းသားဖြစ်သွားသည်။

မသော်လက်စ စီးကရက်ကို ပစ်ချလိုက်ပြီး အလန့် တကြား ပြောလိုက်သည်။

"လူတွေ မဟုတ်ဘူး၊ ခွေးအတွေလား ဝံပုလွေတွေလား မသိဘူး"

"ဟင်. ."

ထိုစကားကြောင့် ပြတင်းပေါက်များမှ အလုအယက် ထွက်ကြည့်ကြလေသည်။

အလင်းရောင် အနည်းငယ် ရှိနေသေးသော ကမ်းစပ် တဝိုက်မှာတော့ တောခွေးတွေလား ဝံပုလွေတွေလား မသိရ





သော သတ္တဝါများက တစ်နေရာမှတစ်နေရာ ပြေးလွှားလျက် ရှိနေကြသည်။

စုစုပေါင်း အကောင်(၂၀)ခန့် ရှိပေလိမ့်မည်။

ထိုသတ္တဝါများမှာ ရေထဲမှ ကူး၍ စက်လှေရှိရာသို့ လာ ရန် ပြေးလွှားနေကြဟန်ရှိလေသည်။

သို့ကြောင့် စက်လှေပေါ်မှာ ရှိနေသူများက သေနတ် များ ယူ၍ ကမ်းစပ်တွင် လှမ်းမြင်နေရသော သတ္တဝါများ ရှိရာသို့ လှမ်းပစ်ကြလေသည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

"အူ. . ဝူ. . ဝူ"

သေနတ်သံနှင့်အူသံများမှာ ရောထွေးသွားတော့သည်။ ထိုအခိုက်မှာပင် မမျှော်လင့်သောအဖြစ်အပျက်များက ပေါ် ပေါက်လာလေတော့သည်။

စက်လှေပေါ်မှ သေနတ်များဖြင့် သဲကြီးမဲကြီး လှမ်းပစ် နေစဉ်မှာ စက်လှေတစ်ခုလုံး သိမ့်သိမ့်တုန်သွားသောကြောင့် အလန့်တကြားဖြင့် ကြည့်လိုက်ရာ စက်လှေပေါ်မှာ ရေဘီလူးဟု ခေါ်သည့် စမင်များ တက်ရောက်လာပြီးနောက် စက်လှေပေါ်ရှိ လူများကို ဝင်ရောက်တိုက်ခိုက်ကြလေသည်။

၎င်းတို့မှာ လူများပင်ဖြစ်သော်လည်း အသားအရေက ကတ္တရာစေးတမျှ မည်းနက်နေပြီး ပုံပန်းသဏ္ဌာန်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးသရဲများကဲ့သို့ ကြောက်မက်ဖွယ်ကောင်းလှပေသည်။

ရေနက်ထဲမှာ အချိန်ကြာမြင့်စွာ နေသောကြောင့် မျက်လုံးများက အဖြူရောင် မရှိတော့ဘဲ နီရဲလျက်ရှိနေပြီး နှာခေါင်းမှာ ပွယောင်းယောင်းဖြစ်နေသည်။

အဆိုးဆုံးကတော့ ပါးစပ်တွင်းမှ သွားများပင်ဖြစ်၏။ ကျိုးတို့ကျဲတဲ ရှိလှသောသွားများက ချွန်ထက်နေရုံမက အပြင်ဘက်သို့ ခေါထွက်နေသည်။

အားလုံးမှာ ပိန်ပိန်ရှည်ရှည်များဖြစ်ကြသည်။

လူကို ဝင်ရောက်တိုက်ခိုက်ရာမှာ ဝံပုလွေများကဲ့သို့ လွှားကနဲ ခုန်ဝင်လာပြီး ပါလာသောလက်နက်များဖြင့် တိုက်ခိုက်ကြခြင်းဖြစ်၏။

အဆိုးဆုံးကတော့ လိပ်ကျောက်ဆူးကဲ့သို့ အဆိပ်ပြင်းထန်လှသည့် ဆူးချွန်များ တပ်ဆင်ထားသော မှိန်းနှင့် တူလှသည့် လက်နက်များပင်ဖြစ်၏။

၎င်းတို့သည် လူကို ဝင်ရောက်တိုက်ခိုက်သည့်အခါ ဝံပုလွေတစ်ကောင်ကဲ့သို့ မာန်ဖီသံ၊ အံကြိတ်သံများသာ ကြားရပြီး အခြားအသံမထွက်ပေ။

လူကောင်များက အရိုးအဆစ် သန်မာသလောက် လှုပ်ရှားမှုကလည်း လျင်မြန်လှပေရာ သင်္ဘောသားအချို့မှာ ၎င်းတို့လက်ချက်ကြောင့် သေဆုံးသွားကြလေသည်။





အချို့လည်း သွေးရူးသွေးတန်းဖြင့် ရေထဲသို့ ခုန်ဆင်းသွားကြသည်။

ဦးဝီလျံတို့တတွေမှာလည်း အသက်ဘေးအန္တရာယ်ကြောင့် သေနတ်များဖြင့် ပစ်ခတ်ကာ အစွမ်းကုန် ခုခံကြရလေသည်။

သေနတ်ထိမှန်သောကြောင့် စမင်အချို့ သေဆုံးသွားကြသော်လည်း တစ်ယောက်ပြီးတစ်ယောက်၊ တစ်သုတ်ပြီး တစ်သုတ် စက်လှေပေါ် တက်လာပြီး တိုက်ခိုက်ကြရာ နောက်ဆုံးမှာတော့ အသက်မသေဘဲ ကျန်ခဲ့သူများမှာ စမင်များ၏ဖမ်းဆီးခြင်းကို ခံကြရလေတော့သည်။

ဦးဝီလျံတို့စိတ်ထဲမှာ ယခုကဲ့သို့ စမင်များ လာရောက်တိုက်ခိုက်ခြင်းမှာ မမျှော်လင့်သောဖြစ်ရပ်တစ်ခု ထင်ကြသော်လည်း. . .

တကယ်တော့ ၎င်းတို့စက်လှေ လေဆန်ရေဆန် ရွေ့လျားပြီး ထိုကျွန်းသို့ ရောက်ခဲ့ရပုံမှာ ရေအောက်မှ ရေဘီလူးများ ဆွဲယူသွားခြင်းကြောင့်ဖြစ်သည်ကိုတော့ သူတို့ မသိကြရှာပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

# ဦးဝီလျံနှင့် လျှို့ဝှက်မှုဟာမင်း

ရေဘီလူးဟု ခေါ်သည့် စမင်များက ဦးဝီလျံတို့တတွေအား ၎င်းတို့နေထိုင်ရာနေရာသို့ ခေါ်သွားကြလေသည်။

ဦးဝီလျံအပါအဝင် စုစုပေါင်း(၅)ယောက်သာ ကျန်တော့သည်။ ကျန်သင်္ဘောသားများမှာ စမင်များလက်ချက်ကြောင့် သေဆုံးသွားကြဟန်ရှိလေသည်။

အချို့လည်း ပင်လယ်ထဲသို့ ခုန်ဆင်းသွားကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်လျက်နှင့် ကျန်ခဲ့သူများမှာ ဦးဝိလျံ၊ ကိုဒီပ၊ ရွှေလင်းနှင့် တင်မောင်၊ ကျင်ဟန်ဆိုသော သင်္ဘောသားနှစ်ယောက်တို့ပင်ဖြစ်ပေသည်။

၎င်းတို့ကို ဖမ်းသွားသော စမင်များမှာ လူနှစ်ဆယ်ခန့်ရှိလေသည်။ စမင်များ နေသောနေရာမှာ ပင်လယ်ကမ်းခြေနှင့် မဝေးလှသော တောင်ကုန်းတစ်ခုပေါ်၌ ဖြစ်သည်။

တောင်ကုန်းမှာ ပင်လယ်ဘက်သို့ မျက်နှာမူလျက်ရှိပြီး ထိုတောင်ကုန်းပေါ်မှ ကြည့်လျှင် ပင်လယ်ပြင်သို့ လှမ်းမြင်နိုင်ပေသည်။

ညအချိန်လည်းဖြစ်၊ မိုးလေများကလည်း အဆက်မပြတ် တိုက်ခတ်နေသောကြောင့် ကျွန်းပေါ်မှာ မှောင်မည်းလျက်ရှိနေသောကြောင့် မည်သည့်အရာကိုမှ သဲသဲကွဲကွဲ မမြင်ကြရပေ။

သူတို့ကို ဖမ်းဆီးခေါ်ဆောင်လာသည့် စမင်များကိုပင် ဝိုးတဝါးသာ မြင်နိုင်ပေသည်။

ထူးဆန်းသောအချက်မှာ သူတို့တတွေ ကျွန်းပေါ်သို့ ရောက်လာကြသော်လည်း စောစောက လှမ်းမြင်ရသော ဝံပုလွေနှင့် တူသောသတ္တဝါများကို တစ်ကောင်မှ မတွေ့ကြရတော့ပေ။

ဦးဝိလျံ သတိထားမိသောအချက်မှာ သင်္ဘောပေါ်မှ သေနတ်ဖြင့် လှမ်းပစ်စဉ်က ထိုသတ္တဝါများ ကျည်ဆန်ထိမှန်ပြီး





လဲကျသွားသည်ကို မြင်ရသော်လည်း ကျွန်းပေါ် ရောက်လာသောအခါ ထိုနေရာ၌ တစ်ကောင်မှ မတွေ့ရတော့ပေ။

စမင်များက သူတို့ငါးယောက်ကို ခေါ်သွားပြီး သစ်လုံးများဖြင့် ကာရံထားသော တဲတစ်လုံးအတွင်းသို့ ထည့်ပြီး တံခါးပိတ်ထားလေသည်။

အပေါ်မှာ သစ်ရွက်များ မိုးထားသော်လည်း မိုးရေစက်များက နေရာအနှံ့မှ ကျနေလေသည်။

သူတို့ငါးယောက်စလုံးမှာလည်း တစ်ကိုယ်လုံး ရွှဲရွှဲစိုကာ ခိုက်ခိုက်တုန်အောင် ချမ်းနေကြသည်။

"ငါတို့ကို ဖမ်းလာတာ ဘယ်သူတွေဖြစ်မလဲ"

"လူရိုင်းတွေ ဖြစ်မှာပေါ့"

"စောစောက လှမ်းမြင်လိုက်ရတဲ့ ဝံပုလွေနဲ့ တူတဲ့ သတ္တဝါတွေကလည်း သူတို့ပဲ ဖြစ်မယ်ထင်တယ်"

"တိရစ္ဆာန်နဲ့လူနဲ့ အတူတူဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ်. . . တောထဲမှာ နေတဲ့လူအတော်များများဟာ လူစင်စစ်ကနေ ကျားဘဝ၊ ကျားသစ်ဘဝ၊ ခြင်္သေ့ဘဝ၊ ဝံပုလွေဘဝ ရောက်အောင် ပြောင်းနိုင်တဲ့နည်းတွေ ရှိတယ်၊ အဲဒီပညာတွေဟာ အာဖရိက တောနက်တွေထဲမှာ နေတဲ့လူရိုင်းတွေ အများဆုံး အသုံးပြုကြတယ်"

"ဖြစ်နိုင်ပါ့မလား ကိုဒီပရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေလင်းက မေးလိုက်သည်။

"ဖြစ်နိုင်ပါတယ်. . . မြန်မာပြည်အထက်ပိုင်း ချင်းတွင်း မြစ်နံဘေးမှာ ရှိတဲ့ ထမံသီဘက်မှာ ရှေးအခါက သမန်းကျားလို့ ခေါ်တဲ့ လူကနေ ကျားအသွင်ပြောင်းပြီး သားကောင်လိုက်တဲ့ ပညာရပ်တွေ ရှိခဲ့ဖူးတယ်"

ကိုဒီပမှာ ရှေးဟောင်းစာပေများနှင့် ထူးဆန်းသော ပညာများကို လေ့လာလိုက်စားသူတစ်ယောက်ဖြစ်ပေရာ ထို အကြောင်းများကို နှံ့စပ်ကျွမ်းကျင်မှု ရှိပေသည်။

"အတော်တော့ ထူးဆန်းတာပဲ၊ ကျွန်တော်တို့တော့ လူ တစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်း သတ္တဝါတွေလက်ထဲမှာ အသတ်ခံရ တော့မယ် ထင်ပါရဲ့"

ရွှေလင်းက စိတ်ပျက်အားလျော့သောလေသံဖြင့် ပြော လိုက်လေသည်။

"မင်းကလည်းကွာ. . . ယောကျ်ားဖြစ်ပြီး ဒီလောက် ကြောက်လန့်မနေပါနဲ့၊ ငါ့စိတ်ကတော့ သေကာမှသေရော၊ ဒီ အန္တရာယ်က လွတ်အောင်ကြိုးစားရမှာပဲ"

ထိုသို့ပြောဆိုနေရင်းမှာပင် တဖြည်းဖြည်းနှင့် အရုဏ် တက်လာပြီးနောက် အလင်းရောင်များ ပေါ်ထွက်စ ပြုလာချေ ပြီ။

နံနက်ပိုင်းအချိန်မှာ တစ်ညလုံး ပြင်းပြင်းထန်ထန် တိုက်





ခတ်နေသော မိုးလေများကလည်း စဲသွားခဲ့ချေပြီ။

မိုးတဖွဲဖွဲ ရွာနေသေးသော်လည်း ပြင်းပြင်းထန်ထန် တော့ မရှိတော့ပေ။

အလင်းရောင် ရလာတော့မှ ဦးဝိလျှံတို့မှာ ပတ်ဝန်း ကျင်ကို ကောင်းစွာလှမ်းမြင်ကြရလေသည်။

သူတို့ရောက်နေသောနေရာမှ လှမ်းကြည့်ပါက သစ်ပင် များအောက်မှာ ထိုးထားသော တဲကလေးများကို လှမ်းမြင်ရ သည်။

တဲများမှာ သစ်ရွက်များဖြင့် မိုးကာထားခြင်းဖြစ်သည်။ ထိုနေရာတဝိုက်မှာလည်း ဆူဆူညံညံ ပြောဆိုလျက် သွားလာနေ ကြသော စမင်များကို လှမ်းမြင်ရသည်။

စမင်များမှာ တစ်ကိုယ်လုံး အဝတ်မဝတ်ဘဲ ခါးမှာသာ အရှက်လုံရုံ နံငယ်ပိုင်းကဲ့သို့ သားရေပြားချပ်ကလေး ကပ်ထား သည်။ ယောကျ်ားရောမိန်းမပါ ထိုအချပ်ကလေးတစ်ချပ်သာ ကပ်ထားပြီး တစ်ကိုယ်လုံး ဘာမှမဝတ်ပေ။

အသားအရေကတော့ ကပ္ပလီဆိုသည့်အတိုင်း တစ် ကိုယ်လုံး မည်းနက်လျက်ရှိပြီး ရုပ်ရည်ကလည်း ဘီလူးတမျှ ကြမ်းတမ်းခက်ထန်လှပေသည်။

စမင်များသည် ယောကျ်ား၊ မိန်းမ၊ ကလေးများပါမကျန် ဆူဆူညံညံဖြင့် ပြောဆိုကာ သွားလာလှုပ်ရှားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏အမူအယာများမှာ တစ်စုံတစ်ခုအတွက် အရေးတကြီးဖြစ်နေကြဟန် ရှိပေသည်။

ဦးဝီလျံတို့ ထားသောတဲအတွင်းမှ လှမ်းကြည့်လိုက်လျှင် အတန်အသင့် ပြောင်ရှင်းနေသောနေရာတွင် ချထားသော အလောင်းများကို လှမ်းမြင်ရသည်။

ထိုအလောင်းများမှာ စမင်များ၏အလောင်း (၅) လောင်း၊ ၎င်းတို့သင်္ဘောသား(၂)ယောက်တို့အလောင်းနှင့် ဝံပုလွေနှင့် တူသော သတ္တဝါများ၏အလောင်းက (၃)လောင်း ဖြစ်သည်။

"ဟိုမှာ ဝံပုလွေတွေ အလောင်းချထားတာ မြင်ရသလား၊ ဒီဝံပုလွေတွေက တခြားမဟုတ်ဘူး၊ ဒီလူရိုင်းတွေက အသွင်ပြောင်းထားတာပဲ၊ သေသွားတဲ့အခါ မူလရုပ်ကို ပြန်မရောက်တော့ဘဲ အသွင်ပြောင်းထားတဲ့ ဝံပုလွေရုပ်အတိုင်းနဲ့ ကျန်နေတော့တာ မထူးဆန်းဘူးလား"

ကိုဒီပက ပြောပြသည်။

"ဟုတ်ပါ့မလား ကိုဒီပ၊ ကျွန်တော့်တစ်သက်တော့ ဒီလောက်ထူးဆန်းတာမျိုး တစ်ခါမှ မမြင်ဖူးသေးဘူး"

"ဒီလို လူသူမနီးတဲ့နေရာတွေမှာ နေကြတဲ့ လူမျိုးစုတွေမှာ ဆန်းကြယ်တဲ့ပညာတွေ တစ်မျိုးမဟုတ်တစ်မျိုး ရှိပါတယ်၊ မြန်မာပြည်မှာတော့ ရှေးတုန်းက လူစင်စစ်ကနေ ကျားအသွင်





ပြောင်းနိုင်တဲ့ သမန်းကျားပညာမျိုးတွေ ရှိခဲ့ဖူးသလို. . .

အာဖရိကတောနက်ထဲမှာ နေတဲ့ လူရိုင်းတွေကတော့ လူကနေ ခြင်္သေ့အသွင်ပြောင်းနိုင်တဲ့ပညာတွေ၊ ဝံပုလွေအသွင်ပြောင်းနိုင်တဲ့ လျှို့ဝှက်ပညာမျိုးတွေ ယခုအချိန်အထိ အသုံးပြုနေသေးတာ ရှိတယ်"

ကိုဒီပက ပြောနေရာ ကျန်လူများက ကြောက်ကြောက်လန့်လန့်နှင့် နားထောင်နေကြလေသည်။

အတန်ကြာသောအခါ စမင်ခေါင်းဆောင်လုပ်သူ ရောက်လာပြီး ဝံပုလွေအသွင်ပြောင်းပြီး သေဆုံးနေသူများကို သယ်ယူသွားရန် အမိန့်ပေးလိုက်ရာ စမင်အချို့က သယ်ယူသွားလေသည်။

နောက်ထပ်တစ်ဖန် သေဆုံးနေသော စမင်အလောင်းများကို သယ်ယူသွားရန် အမိန့်ပေးလိုက်ပြန်ရာ သယ်ယူသွားကြပြန်သည်။

မြေပေါ်မှာတော့ သင်္ဘောသားနှစ်ယောက်၏ အလောင်းနှစ်လောင်းသာ ကျန်ခဲ့တော့သည်။

စမင်ခေါင်းဆောင်က ထိုအလောင်းများအနီးမှာ ရပ်ပြီး တစ်စုံတစ်ခုကို ရွတ်ဆိုနေသည်။

နံဘေးနားမှာ ရပ်နေကြသော စမင်များက ငြိမ်သက်စွာ ရပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ ခေါင်းဆောင်ဖြစ်သူက အသွားထက်သော ဓါးတစ်လက်ကို ကိုင်ကာ လက်နှစ်ဖက်အား အပေါ်သို့ မြှောက်ပြလိုက်ရာ ဝိုင်းကြည့်နေသူများက. . .

"ဟေး. . ."

ကနဲ သံပြိုင်အော်ဟစ်လိုက်ပြီး အလောင်းနှစ်လောင်းကို ပတ်ပြီး ကခုန်နေကြဟန်ရှိသည်။

ဦးဝီလျံတို့မှာ တဲအတွင်းမှနေ၍ စမင်များ ဘာလုပ်မလဲ မသိသောကြောင့် ရင်တမမနှင့် လှမ်းကြည့်နေကြလေသည်။

စမင်များလည်း အလောင်းနှစ်လောင်းကို ပတ်၍ ကခုန်နေကြရာမှ ခဏကြာသောအခါ ရပ်လိုက်ကြသည်။

စမင်ခေါင်းဆောင်က ရှေ့တိုးလာပြီး သေဆုံးနေသူ နှစ်ယောက်တို့၏ဦးခေါင်းကို ဓါးဖြင့် ခုတ်ဖြတ်လိုက်လေသည်။

"ဟာ. . ."

ဦးဝီလျံတို့မှာ ဆက်မကြည့်ဝံ့ကြသဖြင့် မျက်နှာလွှဲလိုက်ကြလေသည်။

ထိုသို့ခုတ်ဖြတ်ပြီးနောက် ဦးခေါင်းပြတ်ကို သစ်သားချွန်ဖြင့် ထိုးပြီး တိုင်စိုက်ထားလိုက်သည်။

ဦးခေါင်းပြတ်နေသည့်ကိုယ်များကိုတော့ စမင်များက တစ်နေရာသို့ သယ်ယူသွားကြလေသည်။

အတန်ကြာတော့မှ ဦးဝီလျံက အသံကတုန်ကယင်နှင့်





ပြောသည်။

"သေပြီးသားလူတွေကို ဦးခေါင်းဖြတ်ပစ်တာ ဘာလုပ်ကြမလို့လဲ မသိဘူး"

"ချက်စားဖို့ ယူသွားကြတာ ဖြစ်မှာပေါ့၊ ရေဘီလူးလို့ ခေါ်တဲ့ စမင်တွေက လူသားစားကြတယ်လေ"

ကိုဒီပက မထူးဆန်းသလို အမူအယာဖြင့် ပြောလိုက်သော်လည်း ကျန်လေးယောက်မှာ မျက်လုံးပြူးသွားကြသည်။

"ကျွန်တော်ပြောတာ မယုံလို့လား၊ ဟိုမှာ လှမ်းကြည့်လိုက်ပါလား၊ သူတို့ သတ်စားတဲ့လူတွေ တိရစ္ဆာန်တွေရဲ့ခေါင်းတွေကို တိုင်တွေနဲ့ စွပ်ပြီး ထောင်ထားတယ်လေ"

စောစောက ဦးခေါင်းပြတ်နှစ်လုံးနှင့် မနီးမဝေးနေရာမှာ အရိုးကျနေသော လူဦးခေါင်း၊ တိရစ္ဆာန်ဦးခေါင်းများအား တိုင်များဖြင့် စွပ်ထောင်ထားသည်ကို လှမ်းမြင်ကြရသည်။

"ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းကြပြီ ထင်ပါရဲ့"

ဟု ဦးဝီလျံက ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

ဒီပကတော့ သေရမည့်အရေးထက် လူမှ ဝံပုလွေ အသွင်ပြောင်းနိုင်သော စမင်များ၏ပညာကို များစွာစိတ်ဝင်စားနေမိသည်။

နောက်ပိုင်းမှာတော့ တဲတစ်လုံးအတွင်းမှာပင် လူစုကွဲသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဝီလျှံနှင့်ရွှေလင်းတို့တူဝရီးနှစ်ယောက်က တစ်နေရာ၊ တင်မောင်နှင့်ကျင်ဟန်တို့ကတစ်နေရာ၊

ဒီပက တစ်ယောက်တည်း သီးသန့်တစ်နေရာမှာ နေကြလေသည်။

ဦးဝီလျှံထံမှာ ကျောပိုးအိတ်တစ်လုံး ပါလာပြီး ထိုအထဲတွင် ခြောက်လုံးပြူး သေနတ်တစ်လက်နှင့် အခြားအသုံးအဆောင်ပစ္စည်းအချို့ ပါလာသည်။

ထိုအထဲတွင် သူအလွန်နှစ်သက်သော ကျောက်ဆူးတံဆိပ် ဆေးပြင်းလိပ်များလည်း ပါလေသည်။

ဒီပကတော့ ၎င်းဝတ်ဆင်ထားသော ကုတ်အင်္ကျီအတွင်း၌ စီးကရက်ဗူး၊ ရွှေရောင်မီးခြစ်နှင့် သကြားလုံးကလေးများသာ ပါသည်။

ကျန်သင်္ဘောသားနှစ်ယောက်တို့မှာတော့ ဘာတစ်ခုမှမပါ။ ထိုနေ့တစ်နေ့လုံး တဲအတွင်းမှာ ချုပ်နှောင်ထားသော်လည်း အစားအသောက်များ လာရောက်ပို့ပေးခြင်း မရှိပေ။

သို့ကြောင့် ဦးဝီလျှံက ၎င်းကျောပိုးအိတ်အတွင်းမှာပါလာသော ဘီစကွတ်မုန့်ထုပ်၊ နို့ဆီဗူးနှင့် ငါးသေတ္တာဗူးတို့ကို ကျန်လူများကို ဝေငှပေးကာ အဆာပြေ စားသောက်ကြရလေသည်။

ညအချိန်ရောက်သောအခါ ဦးဝီလျှံက တူဖြစ်သူ ရွှေ





လင်းကို တိုးတိုးတိတ်တိတ် ပြောပြသည်။

"ရွှေလင်း. . . ငါတို့ ဒီဘီလူးတွေလက်က ပြန်လွတ်ဖို့ဆိုတာ မလွယ်တော့ဘူး ထင်တယ်၊

တကယ်လို့ ဒီတဲအတွင်းက လွတ်အောင် ပြေးနိုင်ရင်လည်း တောထဲမှာ ပြန်မိမှာပဲ၊

သူတို့က ဝံပုလွေတွေလို လိုက်လာရင် ငါတို့ ပြေးလို့လွတ်ကြမှာ မဟုတ်ဘူး"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒါပေမယ့် ဒီအတိုင်းတော့ လည်စင်းပြီး အသေမခံနိုင်ဘူး၊ လွတ်မြောက်အောင် ကြိုးစားရမှာပဲ၊

ဒါပေမယ့် ငါ့မသေခင်မှာတော့ မင်းကို မှာစရာရှိတာ မှာရမှာပဲ"

"ပြောပါ ဦးကြီး"

"ငါ့ဘဝတလျှောက်လုံးမှာ ရှာဖွေစုဆောင်းထားတဲ့ ရွှေငွေရတနာပစ္စည်းတွေကို တစ်နေရာမှာ လျှို့ဝှက်သိမ်းဆည်းထားတယ်"

ထိုစကားကြားသောအခါ ရွှေလင်းပင် အံ့သြသွားလေသည်။

ဦးဝီလျှံမှာ ချမ်းသာသူတစ်ဦးဖြစ်သောကြောင့် ရွှေငွေအမြောက်အများ ရှိသည်ကို သိထားသော်လည်း ထိုကဲ့သို့တစ်



www.burmeseclassic.com

www.burmeseclassic.com



နေရာတည်း လျှို့ဝှက်သိမ်းဆည်းထားလိမ့်မည်ကိုတော့ မသိခဲ့ပေ။

“အဲ့ဒီပစ္စည်းတွေကို ဦးကြီး ဘယ်နေရာမှာ ထားသလဲ”

“အခုတော့ ပြောလို့မရသေးဘူး၊ ရန်ကုန်မြို့တဝိုက်မှာပဲ ငါသိမ်းထားပါတယ်၊ အဲ့ဒီလို သိမ်းထားတဲ့နေရာကိုလည်း မြေပုံဆွဲထားတယ်”

“အဲ့ဒီမြေပုံကရော အခုဘယ်မှာလဲ”

“ငါ့သမီး မြကျင်မွှေးဆီမှာ တစ်ခြမ်းသိမ်းထားတယ်၊ ငါ့ဆီမှာက တစ်ခြမ်းရှိတယ်၊ မင်း ငါ့သမီးရှိတယ်ဆိုတာ သိတယ်မဟုတ်လား”

“သူရှိမှန်းတော့ သိတယ်၊ ဒါပေမယ့် သူ့ကို မမြင်ဖူးသေးဘူး၊ နောက်ပြီး ဘယ်နေရာမှာ နေမှန်းလဲ မသိဘူး”

ရွှေလင်းမှာ ထိုစကားကို အရိုးခံအတိုင်းပင် ပြောလိုက်ခြင်းဖြစ်ပေသည်။

ဦးစီလျှံသည် တရုတ်ပြည်၌ မယားကြီးတစ်ယောက်ရှိသော်လည်း မြန်မာနိုင်ငံသို့ လာရောက်နေထိုင်စဉ် တရုတ်မြန်မာကပြား အမျိုးသမီးတစ်ယောက်ကို ထပ်မံယူခဲ့ရာမှ သမီးတစ်ယောက် ရရှိခဲ့ခြင်းဖြစ်သည်။

ထိုမိန်းကလေး၏အမည်မှာ မြကျင်မွှေးဟု ပေးထားပြီး ယခုအခါ အသက်(၂၀)ကျော်အရွယ်သို့ ရောက်နေချေပြီ။





မြကျင်မွှေး၏မိခင် သေဆုံးသွားပြီးနောက်ပိုင်းမှာ ဦးစီလျှံမှာ သူမကို လူသိမခံစေဘဲ တစ်နေရာ၌ လျှို့ဝှက်စွာ ထားလေသည်။

ဂုဏ်ထံမှာ အလုပ်လုပ်နေသော ဒီပအပါအဝင် တပည့်များဖြစ်ကြသော ရွှေလင်းနှင့်ရွှေမင်းတို့ညီအစ်ကိုတို့ပင် ဦးစီလျှံ၌ သမီးတစ်ယောက် ရှိသည်ဟုသာ သတင်းကြားသော်လည်း တစ်ကြိမ်မှ မမြင်ဖူးကြပေ။

“မြေပုံတစ်ခြမ်းက သူ့ဆီမှာ ဘာကြောင့် ပေးထားတာလဲ”

ရွှေလင်းက လေသံတိုးတိုးနှင့် မေးလိုက်လေသည်။

“ငါက ပင်လယ်ပြင်ကို မကြာခဏ သွားလာနေရတဲ့သူဆိုတော့ အသက်ဘေးနဲ့ နီးတယ်၊ တကယ်လို့ တစ်စုံတစ်ခုဖြစ်သွားရင် သူ့ဆီမှာ မြေပုံတစ်ခြမ်း ရှိနေတော့ ပစ္စည်းရှာနိုင်အောင်လို့ သူ့ကို တစ်ခြမ်းပေးထားခဲ့တာပဲ”

“ဒါနဲ့များ ဦးကြီးရယ်၊ မြေပုံတစ်ခုလုံး ပေးထားခဲ့တော့ ပိုမကောင်းပေဘူးလား”

“ဒီလိုတော့လည်း လုံးလုံးလျားလျား စိတ်ချလို့ ဘယ်ဖြစ်ပါ့မလဲ၊ ငါ့သမီးက အရွယ်ရောက်နေပြီ၊

ချစ်သူတွေဘာတွေနဲ့ တွေ့ပြီး ပါသွားရင် ငါ့ပစ္စည်းတွေ ဆုံးရှုံးသွားမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့မှ ဦးဝိလျံမှာ စီးပွားရေး အကွက်မြင်ရုံသာ မက ရှေ့အမျှော်အမြင်ကြီးသူတစ်ယောက်ဖြစ်ကြောင်း သိရလေတော့သည်။

ထိုအခိုက်မှာပင် သူတို့နှစ်ယောက် စကားပြောနေသောနေရာမှ ခြေသံလိုလို ကြားရသဖြင့် မော့ကြည့်လိုက်ရာ အနားမှာရပ်နေသည့် ဒီပကို တွေ့ကြရသည်။ ဒီပ ဝတ်ဆင်ထားသော အဝတ်အစားများမှာ အကျီအနက်၊ ဘောင်းဘီအနက်ဖြစ်သဖြင့် အမှောင်ရိပ်ထဲမှာ ရုတ်တရက် မမြင်နိုင်ပေ။

"ကျွန်တော့်မှာ စီးကရက် ကုန်သွားလို့ ဆရာကြီးဆီမှာ ဆေးပြင်းလိပ် ကျန်သေးရင် ပေးပါဦး"

ဟု ပြောသဖြင့် ဦးဝိလျံက ထွေထွေထူးထူး ပြန်ပြောမနေတော့ဘဲ ဆေးပြင်းလိပ်သုံးလိပ် ပေးလိုက်တော့မှ ဒီပမှာ သူ့နေရာသို့ ပြန်သွားလေသည်။

ဒီပမှာ သူတို့နှစ်ယောက် စကားပြောနေရာအနီးသို့ ဘယ်အချိန်က ရောက်နေမှန်း မသိရဘဲ ၎င်းတို့ ပြောနေသည့် စကားများကို ကြားသွားလေရော့သလားဟု စိတ်ထဲမှာ စိုးရိမ်သွားမိသည်။





## အခန်း(၄)

# အသက်စွန့်ရသည့် မြေပုံတဝက်

နောက်တစ်နေ့နံနက်ပိုင်းအချိန်မှာတော့ တဲအတွင်းမှာ တင်မောင်နှင့် ကျင်ဟန်တို့နှစ်ယောက်ကို မတွေ့ရတော့ပေ။

ညက ထွက်ပြေးသွားလေသလား။

ဒါမှမဟုတ် စမင်များ ဖမ်းခေါ်သွားလေပြီလား၊

မသိကြရပေ. . . ။

တဲအတွင်းမှာတော့ ဦးဝိလျံ၊ ရွှေလင်းနှင့် ဒီပတို့ သုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်သာ ကျန်ခဲ့တော့သည်။

"ဟိုနှစ်ယောက် ဘယ်ရောက်သွားပြီလဲ"

"ဒီမှာ နေရင်လည်း တစ်နေ့မဟုတ်တစ်နေ့ စမင်တွေ သတ်စားတာ ခံရမယ့်အတူတူတော့ စွန့်စားပြီး ထွက်ပြေးသွားကြတယ်နဲ့ တူတယ်၊

သူတို့ နေတဲ့နေရာမှာ အပေါက်တစ်ခု တွေ့ရတယ်"

ရွှေလင်းစကားကြောင့် ဦးဝီလျံက လှမ်းကြည့်လိုက်ရာ သစ်လုံးများကို ချည်ထားသည့်နွယ်ကြိုးအချို့ ပြတ်ထွက်နေပြီး သစ်လုံးအချို့ ဟနေသည်ကို တွေ့ရသည်။

ဦးဝီလျံက ထိုအခြေအနေကို ကြည့်ပြီး မှတ်ချက်ချလေသည်။

"သူတို့နှစ်ယောက် လုပ်သွားတာ မှန်တယ်၊ လှောင်အိမ်ထဲမှာ လည်စင်းပြီး အသတ်ခံရတာနဲ့စာရင် သေရင်တောင်မှ စွန့်စားတိုက်ခိုက်ရင်းနဲ့ သေရတာက ပိုကောင်းမှာပေါ့"

ထိုသို့ပြောနေစဉ် အပြင်ဘက်မှ ဆူဆူညံညံအသံများ ကြားရသဖြင့် အပေါက်မှ လှမ်းကြည့်လိုက်ရာ စမင်သုံးလေးယောက်က လူတစ်ယောက်ကို ဖမ်းခေါ်လာသည်ကို လှမ်းမြင်ရသည်။

ထိုသူမှာ အခြားမဟုတ်ဘဲ ထွက်ပြေးသွားသော ကျှင်ဟန်ပင်ဖြစ်တော့သည်။





ကျှင်ဟန်တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်များဖြင့် သွေးများ ထွက်နေလေသည်။

"တစ်ယောက်တော့ ပြန်မိလာတယ်၊ ဟိုတစ်ယောက်တော့ ဘယ်ရောက်သွားပြီလဲ မသိဘူး"

"လွတ်သွားလို့ ဖြစ်မှာပေါ့"

"ဒီကျွန်းက ပင်လယ်ထဲမှာ ရှိနေတဲ့ကျွန်းပဲ၊ ဒီကျွန်းပေါ်ကလွဲပြီး တခြားနေရာ ပြေးစရာမှ မရှိတော့ တစ်နေ့မဟုတ်တစ်နေ့ စမင်တွေက ပြန်မိသွားမှာပါပဲ"

ရွှေလင်းက စိတ်ပျက်အားလျော့သောလေသံမျိုးဖြင့် ပြောလိုက်ရာ ဦးဝီလျံက သဘောမကျပေ။

"ဒီလိုတွေးလို့တော့ ဘယ်ရမလဲ၊ သူ့ရဲ့ကြိုးစားမှုနဲ့ ကံကောင်းရင် ဒီကျွန်းက လွတ်ချင်လွတ်နိုင်မှာပေါ့"

"ဘယ်နည်းနဲ့ လွတ်မှာလဲ"

"စမင်တွေက ငါတို့ကို ဖမ်းလာခဲ့တာ၊ ငါတို့ စီးလာခဲ့တဲ့ ကတ္တူစက်လှေကို ဒီအတိုင်း ထားခဲ့တာ မင်းမေ့နေပြီလား ရွှေလင်း"

"ဒါပေမယ့် ပန်ကာမှ မရှိတော့တာ၊ ဘယ်လိုသွားလို့ ရမလဲ"

"မင်းဟာ လူငယ်တစ်ယောက် ဖြစ်ပြီး အတော့်ကို အတွေးအခေါ် ညံ့ဖျင်းပေတာကိုး၊ စက်မရှိတော့ ရွက်နဲ့ သွားလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူးလား၊ ရွက်နဲ့ သွားမရတော့ တက်ကို အသုံးပြုပြီး သွားရမှာပေါ့။

ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ရန်သူလက်က လွတ်ဖို့ကသာ အရေးကြီးဆုံး မဟုတ်ဘူးလား"

ဟု မျက်နှာထားတင်းတင်းဖြင့် ပြောလိုက်ရာ ရွှေလင်းလည်း ဘာမှပြန်မပြောတော့ပေ။

အတန်ကြာသောအခါ ဖမ်းဆီးမိလာသော ကျင်ဟန်ကို စမင်များက ခေါင်းဖြတ်ကာ သတ်ဖြတ်လိုက်ကြလေသည်။

ထိုနေ့က တဲအတွင်းမှာ ကျန်နေခဲ့သော လူသုံးဦးတို့မှာ တထိတ်ထိတ် တလန့်လန့်နှင့် နေကြရခြင်းဖြစ်သည်။

နောက်ဆုံး တဲအပြင်ဘက်မှ ခြေသံလိုလို ကြားသည်နှင့် အသက်ရှူမှားမတတ်ဖြစ်ကြရသည်။

တဲအတွင်းမှာတော့ ဦးဝိလျှံတို့နှစ်ယောက်က တစ်နေရာမှာ နေပြီး ဒီပကတော့ တဲထောင့်တစ်နေရာမှာ ငြိမ်သက်စွာ ရှိနေလေသည်။

သူ့ကြည့်ရသည်မှာ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးနေဟန်၊ ဒါမှမဟုတ် ကြံစည်နေဟန် ရှိလေသည်။

ဦးဝိလျှံတို့ကလည်း ကိုယ့်အကြံအစည်နှင့်ကိုယ် ရှိနေကြသည်မို့ သူ့ကို ဂရုမစိုက်နိုင်ကြတော့ပေ။

ညဉ့်ဦးပိုင်းအချိန်ရောက်လာသောအခါ အမှောင်ရိပ်





များ ဖုံးလွှမ်းလာပြီး ကျွန်းပေါ် နေရာအနှံ့အပြားမှ ဝပုလွေအသံများ ကြားနေရသည်။

ဝပုလွေအသွင်ပြောင်းထားသော စမင်များမှာ လွတ်မြောက်သွားသော တင်မောင်နောက်သို့ သဲကြီးမဲကြီး လိုက်ရှာနေကြရော့သလား မပြောတတ်ပေ။

ညဉ့်နက်ပိုင်းအချိန်ကျော်သည်အထိ ဝပုလွေအသံများကို ကြားနေရပြီးမှ တဖြည်းဖြည်း ပျောက်သွားလေတော့သည်။

"ရွှေလင်း. . . ရွှေလင်း"

ဦးဝိလျှံက လေသံတိုးတိုးဖြင့် ခေါ်လိုက်ရာ အိပ်မှုန်စုံမွှား ဖြစ်နေသောရွှေလင်းမှာ ပြန်နိုးလာသည်။

"ရွှေလင်း. ."

"ဟင်. ."

"ထတော့. . . ငါတို့ သွားကြရအောင်"

"ဘယ်. . ဘယ်ကိုသွားရမှာလဲ"

"စက်လှေရှိတဲ့နေရာကို ပြန်ပြေးကြမယ်လေ"

"ဖြစ်. . ဖြစ်ပါ့မလား ဦးကြီး"

"မင်း ကြောက်လို့ နေချင်သပဆိုရင်လည်း ကျန်ခဲ့ပေတော့၊ ငါတော့ သွားတော့မယ်"

"ဒီလိုတော့ မနေဝံ့ပါဘူး၊ သေအတူ ရှင်မကွာပဲ ဦးကြီးနောက်ပဲ လိုက်ခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှစ်ယောက်သား မိမိတို့ပစ္စည်းများကို ယူပြီး အပြင်ဘက်မှ အခြေအနေကို အကဲခတ်ကြည့်သည်။

အမှောင်ရိပ်များ ဖုံးနေသည်မှအပ စမင်များ၏အရိပ် အခြေကို မတွေ့ရပေ။

ထို့ကြောင့် ဟာနေသောနေရာမှ အပြင်သို့ ထွက်ကြလေသည်။ အပြင်ရောက်သည်နှင့် တဲနှင့် ဝေးနိုင်သမျှဝေးအောင် ခြေလှမ်းသွက်သွက်ဖြင့် တောထဲ ရောက်အောင်သွားကြလေသည်။

သူတို့ထွက်ခဲ့ပြီး မကြာခင်မှာပင် တဲဘက်မှ စူးစူးဝါးဝါး အော်သံတစ်ချက် ပေါ်ထွက်လာသည်။

တဲမှာ ကျန်ခဲ့သော ဒီပ၏အော်သံလား ဘာသံလဲတော့ သဲသဲကွဲကွဲ မသိကြရတော့ပေ။

သို့သော်လည်း ထိုအော်သံပေါ်ထွက်လာပြီး မရှေး မနှောင်းမှာပင် စမင်များ၏အော်ဟစ်သံများ ပေါ်လာလေတော့သည်။

ထိုအသံများမှာ သူတို့နောက်သို့ လိုက်လာသောအသံများပင်ဖြစ်ပေသည်။

"သူတို့ လိုက်လာပြီ၊ မြန်နိုင်သမျှမြန်အောင် ပြေးပေတော့"

"စက်လှေက ဘယ်မှာလဲ ဦးကြီး"





"အနောက်ဘက်စူးစူးဘက်မှာ ရှိတယ်၊ အလာတုန်းက ငါ အသေအချာ မှတ်လာခဲ့တယ်၊ ကောင်းကင်က ကြယ်တွေကို ကြည့်ပြီး သွားရင် ရောက်နိုင်တယ်"

မှောင်မည်းနေသော ညအချိန်တွင် အရှေ့အနောက် တောင်မြောက် သိနိုင်ရန် ကောင်းကင်မှ ဂြိုဟ်များ ကြယ်များကို ကြည့်၍ ခန့်မှန်းရသည်များကို ပင်လယ်ထွက်သူတိုင်း သိရှိကြပေသည်။

နှစ်ယောက်သား အသက်ဘေး ဖြစ်သောကြောင့် အလျှင်အမြန် ပြေးသွားကြရာ သစ်ပင်များနှင့် တိုက်မိခြင်း၊ သစ်ကိုင်းများနှင့် ချိတ်မိခြင်း၊

ဆူးများ စူးခြင်း၊ ခလုတ်တိုက် ချော်လဲခြင်းများ ဖြစ်သော်လည်း မရပ်မနားဝံ့ဘဲ လွတ်နိုင်သမျှ လွတ်အောင် ပြေးကြရသည်။

နောက်ပိုင်းမှာတော့ စမင်များ၏အော်ဟစ်သံများ သိပ်မကြားရတော့ဘဲ ဝံပုလွေအူသံများကို ကြားလာရတော့သည်။

"အူ. . . ဝူ. . . ဝူ"

"အူ. . . ဝူ. . . ဝူ"

"ဟော. . သူတို့ ဝံပုလွေအသွင်ပြောင်းပြီး ငါတို့နောက်ကို လိုက်လာကြပြီ၊ မြန်မြန်သာ ပြေးပေတော့ ရွှေလင်းရေ"

ထိုသို့ပြောကြရင်းမှာပင် အချိန်အတော်ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကမ်းခြေဘက်မှ ပင်လယ်လှိုင်းပုတ်သံများကို စတင်ကြားလာကြရသည်။

"ဟော. . . လှိုင်းပုတ်သံတွေ ကြားလာရပြီ၊ ဒါဆိုရင် ငါတို့ ပင်လယ်ကမ်းခြေနဲ့ နီးလာပြီကွ၊ မြန်မြန်လေး ပြေးလိုက်ရအောင်"

ဟု ပြောကာ ဆက်ပြေးကြပြန်သည်။

ဦးဇီလှံ့ထံမှာ လက်နှိပ်မီးတစ်လက်နှင့် သေနတ်တစ်လက် ပါလာရာ လက်နှိပ်မီးကို သူယူထားပြီး ခြောက်လုံးပြူး သေနတ်ကိုတော့ ရွှေလင်းကို ပေးထားသည်။

"အကြောင်းရှိရင် လက်မနှေးစေနဲ့နော် ရွှေလင်း"

"စိတ်ချပါ"

ဦးဇီလှံ့က လက်နှိပ်မီးရောင်ကို အသုံးပြုပြီး ရှေ့မှ သွားရာ တဖြည်းဖြည်းနှင့် လှိုင်းပုတ်သံများကို ပိုမိုကြားလာရသလို နောက်မှ လိုက်လာသော ဝံပုလွေအူသံများမှာလည်း ပိုမိုနီးကပ်လာလေတော့သည်။

ထိုသို့ပြေးရင်းမှပင် တောင်ကုန်းတစ်ခုပေါ်သို့ ရောက်လာပြီး တောအုပ်မှ ထွက်လိုက်သည်နှင့် ပင်လယ်ပြင်ကြီးကို လှမ်းမြင်ကြရတော့သည်။

"ရှေ့မှာ ပင်လယ်ပြင်ကြီးကို လှမ်းမြင်နေရပြီ၊ ငါတို့နှစ်ယောက် လွတ်မြောက်ဖို့ မဝေးတော့ဘူး"





ဦးဇီလှံ့က ထိုသို့ပြောလိုက်သော်လည်း အခြေအနေကတော့ သူထင်သလို ဖြစ်မလာတော့ပေ။

ရှေ့မှ လွှားကနဲ ခုန်ဝင်လာသော ဝံပုလွေတစ်ကောင်က ဦးဇီလှံ့ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ပြီး တရကြမ်း ကိုက်လေတော့သည်။

"ရွှေလင်း. . . သေနတ်နဲ့ ပစ်ပါဟ"

ရွှေလင်းမှာ ပထမတော့ ကြောက်ရွံ့ထိတ်လန့်သွားသောကြောင့် ကြောင်သွားရာ ဦးဇီလှံ့ အော်သံကြားတော့မှ ဦးဇီလှံ့ကိုယ်ပေါ်မှ ဝံပုလွေကို သေနတ်ဖြင့် ပစ်လိုက်သည်။

"ဒိုင်း. . . ဒိုင်း"

သေနတ်ကျည်ဆန် အနီးကပ် ထိမှန်သွားသော ဝံပုလွေမှာ လူ့ပ်ရှားမှု ရပ်တန့်သွားသော်လည်း ဦးဇီလှံ့လည်ပင်းကို ခဲထားခြင်းကိုတော့ မလွှတ်တော့ပေ။

ထိုအခိုက်မှာပင် နောက်ထပ်ဝံပုလွေနှစ်ကောင် ထပ်ရောက်လာသောကြောင့် သေနတ်ဖြင့် ဆက်ပစ်ရပြန်သည်။

"ဒိုင်း. . . ဒိုင်း"

ဝံပုလွေသုံးကောင် သေဆုံးသွားသောအခါ နောက်ထပ် ဝံပုလွေများ ရောက်မလာတော့ပေ။

ထိုအခါမှ ဦးဇီလှံ့ကိုယ်ပေါ်မှ ဝံပုလွေကြီးကို ဖယ်ချလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဝီလျှံမှာ လည်ပင်းတဝိုက်မှာ ဝံပုလွေအစွယ်ချက်များ ထိသွားသဖြင့် အသက်ထွက်လုနေပြီ။

"ဦးကြီး. . ဦးကြီး"

"ရွှေလင်း. . ရွှေလင်း. . ငါမနေရတော့ဘူး၊ ငါ့ခါးကြား ထဲမှာ ရှိတဲ့မြေပုံတစ်ခြမ်းကို ယူပြီးတော့ ငါ့သမီး မြကျင်မွှေးကို တွေ့အောင်ရှာပြီး ရတနာပစ္စည်းတွေကို ရှာဖွေကြပေတော့"

ဟု ပြောဆိုကာ သေဆုံးသွားလေတော့သည်။

"ဦးကြီး. . . ဦးကြီး"

ဦးဝီလျှံကား မလှုပ်တော့ပေ။

ထိုအချိန်မှာပင် နောက်ဘက်မှ ဝံပုလွေအူသံများကို ကြားလာရသဖြင့် ဦးဝီလျှံ မှာခဲ့သည့်အတိုင်း သူ၏ခါးပတ်ကြား၌ ဝှက်ထားသည့် မြေပုံထည့်ထားသောအိတ်ကို ယူပြီးနောက် ကမ်း ဘက်သို့ ဆက်ပြေးခဲ့လေသည်။

ကမ်းစပ်ရောက်သောအခါ သူတို့စီးလာသော 'ပင် လယ်ပျော် ဝံပုလွေ' ကတ္တူစက်လှေ ရှိရာသို့ ဆိုက်ဆိုက်မြိုက် မြိုက် ပြန်ရောက်သွားပြီး စက်လှေပေါ်မှာလည်း ရေထဲ ခုန်ချ သွားသော သင်္ဘောသားနှစ်ယောက်တို့နှင့် ပြန်တွေ့ကြရသည်။

သူပြန်ရောက်သွားပြီးနောက် အကြောင်းစုံ ပြောပြ လိုက်ပြီး စက်လှေကျောက်ဆူးကို ပြန်ဆွဲတင်ကြလေသည်။

ပြီးသည်နှင့် ရွက်တင်ကာကျွန်းနှင့် ဝေးနိုင်သမျှ ဝေး





အောင် ခရီးနှင်ခဲ့ကြလေသည်။

ဤနည်းနှင့်ပင် ရွှေလင်းတစ်ယောက် ကံအားလျော်စွာ အသက်ဘေးမှ လွတ်မြောက်ခဲ့ရပေပြီ။

ထိုအဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီး နောက်ထပ်(၅)နှစ် ခန့်အကြာ (၁၉၅၅)ခုနှစ်ဝန်းကျင်သို့ ရောက်လာသောအခါ အောက်ပါဇာတ်လမ်းအဖြစ်အပျက်များ စတင်ဖြစ်ပွားခဲ့လေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

## ပပျောငြူဆန်သော မိန်းကလေး

ရန်ကုန်မြို့တော်ကြီးကို ယခုကဲ့သို့ စည်ကားသော လမ်းမကြီးများဖြင့် အကွက်ကျ လှပအောင် မြို့ကွက်ရိုက်ပေးခဲ့သူမှာ လက်ဖတင်နင် အေဖရေဇာ(Fraser) ဆိုသူဖြစ်သည်။

သူသည် ရန်ကုန်မြို့ကွက်ကို ရေးဆွဲရာတွင် ဝါရှင်တန်မြို့ကွက် ရေးဆွဲခဲ့သည့်အတိုင်း တစ်ပုံစံတည်းဖြစ်အောင် ရေးဆွဲပေးခဲ့ခြင်းဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ဝါရှင်တန်မြို့ကွက်နှင့် တူအောင် ရေးဆွဲခဲ့သောကြောင့် လမ်းဆုံလမ်းမနေရာများတွင် အဝိုင်းကြီးများ ထည့်သွင်းပြုလုပ်ခဲ့ခြင်းဖြစ်၏။

ထိုသို့အဝိုင်းကြီးများ ထည့်သွင်းပြုလုပ်ခဲ့သော အဓိကရည်ရွယ်ချက်မှာ လမ်းမကြီးများမှ ရန်သူစစ်ကြောင်း ချီတက်လာပါက အဝိုင်းနေရာများမှ တားဆီးတိုက်ခိုက်နိုင်ရန်အတွက်ပင် ဖြစ်ပေသည်။

ရန်ကုန်မြို့၌ ထင်ရှားသောအဝိုင်းကြီးများမှာ ဆူးလေအဝိုင်း၊ ဟံသာဝတီအဝိုင်း၊ ဗဟန်းအဝိုင်း၊ ဦးဝိစာရအဝိုင်းနှင့် တာမွေအဝိုင်းတို့ဖြစ်ကြပေသည်။

(တာမွေအဝိုင်းမှာ ယခု မရှိတော့ပြီ)

ရန်ကုန်မြို့ကွက်ကို ရေးဆွဲသောအခါ လေးထောင့်ပုံသဏ္ဌာန် လမ်းမကြီးများဖြင့် ယှက်သွယ်ပြုလုပ်ထားခဲ့ခြင်းဖြစ်သည်။

လက်ဖတင်နင် အေဖရေဇာ ရေးဆွဲသောလမ်းမကြီးများထဲတွင် အချက်အချာကျသော လမ်းမကြီး(၅)လမ်း ပါဝင်ခဲ့ပေသည်။

ထိုလမ်းမကြီးများမှာ. . .

(၁) ကမ်းနားလမ်းမကြီး (Starand)

(၂) ကုန်သည်လမ်းမကြီး (Merchant)





(၃) မဟာဗန္ဓုလလမ်းမကြီး (Dalhousie)

(၄) အနော်ရထာလမ်းကြီး (Fraser)

(၅) ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး

စသည်တို့ ဖြစ်ကြလေသည်။

ထိုလမ်းမကြီးငါးသွယ်မှာ ရှေးအခါကတည်းက ရန်ကုန်မြို့လယ်၌ အချက်အချာကျသောလမ်းများဖြစ်ခဲ့ကြသလို ယခုအချိန်အထိလည်း အဓိက အချက်အချာကျပြီး စည်ကားသောနေရာများ၊ လမ်းမကြီးများဖြစ်ခဲ့ကြသည်။

ရှေးအခါကပင် ဈေးများ တည်ဆောက်ရာမှာလည်း ထိုလမ်းမကြီးငါးခုကိုပင် အမှီပြုပြီး တည်ဆောက်ခဲ့ကြခြင်းဖြစ်၏။

ကမ်းနားလမ်းမပေါ်မှာ ညောင်ပင်လေးဈေး၊ မော်တင်ဈေး၊ ကီလီဈေး၊

ကုန်သည်လမ်းမကြီးပေါ်မှာ သံဈေး၊ သိမ်ကြီးဈေး၊

မဟာဗန္ဓုလလမ်းမပေါ်မှာ သိမ်ကြီးဈေး၊

အနော်ရထာလမ်းမပေါ်မှာ သိမ်ကြီးဈေး၊

ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်မှာ ဗိုလ်ချုပ်ဈေးနှင့် လေဟာပြင်ဈေး (ယခုတော့ မရှိတော့ပေ) တို့ ရှိခဲ့ကြသည်။

ထိုလမ်းမကြီးငါးသွယ်တို့တွင် ယခုတိုင် အချက်အချာကျပြီး စည်ကားသောလမ်းမကြီးတစ်ခုကို ပြပါဆိုလျှင် ရှေးက


www.burmeseclassic.com

www.burmeseclassic.com



ဖရေဇာလမ်းဟု ခေါ်ပြီး ယခု အနော်ရထာလမ်းဟု ခေါ်သော လမ်းမကြီးပင်ဖြစ်ပေသည်။

ထိုလမ်းမကြီးကို အင်္ဂလိပ်များ မှည့်ခေါ်ခဲ့သောအမည်မှာ ဖရေဇာဖြစ်ပြီး ထိုသူမှာ ရန်ကုန်မြို့သစ် ပြန်လည်တည်ဆောက်ရာမှာ မြို့ကွက်ရေးဆွဲပေးသော အင်ဂျင်နီယာတစ်ယောက်ပင်ဖြစ်၏။

ရန်ကုန်မြို့တော်ကို ဝါရှင်တန်မြို့တော်ကဲ့သို့ လှပတင့်တယ်သောမြို့သစ်ဖြစ်စေရန် ဖရေဇာ (Lt.A Fraser)ကို တာဝန်ပေးခဲ့သဖြင့် (၁၈၅၃)ခုနှစ်မှာ ရန်ကုန်မြို့သစ် ပြန်လည်တည်ဆောက်ရေးပုံစံ (Reconstruction of Yangon) ကို ရေးဆွဲတင်ပြခဲ့ရာ အင်္ဂလိပ်အာဏာပိုင်များက သဘောကျသောကြောင့် ထိုပုံစံအတိုင်း မြို့ကွက်ကို ပြောင်းလဲစီမံခဲ့ခြင်းဖြစ်သည်။

သို့ကြောင့်လည်း မြို့ကွက်တည်ပြီး၍ လမ်းအမည်များပေးသောအခါ အဓိက ကျသောလမ်းမကြီးအမည်ကို 'ဖရေဇာလမ်း' ဟု ပေးခဲ့ကြခြင်းဖြစ်ပေသည်။

တကယ်တော့ လမ်းမတစ်ခု၌ အမည်ပေးခြင်း ခံရသော်လည်း ဖရေဇာမှာ အင်္ဂလိပ် ဘင်္ဂါလီတပ်မှ အင်ဂျင်နီယာတစ်ယောက်မျှသာဖြစ်ပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းမှာ ပထမ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနုရုဒ္ဓ





ဘုရင်မင်းမြတ် အနော်ရထာ၏အမည်ဖြင့် ပြောင်းလဲမှည့်ခေါ်ခဲ့ရာမှ ယခုတိုင် အနော်ရထာလမ်းဟု အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။

တကယ်တော့ 'ဖရေဇာ' ဟူသောအမည်ထက် 'အနော်ရထာ' ဟူသောအမည်က ပိုမိုလိုက်ဖက်လှပေသည်။

(၁၉၅၅)ခုနှစ်ဝန်းကျင် လွတ်လပ်ရေးရပြီးကာလ နောက်ပိုင်းတွင် ဖရေဇာ(အနော်ရထာလမ်း)လမ်းတလျှောက်မှာ များစွာ စည်ကားခဲ့ပေသည်။

ညနေစောင်းအချိန် ရောက်သည်နှင့် ထိုလမ်းမ တလျှောက် ဘေးတစ်ဖက်တစ်ချက်နေရာများမှာ ညဈေးတန်းများ ရောင်းချကြလေသည်။

ထိုအချိန်မှာ အစည်ကားဆုံးအချိန်လည်းဖြစ်ပေသည်။ ညနေ(၅)နာရီကျော်သည်နှင့် ဈေးသည်များ ရောက်လာပြီး ကုန်ပစ္စည်းမျိုးစုံတို့ လာရောက်ရောင်းချကြရာ လူသွားလူလာ များစွာ ရှုပ်ထွေးလှပေသည်။

လမ်းမဘေးတစ်ဖက်တစ်ချက်၌ ဈေးဆိုင်များ တည်ခင်း ရောင်းချကြရာ မြောက်ဘက်အခြမ်းထက် တောင်ဘက်အခြမ်းက ပိုမိုစည်ကားလှပေသည်။

ထိုဈေးတန်းတလျှောက်၌ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများမှာ အများအားဖြင့် ကုလားလူမျိုးများသာ များပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကုလားလူမျိုးဟု ဆိုရာ၌ ကုလားလူမျိုးမျိုးစုံတို့ ပါဝင်လေသည်။

သို့ကြောင့် ထိုဈေးတန်းကိုလည်း 'ဘင်္ဂလားဈေးတန်း' ဟုပင် အလွယ်တကူ ခေါ်ဝေါ်ကြသည်။

ထိုနေရာတစ်ဝိုက်ရှိ လမ်းဘေးဝဲယာတလျှောက်ရှိ ဆောက်လုပ်ထားသည့် တိုက်ခန်းအတော်များများ ရှိပေရာ အခန်းတစ်ရာလျှင် ကုလားလူမျိုးများက ကိုးဆယ်ခန့် နေကြပြီး ကျန်သည့်ဆယ်ခန်းမျှလောက်သာ မြန်မာများ နေကြလေသည်။

သို့ကြောင့်လည်း ထိုနေရာတဝိုက်ကို ကုလားတန်း၊ ကုလားရပ်ကွက်ဟု ခေါ်ကြလေသည်။

ယခု ရွှေဘုံသာလမ်းမှာ ယခင်အမည်က မင်္ဂိုလမ်း ဖြစ်သော်လည်း မူလအမည်မှာ 'ကုလားတန်းလမ်း' ပင် ဖြစ်ပေသည်။

ဖရေဇာလမ်း၏ညဈေးတန်းအချိန်သည် လူများ တိုးမပေါက်အောင် စည်ကားလှပေရာ ဈေးရောင်းဈေးဝယ်သူများအပြင် မကောင်းမှုဖြင့် အသက်မွေးသူများလည်း ကျက်စားရာအရပ်ဖြစ်ပေသည်။

လူဆိုး၊ သူခိုးများ၊ ခါးပိုက်နှိုက်များ၊ ပြည့်တန်ဆာများတို့ ကျင်လည်ကျက်စားကြသောအချိန်လည်းဖြစ်ပေသည်။





ထိုအချိန်တွင် ညဈေးတန်းအတွင်းသို့ မပြေးရုံတမယ် ခြေလှမ်းခပ်သွက်သွက်ဖြင့် မိန်းမပျိုတစ်ယောက် ဝင်လာလေသည်။

ထိုမိန်းမပျိုမှာ အသက်နှစ်ဆယ်ကျော်ဝန်းကျင်ရှိပြီး လှပချောမောသည့်ရုပ်ရည်ရှိပေသည်။

ဝတ်ဆင်ထားသော အဝတ်အစားများမှာလည်း ခေတ်မဆန်လွန်း၊ နောက်မကျလွန်းသော အဝတ်အစားများဖြစ်ပြီး သူမရုပ်ရည်နှင့် လိုက်ဖက်လှပေသည်။

ထိုမိန်းကလေးသည် နောက်ဘက်မှ တစ်စုံတစ်ယောက် လိုက်လာလေသလားဟူသော အမူအယာဖြင့် ခပ်သုတ်သုတ်လျှောက်လာနေရာ နောက်ဆုံး ကျူလယာဆိုင်နှစ်ဆိုင်ကြားရှိ လှေခါးတစ်ခုမှ အပေါ်သို့ တက်သွားလေသည်။

အပေါ်ထပ် ရောက်သောအခါ အခန်းတိုင်းလိုလို တံခါးပိတ်ထားသောကြောင့် အခက်တွေ့နေဟန်ဖြင့် လှေခါးခြေရင်းသို့ စိတ်မချသလို တစ်ချက်လှမ်းကြည့်လိုက်ရာ လောင်းကုတ်အင်္ကျီရှည်ကြီး ဝတ်ထားပြီး သက္ကလပ်ဦးထုပ်ကို ခပ်စိုက်စိုက်ဆောင်းထားသူတစ်ယောက်က လှေခါးခြေရင်းမှ အပေါ်သို့ မော့ကြည့်နေသည်ကို တွေ့ရလေသည်။

သူမအနေနှင့် ရှေ့ဆက်ပြေးစရာမြေ မရှိတော့ပေ။

သို့ကြောင့် အခန်းတံခါးကို ခပ်သွက်သွက် ခေါက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်သံကြောင့် အခန်းတံခါး ဟသွားပြီး ကုလားမ,တစ်ယောက်၏မျက်နှာ ပေါ်လာသည်နှင့် ရပ်နေသော မိန်းမပျိုက ဆောင့်တွန်းလိုက်ရာ ဝုန်းကနဲ တံခါးပွင့်သွားပြီး ကုလားမလည်း နောက်သို့ လဲကျသွားလေတော့သည်။

"နင် ဘယ်သူလဲ. . . ဘာလုပ်တာလဲ"

ကုလားမက ဗလုံးဗထွေးဖြင့် မေးသော်လည်း ပြန်မဖြေဘဲ တံခါးကို ပြန်ပိတ်ပြီး ဂျက်ချထားလိုက်သည်။

"နင် သူခိုးလား၊ မကောင်းတဲ့မိန်းမလား၊ ပုလိပ်တွေလိုက်ဖမ်းလို့ ငါ့အခန်းထဲ ဝင်လာတာ မဟုတ်လား၊ အခုပြန်ထွက်သွားပါ"

ကုလားမက အော်နေသော်လည်း မိန်းမပျိုက ပြန်မဖြေတော့ဘဲ နောက်ဘက်သို့ ပြေးသွားလေသည်။

အိပ်ခန်း၊ ထမင်းချက်ခန်းများ ကျော်သောအခါ ပိတ်ထားသောတံခါးကို တွေ့ရသဖြင့် ဂျက်ဖြုတ်လိုက်သောအခါ အောက်ဘက်သို့ ဆင်းရန် ပြုလုပ်ထားသည့် အရေးပေါ်လှေခါးကို တွေ့ရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထိုလှေခါးမှ အောက်သို့ ဆင်းသွားလေတော့သည်။

သူမ ဆင်းသွားပြီး မကြာခင်မှာ တံခါးခေါက်သံ ပေါ်





လာပြန်သဖြင့် ကုလားမက နေရာမှ ထကာ တံခါးဖွင့်ပေးလိုက်ပြန်ရာ တံခါးပေါက်ဝမှာ လူတစ်ယောက် ရပ်နေပြန်သည်။

လောင်းကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားပြီး သက္ကလတ်ဦးထုပ်ကို မျက်နှာအုပ်လုမတတ် ဆောင်းထားလေသည်။

"ကျုပ်က ပုလိပ်တစ်ယောက်ပါ၊ စောစောက ဒီအခန်းကို မိန်းမတစ်ယောက် ဝင်ပြေးလာတယ် မဟုတ်လား၊ သူက မကောင်းတဲ့မိန်းမတစ်ယောက်ပဲ"

ဟု ပြောရာ ကုလားမက ကြောက်ကြောက်လန့်လန့်ဖြင့် အနောက်ဘက်သို့ လက်ညှိုးထိုးပြရာ ထိုသူက ဝင်ကြည့်လေသည်။

နောက်ဘက်မှ အရေးပေါ်လှေခါး ရှိသည့် တံခါးပေါက်ပွင့်နေသည်ကို မြင်သောအခါ သဘောပေါက်သွားပြီး ထိုလှေခါးမှပင် အောက်သို့ ဆင်းသွားလေသည်။

အတန်ကြာသောအခါ အခြေအနေမှာ ပြန်လည်ငြိမ်သက်သွားလေသည်။

ဖရေဇာလမ်း(အနော်ရထာလမ်း)နှင့် မဂိုလမ်း(ရွှေဘုံသာလမ်း)ထောင့်၌ တိုက်ဟောင်းကြီးတစ်လုံးရှိပြီး အောက်ထပ်တွင် ရှေးဟောင်းပစ္စည်းများ ဝယ်ယူရောင်းချသော ကျူလယာဆိုင်ကြီးတစ်ဆိုင် ရှိလေသည်။

ထိုဆိုင်ကြီးမှာ အချက်အချာကျသောနေရာ၌ ရှိသည်



www.burmeseclassic.com

www.burmeseclassic.com

က တစ်ကြောင်း၊

ရှေးဟောင်းပစ္စည်းမျိုးစုံတို့ စုံလင်လှသည်က တစ်ကြောင်းကြောင့် ဝင်ထွက်သွားလာသူတို့ဖြင့် အမြဲတစေ စည်ကားလျက်ရှိပေသည်။

ယခုအခါမှာတော့ ဆိုင်ပိတ်ချိန် ရောက်နေပြီဖြစ်သောကြောင့် ဆိုင်အတွင်းမှာ လူရှင်းလျက်ရှိနေချေပြီ။

ဆိုင်အတွင်းမှာတော့ လူတစ်ယောက်ရှိသည်။

ထိုသူမှာ အခြားမဟုတ်ဘဲ ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ရှေးဟောင်းလက်ရာဖြင့် ထုလုပ်ထားသော အရုပ်တစ်ရုပ်ကို ရှေ့နားမှာ ချထားပြီး ရွှေနားကွပ်ထားပြီး သားရေဖြင့် ဖုံးထားသော ရှေးဟောင်းကျမ်းစာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာဖြင့် ဖတ်ရှုလျက်ရှိပေသည်။

ကျမ်းစာအုပ်မှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပြီး အခန်းတိုင်းမှာ သက်ဆိုင်ရာဓါတ်ပုံများကိုလည်း ထည့်သွင်းဖော်ပြထားလေသည်။

ကျမ်းစာအုပ်အမည်မှာ 'မဟူရာဝံပုလွေ' ဖြစ်ပြီး အတွင်းမှာ ပါဝင်သောအကြောင်းအရာများမှာ လူစင်စစ်မှ ဝံပုလွေအသွင်၊ ခြင်္သေ့အသွင် ပြောင်းနိုင်သောပညာများကို ရေးသားဖော်ပြထားပေသည်။





ရေးသားပြုစုသော ပညာရှင်မှာ မနုဿဗေဒပညာရှင်တစ်ဦးဖြစ်သူ 'ဝီလျံဟောင်းဝဲလ်' ပင်ဖြစ်ပေသည်။

၎င်း၏ဖော်ပြချက်ထဲတွင် လူမှ တိရစ္ဆာန်အသွင်သို့ ပြောင်းလဲနိုင်ခြင်းမှာ စိတ်စွဲလန်းယုံကြည်မှု လွန်ကဲသော တိုတမ်ဝါဒ ဖြစ်သည်ဟု မှတ်ချက်ပေးထားလေသည်။

ခြင်္သေ့တိုတမ်ဝါဒီများသည် မိမိတို့သည် ခြင်္သေ့မျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာသည်ဟု စွဲစွဲလန်းလန်း ယုံကြည်နေကြပြီး ခြင်္သေ့များနှင့် ဆွေမျိုးတော်စပ်သည်ဟု ယုံကြည်ကြပေသည်။

သို့ကြောင့် ခြင်္သေ့များသည် ၎င်းတို့အတွက် အန္တရာယ်လုံးဝမရှိနိုင်၊

သူတို့ကလည်း ခြင်္သေ့များကို မကြောက်ရွံ့ကြဘဲ ခြင်္သေ့များ ရှိသောတောထဲ၌ ရဲဝံ့စွာ နေထိုင်သွားလာဝံ့ကြလေသည်။

မိကျောင်းတိုတမ်ဝါဒီ ရှိသူများသည်လည်း မိကျောင်းများကို လုံးဝမကြောက်ရွံ့ကြဘဲ မိကျောင်းပေါများသော မြစ်ချောင်းများထဲတွင် ရဲဝံ့စွာ ကူးသန်းသွားလာဝံ့ကြလေသည်။

ဝက်ဝံတိုတမ်ဝါဒီများသည်လည်းကောင်း၊

ဝံပုလွေတိုတမ်ဝါဒီ ရှိသူများသည်လည်းကောင်း၊ ထိုနည်းအတိုင်းပင် ရှိကြလေသည်။

ဝံပုလွေအသွင်ပြောင်းနိုင်သောဓလေ့မှာ အာဖရိက


www.burmeseclassic.com

www.burmeseclassic.com



တောနက်အတွင်း၌ နေထိုင်ကြသော လူနီရိုင်းများက အများဆုံး အသုံးပြုလေ့ရှိပြီး သားကောင်လိုက်သောအခါ ဝံပုလွေအသွင် ပြောင်း၍ အုပ်စုဖွဲ့ကာ သားကောင်နောက်သို့ လိုက်လေ့ရှိကြ သည်။

ထိုသို့လိုက်လံဖမ်းဆီးရာမှာ ဓါးလှံလေးမြား စသည်တို့ နှင့် လိုက်လံဖမ်းဆီးခြင်းထက် ပို၍ သားကောင်ရရန် လွယ်ကူ လေသည်။

ငင်းတို့သည် သားကောင်ဖမ်းရန် သွားတော့မည် ဆိုလျှင် တောတွင်းသို့ ဝင်သွားပြီး ဝံပုလွေစိတ်၊ ဝံပုလွေမာန် ရရှိအောင် ဦးစွာ စိတ်ကို အရင်ပြောင်းကြလေသည်။

ဝံပုလွေစိတ် ဝင်လာတော့ သားကောင်နောက်သို့ တဟုန်ထိုး ပြေးလိုက်ကြလေသည်။

ထိုသို့ပြေးလိုက်ရာမှာ ချက်ချင်းတော့ ဝံပုလွေအသွင် ပြောင်းလဲသွားခြင်း မဟုတ်ပေ။

လိုက်စက လူရိုင်းအသွင်နှင့်ပင် ခြေထောက်နှစ်ချောင်း ဖြင့် ပြေးလိုက်သော်လည်း ခဏချင်းမှာပင် လူစိတ်ပျောက်သွား ပြီး ဝံပုလွေစိတ် ဝင်လာသောအခါ လေးဘက်ထောက်ပြေးရာမှ ခြေရာအသွင်လည်း ပြောင်းသွားလေတော့သည်။

ရှေ့မှာ သစ်လုံးများ တားဆီးနေပါကလည်း ဝံပုလွေ ကဲ့သို့ လွှားကနဲ ခုန်ကျော်သွားရာမှ ခဏချင်းမှာပင် ဝံပုလွေ





အသွင်ပြောင်းသွားခြင်းဖြစ်တော့သည်။

သားကောင်လိုက်ရာမှာလည်း အုပ်စုဖွဲ့ လိုက်လေ့ရှိကြ ပြီး နောက်မှ အသံပေး၍ လိုက်သူကလိုက်၊ ရှေ့မှ ကြိုတင်စောင့် သူက စောင့်နှင့် ပြေးပေါက်မှားသောသတ္တဝါမှာ ငင်းတို့အစွယ် များအောက်မှာပင် အသက်ပျောက်သွားကြလေတော့သည်။

မြန်မာပြည်တွင် လူကနေ ကျားအသွင်ပြောင်းနိုင်သူကို သမန်းကျားဟု ခေါ်သလို အာဖရိကတွင် လူမှ ဝံပုလွေအသွင် ပြောင်းလဲနိုင်သူကို 'မဟူရာဝံပုလွေ' ဟု ခေါ်ဝေါ်ကြသည်။

ဝံပုလွေအသွင်နှင့် သားကောင်လိုက်ပြီး၍ လူအသွင် ပြောင်းလိုသောအခါ တောတွင်းသို့ ဝင်သွားပြီး စိတ်ကို လျှော့ချ လိုက်သောအခါ တဖြည်းဖြည်းနှင့် လူအသွင်သို့ ပြန်လည် ရောက်သွားကြောင်း မနုဿဗေဒပညာရှင် ဝီလျှံဟောင်းဝဲလ်က သုတေသနပြု ရေးသားထားခြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာ စာဖတ်ရင်းနှင့် ရှေ့မှာ ချထားသောရုပ်ထုကို တစ်ချက်ကြည့်လိုက်သည်။ ထိုရုပ်ထုမှာ သစ်ကနက်သားဖြင့် ထုလုပ်ထားသော လူတစ်ပိုင်း ဝံပုလွေ တစ်ပိုင်းဖြစ်နေသောရုပ်ထုပင်ဖြစ်သည်။

ထုလုပ်ထားပုံမှာ များစွာလက်ရာမြောက်လှပြီး အသက် ဝင်နေသကဲ့သို့ ထင်ရလေသည်။

ယခု ဒေါက်တာမင်းထင်ကျော် ရောက်နေသောဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့မိတ်ဆွေဦးမင်းဟန်၏ဆိုင်ဖြစ်ပြီး သူရောက်လာသဖြင့် လက်ဖက်ရည်နှင့် ဧည့်ခံရန်အတွက် ဦးမင်းဟန်က လက်ဖက်ရည်သွားဝယ်နေသောကြောင့် ဆိုင်အတွင်းမှာ သူတစ်ယောက်တည်း ရှိနေခြင်းဖြစ်ပေသည်။

အချိန်မှာလည်း ညဉ့်ဦးပိုင်းရောက်လာပြီမို့ ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ ကျဆင်းလာချေပြီ။

လမ်းမီးရောင်အချို့ ရှိသည်ဆိုသော်လည်း မှုံဝါးဝါးသာရှိသောကြောင့် သဲသဲကွဲကွဲ မရှိလှပေ။

ကျူလယာဆိုင်အတွင်းမှာတော့ တိတ်ဆိတ်လျက်ရှိနေသည်။ ဖရေဇာလမ်းဘက်မှ ဈေးရောင်းဈေးဝယ်နေသူများ၏ အသံများကို ကြားရသော်လည်း မဂိုလမ်းတလျှောက်မှာတော့ တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုအချိန်မှာ ဒေါက်တာမင်းထင်ကျော်နားထဲမှာ ထူးခြားသောအသံတစ်သံ ကြားလိုက်ရသကဲ့သို့ ရှိလေသည်။ သတ္တဝါတစ်ကောင်၏မာန်ဖီသံမျိုးဖြစ်သည်။

"ဂီး. . ."

"ဟင်. . ."

အသံကြားရသောနေရာမှာ လမ်းမဖက်ဆီမှဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်က ဇဝေဇဝါနှင့် သူ့အနီးတွင် ချထားသော ဝံပုလွေတစ်ပိုင်း လူတစ်ပိုင်း ဖြစ်နေသည့်ရုပ်ထုကို ငုံ့ကြည့်





လိုက်သည်။

ထိုရုပ်ထုက သူ့ကို မော့ကြည့်နေသကဲ့သို့ ရှိလေသည်။ ထိုအခိုက်မှာပင် လမ်းမဘက်မှ တဖျပ်ဖျပ်နှင့် ပြေးလာသောခြေသံကြားလိုက်ရပြီး မရှေးမနှောင်းမှာ ဆိုင်အတွင်းသို့ အမျိုးသမီးတစ်ယောက် ဝင်လာလေသည်။ ဒေါက်တာမင်းထင်ကျော်က တအံ့တသြနှင့် ကြည့်နေစဉ်မှာ ထိုအမျိုးသမီးက အခန်းတွင်းအထိ ခပ်သုတ်သုတ် ဝင်သွားပြီး အမှောင်ရိပ်၌ ကွယ်ရပ်ကာ လှမ်းပြောသည်။

"ကျွန်မ ဒုက္ခရောက်လာလို့ အကူအညီပေးပါ အစ်ကိုရယ်"

ထိုသို့ပြောနေစဉ်မှာပင် စောစောက ကြားလိုက်ရသောမာန်ဖီသံကဲ့သို့ အသံမျိုး ကြားရပြီး ခပ်သုတ်သုတ် ပြေးလိုက်လာသောခြေသံကိုပါ ကြားရသဖြင့် လှည့်ကြည့်လိုက်သည်။

ဆိုင်ပေါက်ဝတွင် လူတစ်ယောက် ရပ်နေပြီး ဆိုင်အတွင်းသို့ လှမ်းကြည့်နေသည်။

ထိုလူမှာ လောင်းကုတ်အင်္ကျီအရှည်ကြီးကို ဝတ်ဆင်ထားပြီး သက္ကလတ်ဦးထုပ်ကို မျက်နှာတစ်ဝက်လောက်အထိ ဆောင်းထားသောကြောင့် မည်သူမည်ဝါမှန်း မသိရပေ။

"စောစောက မိန်းကလေးတစ်ယောက် ဆိုင်ထဲကို ဝင်လာပါသလား"



www.burmeseclassic.com

www.burmeseclassic.com


အသံခပ်သုတ်သုတ်ဖြင့် လှမ်းမေးလိုက်ရာ ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။

"မမြင်မိပါဘူး"

"အဲဒီမိန်းကလေးက သူတစ်ပါး ပစ္စည်းတွေ ခိုးပြီး ထွက်ပြေးလာလို့ လိုက်လာတာ၊ တကယ်လို့ ဆိုင်ထဲမှာ ရှိရင် ထုတ်ပေးပါ"

"မရှိပါဘူး"

ဒေါက်တာမင်းထင်ကျော်က လေသံပြတ်ပြတ်ဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ် ဝင်ရှာခွင့်ပြုမလား"

"ဒီဆိုင်က ကျွန်တော့်ဆိုင် မဟုတ်လို့ ခင်ဗျားကို ဝင်ရှာခွင့် မပေးနိုင်ပါဘူး"

ထိုသူမှာ ဒေါသဖြစ်သွားဟန်ဖြင့် ရှုံ့ရှုံ့ရှားရှားဖြစ်သွားလေသည်။

ထိုအခိုက်မှာပင် လက်ဖက်ရည် သွားဝယ်သော ဦးမင်းဟန် ပြန်ရောက်လာသည်။

၎င်းနှင့် မရှေးမနှောင်းမှာပင် အနောက်ပိုင်းခရိုင် ရာဇဝတ်အုပ်ဦးထင်ကျော်နှင့် ပုလိပ်များပါ ရောက်လာသောကြောင့် စောစောကလူမှာ ခပ်သုတ်သုတ် ပြန်ထွက်သွားလေသည်။

ဦးထင်ပေါ်မှာ ဒေါက်တာမင်းထင်ကျော်နှင့် ခင်မင်ရင်းနှီးသူ ဖြစ်ပေသည်။

"ဟော. . . ဦးထင်ပေါ်တို့ပါလား၊ ဘယ်လိုအကြောင်းပေါ်လို့ ဒီလောက်ရေးကြီးသုတ်ပြာ ဖြစ်လာကြတာလဲ"

"သြော်. . . ဒေါက်တာပါလား၊ အရေးကြီးဆို မပြောပါနဲ့တော့၊ အခုတလော ကျုပ်ပိုင်နက် နယ်မြေထဲမှာ ထူးထူးဆန်းဆန်းအမှုတွေ ဖြစ်နေလို့ဗျာ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က နေရာမှထကာ ဦးထင်ပေါ်အနီးသို့ လျှောက်သွားလေသည်။

"ဘယ်လိုအမှုမျိုးတွေများလဲ"

"ဝံပုလွေလိုလို ကျားလိုလို သတ္တဝါတစ်ကောင်က လူတွေကို သတ်ဖို့ လိုက်ချောင်းနေသတဲ့ဗျ၊ မြင်တဲ့လူတွေကလည်း မြင်လိုက်ရတယ်၊ ဝံပုလွေမှ အနက်ရောင်ဝံပုလွေတစ်ကောင်လို့ ပြောကြတယ်"

"ဟင်. . ."

ဦးထင်ပေါ်စကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ အံ့ဩလွန်းသောကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"မြို့လယ်ခေါင်ကြီးမှာ ဖြစ်နိုင်ပါ့မလားဗျ၊ ခွေးတွေ ဘာတွေနဲ့ မျက်စိမှား မှားကြရောသလား"

"ကျုပ်လည်း ဒီလိုပဲ ထင်တာပါပဲ၊ ဒါပေမယ့် အောင်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကုမ္ပဏီမှာ ရှိတဲ့ ညီအစ်ကိုနှစ်ယောက်ကတော့ သူတို့ မျက်စိနဲ့ သေသေချာချာ မြင်လိုက်ရတယ်လို့ စခန်းမှာ လာပြီး အကြောင်းကြားထားတယ်"

"ဒါထက် အခုရော ဒီဘက်ကို ဘယ်လိုဘယ်လိုကိစ္စနဲ့ အရေးတကြီး ရောက်လာတာလဲ"

"ဖရေဇာဘက်က အခန်းတစ်ခန်းကို ခိုးဝင်ဖို့ လာတဲ့ မိန်းမတစ်ယောက် ဒီဘက်ကို ထွက်ပြေးသွားတယ်ဆိုလို့ လိုက်ရှာနေကြတာ. . . သွားလိုက်ဦးမယ်ဗျာ"

ဟု ပြောကာ ဦးထင်ပေါ်တို့တတွေမှာ အပြင်သို့ ခပ်သုတ်သုတ် ပြန်ထွက်သွားကြလေသည်။

ထိုအခါမှ ဦးမင်းဟန်က နှစ်ယောက်အတွက် လက်ဖက်ရည်ပန်းကန်များကို ပြင်ရင်း မေးသည်။

"ကျုပ် ခဏလေး အပြင်ထွက်သွားတုန်း ဆိုင်မှာ ဘာတွေဖြစ်နေတာလဲဗျ"

ဟု မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုးဖြင့် အကျဉ်းချုပ်ကာ ပြောပြလိုက်သည်။

"ဟင်. . . ဒါဖြင့် အဲဒီမိန်းကလေးက ကျုပ်ဆိုင်ထဲ ရောက်နေတာပေါ့၊ ဒီလိုဆိုရင် စောစောက ပုလိပ်တွေကို ပြန်ခေါ်ပြီး အပ်လိုက်ရရင် ကောင်းမယ်"

"နေပါဦးဗျာ. . . ဒီလောက်လည်း မလောပါနဲ့၊ မိန်းက





လေး ကြည့်ရတာ သူတို့ပြောသလို သူခိုးတစ်ယောက်နဲ့တော့ သိပ်မတူလှပါဘူး. . . ကြည့်ပါရစေဦး"

ဟု ပြော၍ အတွင်းသို့ ဝင်ရှာသောအခါ မိန်းကလေးကို မတွေ့ရတော့ပေ။

နောက်ဘက်အထိ ဝင်ကြည့်သောအခါ နောက်ဘက်တံခါးမှာ ပွင့်နေလေရာ နောက်ဘက်လမ်းကြားမှ အပြင်သို့ ပြန်ထွက်သွားဟန်ရှိလေသည်။

"မရှိတော့ဘူးဗျ"

"ဒီလိုဆိုရင်တော့ ကျုပ်ဆိုင်ထဲက ပစ္စည်းတစ်ခုခု ခိုးယူပြီး လစ်ပြေးသွားပြီနဲ့တူတယ်"

"ဟုတ်မယ် မထင်ပါဘူး၊ ခင်ဗျားပစ္စည်းတွေကိုလည်း စစ်ဆေးကြည့်ပါဦး"

ဟု ပြောသဖြင့် ဦးမင်းဟန်က အတွင်းဘက်အခန်း၌ ထားသောပစ္စည်းများကို လိုက်လံစစ်ဆေးကြည့်ရာ ၎င်းထားသောပစ္စည်းများ တစ်စုံတစ်ရာ ပျောက်ရှခြင်း မရှိဘဲ စားပွဲပေါ်မှာ တင်ထားခဲ့သော စာရွက်ခေါက်ကလေးတစ်ခုကို တွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်က ယူ၍ ဖြန့်ကြည့်လိုက်လေသည်။

"ကျွန်မကို အခုလို အကူအညီပေးနဲ့တာ ကျေးဇူးတင်ပါတယ်၊ ကျွန်မက သူတို့



www.burmeseclassic.com

www.burmeseclassic.com

ပြောသလို သူခိုးတစ်ယောက်တော့ မဟုတ်ဘူး။

အခွင့်သာရင်တော့ အစ်ကိုနဲ့ ထပ်တွေ့ပြီး အကြောင်းစုံ ပြောပြပြီး အကူအညီတောင်းချင်ပါတယ်

ယမင်း"

ဟု ရေးသားထားသည်။

ဒေါက်တာမင်းထင်ကျော်က ဦးမင်းဟန်ကို ပေးလိုက်သောအခါ စိတ်ရှုပ်သောအမူအယာဖြင့်. . .

"ဘာတွေမှန်းတောင် မသိတော့ပါဘူး"

ဟု ညည်းညည်းညူညူ ပြောလိုက်လေသည်။

တကယ်ဆိုတော့လည်း ဦးမင်းဟန် ညည်းညူသကဲ့သို့ ပဟေဠိဆန်သောမိန်းကလေးက စိတ်ဝင်စားမှုများစွာ ချန်ထားခဲ့ပေသည်။





# အခန်း(၆)

# အမှောင်ရိပ်အတွင်းမှ မိစ္ဆာ

ရန်ကုန်မြို့ ကမ်းနားလမ်းမပေါ်တွင် ကြီးမားသောတိုက်ဟောင်းကြီးတစ်လုံး ရှိလေသည်။

ထိုတိုက်ဟောင်းကြီး ရှိသောနေရာ မော်တင်နှင့် မနီးမဝေးလှသည့် ကီလီဈေးနှင့် မျက်နှာချင်းဆိုင်နေရာလောက်တွင် ရှိပေသည်။

ကီလီဈေးမြောက်ဘက် ကမ်းစပ်သို့ ဆင်းသွားသော


www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်နေရာလောက်တွင် ရှိပေသည်။

ရန်ကုန်မြို့တွင် သင်္ချာအမှတ်အသားပါသော လမ်းပေါင်း(၁၆၉)လမ်း ရှိရာ ကီလီ(၁)လမ်းမှ စတင်ပြီး မြင်းပြိုင်ကွင်းရှိ (၁၆၉)လမ်းမှာ ဆုံးပါသည်။

ကီလီ(၁)လမ်းမှ (၄)လမ်းအထိ သင်္ချာအမှတ်အသားနှင့် ရှိသော်လည်း (၅)လမ်းရောက်သောအခါ သင်္ချာအမှတ်အသား မသုံးကြဘဲ အလုပ်လုပ်သောပစ္စည်းများကို အမည်တပ်၍ ထိုအမည်ကိုပင် သုံး၍ခေါ်ဝေါ်ကြလေသည်။

ကီလီ(၅)လမ်းထဲတွင် ငှက်ပျောကုန်သည်များ စခန်းချသောကြောင့် ငှက်ပျောတံတားလမ်းဟု ခေါ်သည်။

ယခင်က လျှော်လမ်းဟု ခေါ်သောလမ်းမှာ ယခု ကိုးတန်းလမ်းဖြစ်သည်။

ကျွဲပုတ်လမ်းမှာ ယခု (၈)လမ်းဖြစ်သည်။

ငပိတန်းလမ်းမှာ ယခု (၁၀)လမ်းဖြစ်သည်။

စတီဗင်ဆင်လမ်းမှာ ယခု လှည်းတန်းလမ်း၊ (၁၁)လမ်းအထက်ပိုင်းကို ဖက်တန်းဟု ခေါ်ပြီး အောက်ပိုင်းကို ပိုက်တန်းဟု ခေါ်ကြသည်။

ဘုန်းကြီးလမ်းထိပ်မှာ ဘုရားငုတ်တို ရှိသောကြောင့် ယခင်က ဘုရားငုတ်တိုလမ်းဟုသာ ခေါ်ကြသည်။

(၁၃)လမ်းအထက်ပိုင်းကို ခေါင်ချုပ်တန်းဟု ခေါ်ကြ





ပြီး အောက်ဖက်ကို ငါးရှဉ့်တန်းဟု ခေါ်ကြသည်။

(၁၄)လမ်းအထက်ပိုင်းကို ကျောင်းတစ်ရာတန်းဟု ခေါ်ကြပြီး အောက်ဖက်ကို ဦးဘိုးရိတ်လမ်းဟု ခေါ်သည်။

(၁၅)လမ်းအထက်ပိုင်းမှာ တရုတ်များသာ အနေများပြီး ဘိန်းတန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ သုံးပင်တန်းဟု ခေါ်ကြသည်။

(၁၆)လမ်းအထက်ပိုင်းကို ထန်းပင်ကုန်းတန်းဟု ခေါ်ကြပြီး အောက်ပိုင်းကိုတော့ ကြက်သွန်တန်းဟု ခေါ်ကြလေသည်။

(၁၇)လမ်းကို ရှေးအခါက အရာကြီးတန်းဟု ခေါ်ကြပြီး (၁၈)လမ်းကိုတော့ ရေနံတန်းဟု ခေါ်ကြသည်။

ယခု စဉ့်အိုးတန်းဟု ခေါ်သောလမ်းကို ယခင်က အထက်ပိုင်းကို မကျည်းတန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ လိပ်ဥတန်းဟု ခေါ်ကြသည်။

ယခင်က လမ်း(၂၀)ကို ဦးထွန်းတန်းဟု ခေါ်ကြသည်။

(၂၁)လမ်းအထက်ပိုင်းကို ပရဆေးတန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ တွင်းညီနောင်ဟု ခေါ်ကြသည်။

(၂၂)လမ်းအထက်ပိုင်းကိုတော့ ပန်းတိမ်တန်းဟု ခေါ်ပြီး အောက်ပိုင်းကိုတော့ ခါးတန်းလေးဟု ခေါ်ကြသည်။

(၂၃)လမ်းမှာ ဘိန်းရုံတန်းဟု ခေါ်ပြီး (၂၄)လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



တော့ 'အမွေလက်ကြား' ဟု ခေါ်ခဲ့ကြသည်။

(၂၅)လမ်းကို စာဆိုတန်းဟု ခေါ်ခဲ့ကြပြီး (၂၆)လမ်းကိုတော့ ကျောက်တံတားလမ်းဟု ခေါ်ခဲ့ကြလေသည်။

(၂၇)လမ်းကို ပုဆိုးတန်းဟု ခေါ်ပြီး (၂၈)လမ်းကိုတော့ သံဖြူတန်းဟု ခေါ်ကာ ယခု ဆူးလေဘုရားလမ်းဟု ခေါ်သောလမ်းမှာ ယခင်က 'ရှော်တန်း' ဟု ခေါ်သောလမ်းပင်ဖြစ်တော့သည်။

ကမ်းနားလမ်း ကီလီဈေးနှင့် မနီးမဝေး မျက်နှာချင်းဆိုင်နေရာလောက်တွင် ရှိသော ကုန်စုံဆိုင်ကြီးမှာ 'အောင်ချမ်းသာကုမ္ပဏီ' ပင်ဖြစ်ပြီး ပင်လယ်ထွက်ကုန်ပစ္စည်းများကို လက်လီလက်ကား ရောင်းချသောဆိုင်ကြီးတစ်ဆိုင်ပင်ဖြစ်သည်။

လှေ၊ သမ္ဗန်၊ စက်လှေ၊ ကတ္တူသုံး စက်ပစ္စည်းများ၊ အခြားအသုံးအဆောင်ပစ္စည်းများ၊

ပိုက်များ၊ ဖော့လုံးများ၊ ကြိုးအမျိုးမျိုးများအပြင် ငါးဖမ်းရာတွင် အသုံးပြုသောပစ္စည်းကိရိယာတို့ကို ရောင်းချလေသည်။

ထို့ပြင် ပင်လယ်ထွက်ကုန်များဖြစ်သော ငါးခြောက်အမျိုးမျိုး၊ ငါးကြီးအံ့ဖတ်၊ ငှက်သိုက်၊ ပုလဲ စသည်တို့အထိ ဝယ်ယူရောင်းချသော ကုမ္ပဏီတစ်ခု ဖြစ်လေသည်။

ဦးဝီလျှံမှာ စီးပွားရေးလောဘ်မြင်သူတစ်ယောက် ဖြစ်





သောကြောင့် ကုမ္ပဏီလုပ်ငန်းများအား တူဖြစ်သူ ရွှေမင်းနှင့် လွှဲထားပြီး ၎င်းကတော့ ပင်လယ်ဖျော်ဝံပုလွေ ကတ္တူစက်လှေနှင့် ပင်လယ်ပြင်သို့ ထွက်ကာ အရောင်းအဝယ်ပြုလုပ်ခဲ့ပေသည်။

ထိုသို့ခရီးထွက်ရာမှာ တူတော်သူ ရွှေလင်းဆိုသူကို အမြဲတစေ ခေါ်ဆောင်သွားလေ့ရှိပြီး ၎င်းထံတွင် ဒီပဆိုသော အစစအရာရာ ယုံကြည်အားကိုးရသော လက်ထောက်တစ်ဦးလည်း ပါဝင်လေသည်။

လွန်ခဲ့သောငါးနှစ်ခန့်ကတော့ ပင်လယ်ပြင်ရှိ ကျွန်းတစ်ကျွန်းသို့ ရောက်သွားခဲ့ပြီး ရေဘီလူးဟု ခေါ်သည့် စမင်များ၏ တိုက်ခိုက်ခြင်း ခံကြရသောကြောင့် စက်လှေပေါ်ရှိ လူအတော်များများ သေဆုံးသွားကြရာ ထိုအထဲတွင် ဦးဝီလျှံလည်း ပါသွားခဲ့လေသည်။

ရွှေလင်းနှင့် သင်္ဘောသားသုံးဦးတို့က ကံအားလျော်စွာ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ပြီးနောက် ရန်ကုန်သို့ ပြန်ရောက်ခဲ့ကြလေသည်။

ဦးဝီလျှံ မရှိတော့သည့်နောက်ပိုင်းမှာ ရွှေလင်းလည်း ပင်လယ်ထွက်သောအလုပ်များကို လုံးဝမလုပ်တော့ဘဲ ပင်လယ်ဖျော် ဝံပုလွေစက်လှေကိုပင် ရောင်းချပစ်လိုက်လေသည်။

ပြီးနောက် ဦးဝီလျှံ မရှိတော့သည့်နောက်ပိုင်း၊ အောင်ချမ်းသာကုမ္ပဏီကို ရွှေလင်းနှင့်ရွှေမင်းတို့နှစ်ယောက် ပိုင်ဆိုင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com

ရကြလေရာ ညီအစ်ကိုနှစ်ယောက် အတူတကွပင် ပူးပေါင်းလုပ်ကိုင်ကြလေသည်။

ညီအစ်ကိုနှစ်ယောက် စိတ်တူကိုယ်တူဖြင့် အတူတကွ ကြိုးစားလုပ်ကိုင်ခဲ့သောကြောင့် အောင်ချမ်းသာကုမ္ပဏီမှာ ရှေးယခင်ကအတိုင်း တိုးတက်စည်ကားလျက်ပင် ရှိနေတော့သည်။

ထိုသို့လုပ်ကိုင်ရင်းနှင့်ပင် ရွှေလင်းမှာ ဦးဝီလျှံ မသေခင်က တာဝန်ပေးသွားသောကိစ္စတစ်ခုကို ဆောင်ရွက်ရန် ကြိုးစားရပြန်သည်။

ထိုကိစ္စမှာ အခြားမဟုတ်ပေ။

သူ့လက်ထဲမှာ ဦးဝီလျှံ ပေးထားခဲ့သော မြေပုံတစ်ခြမ်း ရှိနေပြီး ကျန်တစ်ခြမ်း ရှိသည်ဆိုသော ဦးဝီလျှံ၏သမီးဖြစ်သူ မြကျင်မွှေးကို ရှာဖွေရန်ပင်ဖြစ်ပေသည်။

တစ်ခု ခက်သည်က မြကျင်မွှေးဟုသာ သိရပြီး တစ်ကြိမ်တစ်ခါမှလည်း မမြင်ဖူး၊ ဘယ်နေရာမှာ နေမှန်းလည်း မသိသောကြောင့် အခက်တွေ့နေလေသည်။

အကယ်၍ ဦးဝီလျှံ သေသွားသည့်အကြောင်း သိပါက မြကျင်မွှေးတစ်ယောက် ရောက်ချင်ရောက်လာပေလိမ့်မည်။ အကယ်၍ ရောက်လာလျှင်တောင်မှ မြကျင်မွှေးကို မမြင်ဖူးသောကြောင့် သိမည်မဟုတ်ပေ။

ရွှေလင်းသည် ဦးဝီလျှံ သေဆုံးသွားပြီးနောက်ပိုင်း လေး





ငါးနှစ်အတွင်းမှာ မြကျင်မွှေး၏သတင်းကို နည်းအမျိုးမျိုးဖြင့် စုံစမ်းရှာဖွေပါသော်လည်း ယခုတိုင် မတွေ့ရသေးပေ။

ရွှေလင်းမှာ ထိုကိစ္စကို တစ်ယောက်တည်း ကြိတ်ပြီး စုံစမ်းနေကာ ညီဖြစ်သူ ရွှေမင်းကိုပင် အသိမပေးဝံ့ပေ။

ဤသို့ဖြင့် ငါးနှစ်ခန့်ကြာသောအခါ စာတိုက်ကြီးမှ အောင်ချမ်းသာကုမ္ပဏီလိပ်စာဖြင့် ရွှေလင်းနာမည်တပ်ထားသည့် စာတစ်စောင် ရောက်လာလေတော့သည်။

ရွှေလင်းက တရုတ်ပြည်မှ ဆွေမျိုးများ ပို့လိုက်သောစာထင်သဖြင့် ဖတ်ကြည့်ရာ မဟုတ်ပေ။

စာထဲမှာ ပါသောအကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

"ကံကောင်းသောသူ. . .

သင့်ဆီမှာ ကံကောင်းသည့်ပစ္စည်းတစ်ခု ရရှိထားကြောင်း သိရပေသည်။

ကျွန်ုပ်ထံမှာလည်း ကံကောင်းခြင်းကို ပေးနိုင်သောအရာတစ်ခု ရှိနေပေသည်။

သင်နှင့်ကျွန်ုပ် ပေါင်းပါက ကံကောင်းခြင်းရလဒ်တစ်ခုကို ရရှိစေနိုင်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် သင်နှင့်ကျွန်ုပ် တွေ့ရန် ဆန္ဒရှိပေသည်။

(၁၉၅၅)ခု၊ စက်တင်ဘာလ(၁၈)ရက်၊ (၁၃၁၇)ခုနှစ်၊ တော်သလင်းလဆန်း(၂)ရက်၊ တနင်္ဂနွေနေ့၊ ည(၉)နာရီအချိန်တွင် ထော်လီကွေ့၌ ရှိသော ကုက္ကိုပင်ကြီးအောက်မှ အိမ်ဟောင်းကြီးသို့ သင်တစ်ယောက်တည်း လာခဲ့ပါ။

အကယ်၍ သင့်အနေနှင့် ယခုအကြောင်းများကို ပုလိပ်စုံထောက်များကို အသိပေး၍သော်လည်းကောင်း၊ ကျွန်ုပ်ချိန်းဆိုမှုကို ပျက်ကွက်ခဲ့လျှင်သော်လည်းကောင်း၊ သင့်အနေနှင့် ကံမကောင်းခြင်းများနှင့် တွေ့ရပေလိမ့်မည်။

မဟူရာဝံပုလွေ"

ဟူ၍ရေးထားလေသည်။

ထိုစာကို ဖတ်ရသောအခါ ရွှေလင်းမှာ များစွာအံ့ဩသွားသလို ထိတ်လန့်မှုလည်း ဖြစ်သွားမိလေသည်။

စာထဲမှာ ပါသောအကြောင်းအရာများကို သူ့အနေနှင့် ကောင်းစွာ အဓိပ္ပာယ်နားမလည်သော်လည်း အချို့ကိုတော့ ရိပ်မိသလို ရှိလေသည်။

စာထဲမှာပါသော 'သူ့ဆီမှာ ရှိနေသော ကံကောင်းစေသည့်ပစ္စည်း' ဆိုသည်မှာ ဦးဝီလျံ ပေးထားခဲ့သောမြေပုံတစ်ခြမ်း





ဖြစ်မည်ကိုတော့ ရိပ်မိလေသည်။

သို့သော်လည်း ထိုအကြောင်းကို ဘယ်သူမှ မသိနိုင်ပေ၊ ထို့ပြင် စမင်များ နေသောကျွန်းမှ စက်လှေဖြင့် လွတ်မြောက်လာရာမှာ သူနှင့်အတူ သင်္ဘောသား(၃)ယောက်သာ ပါလာလေသည်။

ရွှေသိန်း၊ ဖိုးထင်နှင့် ကျော်လှတို့သုံးယောက်ပင်ဖြစ်သည်။

ထိုသုံးယောက်မှာလည်း မြေပုံအကြောင်းကို မသိနိုင်ကြတော့ပေ။

ထို့ပြင် ပင်လယ်ထွက်သောအလုပ် နားပြီဆိုသောကြောင့် ၎င်းတို့သုံးယောက်မှာလည်း ၎င်းတို့နေရပ်သို့ ပြန်သွားကြလေသည်။

ကျန်လူများမှာ စမင်ကျွန်းပေါ်တွင် သေဆုံးခဲ့ကြလေပြီ။

အကယ်၍ မသေဆုံးဘဲ ကျန်လျှင်သော်မှ ထိုကျွန်းမှ ပြန်လည်လွတ်မြောက်နိုင်ရန် အကြောင်းမရှိပေ။

သူ့ဆီမှာ မြေပုံစာရွက်တစ်ခြမ်း ရှိနေသောအကြောင်းကို ရွှေမင်းကိုပင် ဖွင့်မပြောခဲ့သဖြင့် သူလည်း သိပုံမရပေ။

ဒါဖြင့် သူ့ဆီကို စာရေးတာ ဘယ်သူလဲ။

မဟူရာဝံပုလွေဟု အမည်ခံထားသောလူမှာ မည်သူဖြစ်သလဲ၊ ရွှေလင်းမှာ စာကို အကြိမ်ကြိမ် ဖတ်ပြီး အတွေးရခက်နေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုကိစ္စမျိုးသည် ပုလိပ်နှင့်စုံထောက်များက စုံစမ်းပေးနိုင်သောကိစ္စမျိုးဖြစ်သော်လည်း မသိမပေးဝံ့ပေ။

ထိုသို့အသိပေးလိုက်ပါက မြေပုံကိစ္စပါ ပေါ်လာပြီး ဆုံးတော့မည် မဟုတ်ပေ။

သူ့အနေနှင့် ယခုလောလောဆယ် အရေးအကြီးဆုံးကိစ္စမှာ မြကျင်မွေးနှင့် တွေ့ရန်ပင်ဖြစ်သည်။

ယခုအထိတော့ မြကျင်မွေးကို တွေ့ဖို့ မဆိုထားနှင့်၊ သတင်းအစအနမျှပင် မကြားရသေးပေ။

ရန်ကုန်မြို့လိုနေရာမျိုးမှာ လူမမြင်ဖူးဘဲ လိပ်စာမသိဘဲ လိုက်ရှာရသောအလုပ်မှာ လွယ်ကူသောအရာတော့ မဟုတ်လှပေ။

ဤသို့ဖြင့် အမျိုးမျိုး တွေးတောနေရင်းမှပင် မဟူရာဝံပုလွေ ချိန်းဆိုသော စက်တင်ဘာ(၁၈)ရက်နေ့သို့ ရောက်လာတော့သည်။

တကယ်တော့ ရွှေလင်းမှာ သတ္တိရှိသူတစ်ယောက်မဟုတ်သောကြောင့် မဟူရာဝံပုလွေ ချိန်းသော ထော်လီကွေ့သို့ တစ်ယောက်တည်း မသွားဝံ့ပေ။

ထိုသို့ မသွားဝံ့သောကြောင့် မသွားဘဲ နေရလျှင် ကောင်းမည်လားဟု စိတ်ထဲမှာ ချီတုံချတုံဖြစ်နေသည်။





မဟူရာဝံပုလွေ ချိန်းဆိုသော ထော်လီကွေ့နေရာမှာ ငှင်းတို့ကုမ္ပဏီ ရှိသော ကီလီနှင့် တစ်ကွေ့သာသာမျှသာ ဝေးသောနေရာ၌ ရှိလေသည်။

ရှေးအခါက ထော်လီကွေ့တစ်ဝိုက်မှာ လူနေအိမ် သိပ်မရှိဘဲ သစ်ပင်ကြီးများသာ ရှိလေသည်။

ကမ်းနားဘက်မှာတော့ ငါးပုစွန်များကို ရေခဲရိုက်ရာ ရေခဲစက်များနှင့် သစ်စက်များ ရှိပြီး ကမ်းနားလမ်းဘက်မှာတော့ သစ်လုံးတင်သည့် ရထားသံလမ်းများ ရှိလေသည်။

ထော်လီကွေ့ ရှိသောနေရာမှာ သခင်မြပန်းခြံအနီး ဝါးတန်းလမ်းအလွန်၌ ရှိလေသည်။

ကိုလိုနီခေတ်ကာလက ထရော်လီ ဘတ်စ်ကား (Trolley Bus)များ ပြေးဆွဲနေစဉ်အချိန်က ထရော်လီကားများ ကွေ့သောနေရာဖြစ်သဖြင့် 'ထရော်လီကွေ့' ဟု ခေါ်ကြရာမှ 'ထော်လီကွေ့' ဟု ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။

ထိုနေရာတစ်ဝိုက်မှာ သစ်ပင်ကြီးများ၊ ဝါးတောများသာ ရှိပြီး ကမ်းစပ်တစ်လျှောက်တွင် လမုတောများပင် ရှိကြလေသည်။

လူနေအိမ်ကတော့ သိပ်မရှိဘဲ အစိုးရအိမ်အချို့သာ ရှိပေသည်။

စက်တင်ဘာ(၁၈)ရက်နေ့ ရောက်သောအခါ ရွှေလင်း



www.burmeseclassic.com

www.burmeseclassic.com

မှာ ကုမ္ပဏီလုပ်ငန်းများပင် ဖြောင့်အောင်မလုပ်နိုင်ဘဲ စိတ်တထင့်ထင့်ဖြစ်နေသည်။

ထိုအချိန်ရောက်မှ ရွှေမင်းကလည်း ကုမ္ပဏီမှာ မရှိပေ။ အလုပ်ကိစ္စတစ်ခုဖြင့် နယ်သို့ သွားနေသောကြောင့် ကုမ္ပဏီလုပ်ငန်းများကို သူတစ်ယောက်တည်း ဒိုင်ခံလုပ်နေရပေရာ အပြင်သွားရန်လည်း အချိန်မရခဲ့ပေ။

ဤသို့ဖြင့် ညဉ့်ဦးပိုင်းအချိန်သို့ ရောက်လာခဲ့ချေပြီ။ ဆိုင်ပိတ်ပြီဖြစ်သောကြောင့် အလုပ်သမားများ ပြန်သွားကြကာ ညစောင့်အလုပ်သမားနှစ်ယောက်သာ ကျန်ခဲ့လေသည်။

အလုပ်သမားနှစ်ယောက်က အောက်ထပ်မှာ ရှိနေကြပြီး ရွှေလင်းက အပေါ်ထပ်၌ ရှိကာ တစ်နေ့လုံး ရောင်းချရသမျှ ပစ္စည်းစာရင်းနှင့်ငွေစာရင်းများကို စစ်မေးတွက်ချက်နေလေသည်။

ထိုသို့လုပ်နေရသော်လည်း စိတ်က မဖြောင့်လှပေ။ မကြာခဏဆိုသလို တိုင်ကပ်နာရီ ရှိရာသို့ လှမ်းကြည့်နေမိလေသည်။

တိုင်ကပ်နာရီက ညရှစ်နာရီအချိန်ကျော်နေပေပြီ။ ထိုအခိုက်မှာပင် အပြင်ဘက်မှာ မိုးတဖွဲဖွဲ ရွာချလာသည်။ သို့ကြောင့် လမ်းမပေါ်တစ်ဝိုက်တွင် လူသွားလူလာ ရှင်းသွားလေသည်။

☺ အောင်မြင်စာပေ ☺



ညဉ့်ဦးပိုင်းအချိန်ပင်ဖြစ်လင့်ကစား အမှောင်ထုများက ဖုံးအုပ်ထားရာ အားနည်းစွာ လင်းနေသော လမ်းမီးတိုင်မှ အလင်းရောင်များပင် ထိုးမဖောက်သာအောင် ရှိနေလေသည်။ ထိုအခိုက်မှာပင် အဝေးဆီမှ စူးစူးဝါးဝါး ဟောင်လိုက်သော ခွေးဟောင်သံများကို ကြားရလေသည်။

သို့ကြောင့် စာရင်းလုပ်နေရာမှ စိတ်မဖြောင့်တော့သဖြင့် နေရာမှ ထကာ တံခါးပေါက်မှန်သမျှ အားလုံး လိုက်ပိတ်ထားလိုက်သည်။

သို့တိုင်အောင် သံတိုင်ကြားမှတစ်ဆင့် မှန်ချပ်များကို ထိုးဖောက်ဝင်လာသော အလင်းရောင်အချို့ကြောင့် အပြင်ဘက်မှ မြင်ကွင်းအချို့ကို မသဲမကွဲ လှမ်းမြင်နေရသေးသည်။

တံခါးပေါက်များကို လိုက်ပိတ်ပြီးရုံပင် ရှိသေးသည်။ တိုင်ကပ်နာရီမှ ကိုးနာရီထိုးသံ ပေါ်လာတော့သည်။

"ဟော. . . ကိုးနာရီထိုးပြီ၊ သူချိန်းထားတဲ့အချိန်တော့ ရောက်ပြီ၊ အခုအချိန်လောက်ဆိုရင် ထော်လီကွေ့မှာ သူရောက်နေပြီလား မသိဘူး၊

အို. . . ဘာပဲဖြစ်ဖြစ် ဒီလောက်ရှုပ်ထွေးနေတဲ့ကာလမှာ တစ်ယောက်တည်း သွားဖို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ မသွားတာပဲ ကောင်းပါတယ်"

ဟု တွေးတောနေလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စိတ်လှုပ်ရှားစွာနှင့်ပင် စားပွဲရှိရာသို့ ပြန်လာပြီးနောက် စာရင်းများကို ဆက်လက်လုပ်ကိုင်နေလေသည်။

အပြင့်မှာလည်း ပျင်းစရာကောင်းလောက်အောင် မိုးက တဖြောက်ဖြောက်နှင့် ရွာနေလေသည်။

အခြေအနေမှာ ဘာမှမထူးခြားဘဲ ငြိမ်သက်နေသောကြောင့် စိတ်ထဲမှာ ဖြစ်ပေါ်နေသော စိုးရိမ်မှုများ အတန်အသင့်လျော့ပါးသွားစဉ်မှာ အောက်ထပ်မှ ဆူဆူညံညံအသံများ ပေါ်လာတော့သည်။

"အမယ်လေး. . . ဘာကောင်ကြီးလဲ မသိဘူး၊ လုပ်ကြပါဦးဗျ"

အော်သံမှာ ညစောင့်ကုလားနှစ်ယောက်၏အသံပင် ဖြစ်လေသည်။

ထိုအသံကြောင့် ရွှေလင်းမှာ စားပွဲမှ ကပျာကယာထပြီး အိပ်ယာနံဘေးမှာ အသင့်ချထားသော လိုင်စင်ဖြင့် ကိုင်သော သေနတ်ကို ယူကာ အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

"ဘာဖြစ်တာလဲ"

"အခန်းပြတင်းပေါက်နားမှာ ဘာကောင်ကြီးလဲ မသိဘူး၊ လာချောင်းကြည့်နေတယ်"

"ဘယ်မှာလဲ"

"ဟို. . ဟိုနားမှာ"





အစောင့်ကုလားမှာ ကြောက်ကြောက်လန့်လန့်နှင့် ပြတင်းပေါက် ရှိရာသို့ လက်ညှိုးထိုးပြလေသည်။

ရွှေလင်းက လှမ်းကြည့်လိုက်တော့ ပြတင်းပေါက်နားမှာ ဘာမှမရှိပေ။

မိုးစက်အချို့သာ ပြတင်းပေါက်သို့ တဖြောက်ဖြောက်နှင့် လာရောက်ထိမှန်နေသည်။

"ဘယ်မှာလဲ. . . ဘာမှမရှိပါလား"

"စောစောကတော့ အဲဒီပြတင်းပေါက်နားကနေ လူလိုလို ခွေးလိုလို သတ္တဝါကြီးတစ်ကောင် လာချောင်းကြည့်နေတာ တွေ့ရပါတယ် ဆရာ"

ရွှေလင်းက ကုလားနှစ်ယောက်ကို ခေါ်ပြီး ပြတင်းပေါက်နားသို့ သွားကြည့်လေသည်။

ဘာမှမတွေ့ရသဖြင့် မှန်တံခါးကိုပါ ဖွင့်ပြီး သံတိုင်များကြားမှ လှမ်းကြည့်သော်လည်း ဘာမှမတွေ့ရပေ။

"ခွေးတစ်ကောင်ကောင် မှန်နားကို လာကပ်တာကို မြင်လိုက်ရတာ ဖြစ်မှာပါ"

"ခွေးမဟုတ်ဘူး ဆရာ၊ ကျွန်တော်တို့နှစ်ယောက်စလုံး သေသေချာချာ လှမ်းမြင်ကြရတယ်၊

ကျွန်တော်တို့ မြင်တော့ ပါးစပ်ကြီးကို ဖြဲပြီး မာန်ဖီပြတာ အစွယ်ကို ဖွေးနေတာပဲ၊ နောက်ပြီး မျက်စိနှစ်လုံးကလည်း မီးရဲ



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ"

ဟု ပြောသဖြင့် စိတ်မချသောကြောင့် ဟိုဟိုဒီဒီ လိုက်ကြည့်နေစဉ် အပြင်ဘက် အမှောင်ရိပ်ထဲမှ မာန်ဖီသံလိုအသံမျိုး ပေါ်ထွက်လာသည်။

"ဂီး. . . ဂီး. . . ဂီး"

"ဟင်. ."

အသံမှာ ခွေးတစ်ကောင်၏မာန်ဖီသံမျိုးဖြစ်သော်လည်း ပိုကျယ်ပြီး ကြောက်စရာလည်း ပိုကောင်းပေသည်။

ရွှေလင်း အသံကြားရာဘက်သို့ လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သောအခါ တိုက်အနောက်ဘက် တစ်နေရာမှ အမှောင်ရိပ်အတွင်းသို့ ခုန်ဝင်သွားသော မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်လိုက်ရလေသည်။





# အခန်း(၇)

# ဦးသက္ကနှင့် မျှော့မျက်လုံး

ဒေါက်တာမင်းထင်ကျော်မှာ မိမိအိမ်သို့ ပြန်ရောက်လာသော်လည်း ဦးမင်းဟန်၏ကျူလယာဆိုင်၌ အမှတ်မထင် တွေ့လိုက်ရသော မိန်းကလေးကို မကြာခဏ သတိရလျက်ရှိနေသည်။

သူမသည် ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်တစ်ခုခုနှင့် တွေ့နေရသောကြောင့် အထိတ်တလန့် ဖြစ်နေရ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း သူမ၏ပင်ကိုယ်အလှများက ပျောက်ကွယ်သွားခြင်း မရှိပေ။

မိန်းကလေး ရေးထားခဲ့သော စာရွက်ခေါက်ကလေးက သူ၏အင်္ကျီအိတ်အတွင်းမှာ ပါလာလေရာ မကြာခဏဆိုသလို ထုတ်ကြည့်နေလေသည်။

စာ၏အောက်ဖက်တစ်နေရာ၌ ယမင်းဟု ရေးထားသော်လည်း ထိုအမည်မှာ သူမ၏အမည်မှန် ဖြစ်ချင်မှ ဖြစ်ပေမည်။

သူမ ရေးထားခဲ့သောစာထဲမှာ ဒေါက်တာမင်းထင်ကျော်နှင့် ထပ်တွေ့ကာ အကူအညီတောင်းချင်သေးသည် ဆိုထားသဖြင့် နောက်ထပ်တွေ့ရဦးမည်ဟုတော့ စိတ်ထဲမှာ ထင်နေမိသည်။

ထို့ပြင် မိန်းကလေးနောက်မှ တကောက်ကောက် လိုက်နေသောသူများမှာ ဘယ်သူလဲ။

ဘာကြောင့် လိုက်နေသလဲဆိုသောအချက်မှာ စိတ်ဝင်စားဖွယ်ရာဖြစ်ပေသည်။

ထိုအဖြေအားလုံးမှာ အကယ်၍ မိန်းကလေးနှင့် ထပ်တွေ့ခွင့်ရပါက ရှင်းသွားလိမ့်မည်ဟုတော့ တွေးမိလေသည်။

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်နေအိမ်သို့ မျက်နှာစိမ်းဧည့်သည်တစ်ယောက် ရောက်လာလေသည်။





အိမ်အရှေ့ဘက်၌ မော်တော်ကားတစ်စီး ရပ်သံကို ကြားရပြီး တပည့်တစ်ယောက်က လာရောက်သတင်းပေးသည်။

"ဆရာ. . . အိမ်ရှေ့မှာ ဧည့်သည်တစ်ယောက်က ဆရာနဲ့ တွေ့ဖို့ ရောက်နေတယ်"

"ဘယ်သူတဲ့လဲ"

"ဦးသက္ကလို့ ပြောပါတယ်"

သူ့အသိမိတ်ဆွေများထဲမှာ ဦးသက္ကအမည်မျိုး မရှိပေ၊ သို့သော်လည်း ထိုနာမည်ကို ကြားဖူးသလို ရှိသောကြောင့် ခေါင်းညိတ်ပြလိုက်ပြီး အပြင်သို့ ထွက်ခဲ့လေသည်။

ဧည့်ခန်းထဲမှာတော့ အကောင်းစား အဝတ်အစားများကို သပ်ရပ်ခန့်ညားစွာ ဝတ်ဆင်ထားသော အသက်ငါးဆယ်ကျော်အရွယ် လူတစ်ယောက်ကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော် အနီးသို့ ရောက်လာသောအခါ ဧည့်သည်ကြီးက ထိုင်ရာမှ ထပြီး အနောက်တိုင်းဆန်ဆန် လက်ကမ်းပေးလိုက်သဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ရသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်ပါ"

"ကျုပ်ရဲ့နာမည်က ဦးသက္ကလို့ ခေါ်ပါတယ်၊ အလုပ်တာဝန်ကတော့ 'မြန်မာပညာတတ် အလုပ်လက်မဲ့များ ကူညီမှုပေးရေးအသင်းကြီး' ရဲ့ဥက္ကဋ္ဌတစ်ယောက်ပါပဲ"

ထိုအခါမှပင် ဦးသက္ကဟူသောအမည်ကို ကြားဖူးသည်


www.burmeseclassic.com

www.burmeseclassic.com

ဟူသောအချက်မှာ ရှင်းရှင်းလင်းလင်းဖြစ်သွားလေသည်။

ဦးသက္ကတို့ တာဝန်ယူနေရသော ပညာတတ်များ အလုပ်ရရှိရေးအတွက် အကူအညီပေးနေသော အသင်းကြီးမှာ မြန်မာပြည်တွင် များစွာနာမည်ကြီးပြီး လူသိများသော အသင်းတစ်သင်း ဖြစ်သလို ၎င်းအသင်းနှင့် ပတ်သက်သော သတင်းများမှာလည်း ဂျာနယ်သတင်းစာများတွင် မကြာခဏ ဖော်ပြကြလေသည်။

ထိုသတင်းများနှင့်အတူ ဦးသက္က၏ဓါတ်ပုံကိုလည်း မကြာခဏ ဖော်ပြပေးကြလေသည်။

ထိုအသင်းမှာ ကိုလိုနီနယ်ချဲ့ခေတ်က စတင်ထူထောင်ခဲ့သောအသင်းဖြစ်ပြီး တည်ထောင်စက နိုင်ငံရေးသမားများနှင့် အချို့သောလူများ၏ ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်ခြင်း ခံရသော်လည်း နောက်ပိုင်းမှာတော့ ပညာတတ်သော အလုပ်လက်မဲ့ လူငယ်လူရွယ်များ၏ ယုံကြည်အားကိုးမှု ရလာခဲ့သောကြောင့် ကိုလိုနီနယ်ချဲ့များ မရှိတော့သည့်နောက်ပိုင်းမှာလည်း ဆက်လက်တည်မြဲနေခြင်းပင်ဖြစ်၏။

ဦးသက္ကဆိုသူမှာ ဥပမိရုပ်ကောင်းသူဖြစ်ပြီး ဝတ်စားဆင်ယင်မှုမှာလည်း အထက်တန်းကျလှ၏။

ပိုးပုဝါခေါင်းပေါင်း၊ အတွင်း၌ ကြွေသားတင်ထားသော စတစ်ကော်လံ လည်ရိုးအင်္ကျီကို ဝတ်ထားပြီး အပေါ်မှ ပိုးသား





ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထားသည်။

အတွင်းအင်္ကျီ၌ စိန်ပွင့်တပ်ထားသော ရွှေကြယ်သီးများ တပ်ထားပြီး ရွှေကြိုးတပ် အိတ်ဆောင်နာရီကို အပေါ်အင်္ကျီအိတ်အတွင်းမှာ ထည့်ထားလေသည်။

အောက်မှာတော့ မြန်မာ့ဂုဏ်ရည်ပိုးထည်တိုက်မှ ထုတ်လုပ်သော ဇင်းမယ်ပိုးလုံချည်ကို ဝတ်ဆင်ထားလေသည်။

ထို့ပြင် ခါးပတ်၊ ပိုက်ဆံအိတ်၊ နောက်ပိတ်ရှူးဖိနပ်စသည်တို့မှာ အဆင့်အတန်းကျကျ နေထိုင်သူတစ်ယောက်အဖြစ် ဖော်ပြပေးလျက်ရှိပေသည်။

သို့သော်လည်း တစ်ခုတော့ ရှိပေသည်။

ဦးသက္ကဆိုသူမှာ အဝတ်အစား အသုံးအဆောင်ပစ္စည်းများကို အကောင်းစား အညွန့်စား ဝတ်ဆင်ထားစေကာမူ ၎င်း၏ရုပ်ရည်သွင်ပြင်ကတော့ ကြမ်းတမ်းခက်ထန်ဟန်ရှိပေသည်။

အသားအရေက မည်းလှပြီး နေလောင်ကွက်များပင် ပေါ်နေသည်။

ထို့ထက် မျက်နှာ၊ လက်နှင့် ခြေထောက်တို့တွင် ဒဏ်ရာဒဏ်ချက်များစွာတို့ ရှိနေပြီး အမာရွတ်များက အထင်းသား ပေါ်နေလေသည်။

ဖိနပ်ချွတ်ထားသော်လည်း ခြေအိတ်ရှိနေသောကြောင့် ခြေထောက်ကို မမြင်ရစေကာမူ ခြေထောက်ပိုင်းမှာလည်း ဖြီး


www.burmeseclassic.com

www.burmeseclassic.com



မားသောဒဏ်ရာဒဏ်ချက်များ ရှိဟန်တူပေသည်။

နှစ်ယောက်သား ကုလားထိုင်ပေါ်တွင် ထိုင်မိသောအခါ ဦးသက္ကက ရင်ဖုံးအင်္ကျီအိတ်အတွင်းမှ ရွှေရောင်ဆေးလိပ်ဗူးတစ်ဗူးကို ထုတ်ကာ အတွင်းမှ ဆေးပြင်းလိပ်တစ်လိပ်ကို ယူပြီး စိမ်ပြေနပြေ မီးညှိနေပြန်သည်။

ဆေးလိပ်ကို မီးစွဲသွားတော့မှ တစ်ဖွာနှစ်ဖွာ ဖွာပြီး စကားစသည်။

"ကျုပ်က ဒေါက်တာနဲ့ အခုမှ ဆုံဖြစ်ကြပေမယ့် ဒေါက်တာနဲ့ ပတ်သက်တဲ့သတင်းတွေတော့ ကြားဖူးပါတယ်"

"ဘယ်လိုသတင်းမျိုးတွေပါလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ စွန့်စွန့်စားစား ခရီးသွားလာတဲ့သတင်းတွေနဲ့ ပျောက်ဆုံးနေတဲ့ ရတနာသိုက်တွေကို တကူးတက လိုက်ရှာတယ်ဆိုတဲ့သတင်းတွေပါ"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။

"ကျွန်တော်တို့က ဝါသနာ ပါလို့ လုပ်နေကြတာပါ၊ ဒါထက် ဦးသက္က အခု ဒီကိုလာတဲ့ အကြောင်းအရင်းက ဘာကိစ္စများ ရှိလို့ပါလဲ"

"အကူအညီတောင်းစရာလည်းရှိ တိုင်ပင်စရာလည်း ရှိလို့ပါ"

"ဟုတ်ကဲ့. . . ပြောပါ"





ဦးသက္ကက အင်္ကျီအိတ်အတွင်းမှ ဓါတ်ပုံတစ်ပုံကို ထုတ်ပြီး ဒေါက်တာမင်းထင်ကျော်ကို လှမ်းပေးသဖြင့် ယူကြည့်လိုက်သည်။

ဓါတ်ပုံကို မြင်သောအခါ ဇဝေဇဝါ ဖြစ်သွားလေသည်။

ဓါတ်ပုံမှာ မိန်းကလေးတစ်ယောက်ကို ဘေးစောင်းအနေအထား ရိုက်ထားသော ဓါတ်ပုံဖြစ်သောကြောင့် မျက်နှာအနေအထားကို သေသေချာချာ မမြင်ရစေကာမူ ထိုမျက်နှာ၏ ပုံပန်းသဏ္ဌာန်မှာ ကျူလယာဆိုင်မှာ တွေ့လိုက်ရသည့် ယမင်းဆိုသော မိန်းကလေး၏မျက်နှာနှင့် များစွာဆင်လှပေသည်။

"ဒါ ကျုပ်ရဲ့သမီးလေးပါ၊ နာမည်က ယမင်းခင်လို့ ခေါ်ပါတယ်"

ထိုစကားကြားတော့မှ ဓါတ်ပုံထဲမှ ယမင်းခင်ဆိုသော မိန်းကလေးမှာ သူတွေ့ဖူးသော 'ယမင်း' ဆိုသည့်မိန်းကလေးပင် ဖြစ်ကြောင်း သိရတော့သည်။

"တလောက သူချစ်တဲ့သူနဲ့ လက်ထပ်ဖို့ကိစ္စကို ကျုပ်အနေနဲ့ သဘောမတူတာနဲ့ အိမ်က ရွှေငွေရတနာတွေ အတော်များများ ယူပြီး လူကြီးတွေ မသိအောင် အိမ်က ထွက်သွားတယ်"

"သူ့ချစ်သူဆီ ဆင်းသွားတာ ဖြစ်မှာပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး၊ သူ့ချစ်သူက ဒီအကြောင်းတွေကို သိတောင် မသိသေးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း စိတ်ပူပြီး လိုက်ရှာတာ ဘယ်မှာမှ ရှာမရတာနဲ့ ဒီကိုလာခဲ့တာပါပဲ”

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ပြုံးလိုက်လေသည်။

“ဦးသက္ကတော့ မှားနေပြီထင်တယ်၊ ကျွန်တော်က သုတေသနသမားတစ်ယောက်ပါ၊ စုံထောက်တစ်ယောက် မဟုတ်ပါဘူး၊ ဒီကိစ္စမျိုးတွေက စုံထောက်တွေ ပုလိပ်တွေ လုပ်နိုင်မယ့်ကိစ္စမျိုး ဖြစ်ပါတယ်”

ထိုစကားကြားသောအခါ ဦးသက္ကက သောက်လက်စ ဆေးပြင်းလိပ်မှ ပြာများကို ဆေးလိပ်ပြာခွက်ထဲသို့ ခြွေချလိုက်သည်။

“ကျုပ်လည်း ဒါကိုသိပါတယ် ဒေါက်တာ၊ အမှန်ပြောရရင် ကျုပ်အနေနဲ့ ပုလိပ်တွေနဲ့ သိပ်ပြီးမပတ်သက်ချင်လို့ပါ၊ ကျုပ်တာဝန်ယူပြီးလုပ်နေတဲ့ အလုပ်လက်မဲ့များ ကူညီပေးတဲ့အသင်းကို အစိုးရလူတွေက သိပ်ပြီးသဘောမကျလေတော့ အမြဲတမ်းလိုလို မျက်စိဒေါက်ထောက်ပြီး စောင့်ကြည့်နေကြတယ်၊

ဒါကြောင့် ပုလိပ်တွေ စုံထောက်တွေနဲ့ လုံးလုံးကို မပတ်သက်ချင်တာပါ”

ထိုအခါမှပင် ဦးသက္ကတစ်ယောက် မိမိထံ ရောက်လာရသောအကြောင်းကို သဘောပေါက်ရတော့သည်။





သို့ကြောင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“ဒါကြောင့် ဒေါက်တာရဲ့လိပ်စာကို စုံစမ်းပြီး တကူးတက လာခဲ့ရခြင်းဖြစ်ပါတယ်၊

ဖြစ်နိုင်မယ်ဆိုရင် ကျုပ်ကို အကူအညီပေးပါ ဒေါက်တာ၊ ကျုပ်သမီးလေးက မိတဆိုး တစ်ဦးတည်းသောသမီးလေး ဖြစ်တာမို့ မတော်တဲ့လူတွေနဲ့ တွေ့ပြီး ဒုက္ခရောက်သွားမှာစိုးလို့ပါ”

“အေးဗျာ. . . ကျွန်တော့်အနေနဲ့တော့ ဒီအလုပ်မျိုးတွေ လုပ်လေ့မရှိပါဘူး၊ ဒါပေမယ့် သွားရင်းလာရင်းနဲ့တော့ စုံစမ်းပေးပါ့မယ်”

“ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်၊ ဒေါက်တာ့ရဲ့ ကျေးဇူးကိုလည်း ထိုက်ထိုက်တန်တန် ပြန်ဆပ်ပေးပါ့မယ်”

“မလိုပါဘူးဗျာ. . . ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ သူ့ကို တွေ့ရင်တောင်မှ ကျွန်တော့်အနေနဲ့ ဇွတ်အတင်း ခေါ်ပိုင်ခွင့် မရှိဘူး”

“အို. . . ဒီလောက်အထိ မလိုပါဘူး၊ သူ ဘယ်မှာရှိတယ်ဆိုတာလောက် သိရရင် တော်ပါပြီ၊ ကျန်တာကတော့ ကျုပ်ကပဲ ဆက်ပြီးဆောင်ရွက်ပါ့မယ်၊

ဟောဒီမှာ ကျုပ်ရဲ့လိပ်စာကဒ်ပြားပါ၊ အကြောင်းထူးရင်သာ တဆိတ်လောက် အကြောင်းကြားပေးပါဗျာ. . .



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးမမေ့ပါဘူး”

ဟု ပြောပြီး အိတ်အတွင်းမှ လိပ်စာကဒ်ပြားတစ်ခုကို ထုတ်ပေးလေသည်။

လိပ်စာကဒ်ပြားပေါ်၌ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာဖြင့် ရိုက်ထားလေသည်။

ဦးသက္က
ဉက္ကဋ္ဌ
မြန်မာပညာတတ် အလုပ်လက်မဲ့များ
ကူညီမှုပေးရေးအသင်း၊
မန္တလေးနှင့် ရန်ကုန်မြို့။

BURMESE CLASSIC .com

ဟူ၍ရေးသားထားလေသည်။

ထို့နောက်တွင် ဦးသက္ကက ဒေါက်တာမင်းထင်ကျော်ကို နှုတ်ဆက်ပြီး ပြန်ဖို့ပြင်လေရာ ဒေါက်တာမင်းထင်ကျော်ကပါ ထပြီး အိမ်ပေါက်ဝအထိ လိုက်ပို့ပေးလေသည်။

ခြံဝန်းထဲ ဆင်းလိုက်သောအခါ မွေးထားသော အင်းခွေးနှစ်ကောင်က စူးစူးဝါးဝါး ဟောင်ပြီး ဦးသက္က ရှိရာသို့ ပြေးလာရာ ရုတ်တရက်မို့ ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားလေသည်။





ထိုခွေးနှစ်ကောင်မှာ ယခင်က ဧည့်သည်များ လာလျှင် ထိုသို့ပြုလုပ်ကြခြင်း မရှိပေ။

သို့ကြောင့်လည်း ရုတ်တရက်ကြီးမို့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားကြခြင်းဖြစ်ပေသည်။

အင်းခွေးနှစ်ကောင်မှာ အရပ်အမောင်း၊ အလုံးအထည် ကောင်းလှပေရာ ထိုခွေးနှစ်ကောင် ဝိုင်းကိုက်မည်ဆိုပါက ဦးသက္ကမှာ မရှုမလှ ခံရမည်မှာ သေချာလှပေသည်။

ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင်ပင်လျှင် မမျှော်လင့်သောအခြေအနေကြောင့် အတော်ကလေး စိုးရိမ်သွားမိလေသည်။

သို့စေကာမူ အခြေအနေက သူစိုးရိမ်နေသကဲ့သို့ ဖြစ်မလာခဲ့ပေ။

အဝေးမှာ ရှိနေစဉ်က ဒေါသတကြီးနှင့် မာန်ဖီကာ ပြေးလာသော အင်းခွေးနှစ်ကောင်မှာ ငြိမ်သက်စွာ ရပ်နေသည့် ဦးသက္က ရှိရာနှင့် မနီးမဝေးရောက်သောအခါ အရှိန်ဖြင့် ပြေးလာသော မြင်းတစ်ကောင်ကို ဇက်ကြိုးဆွဲလိုက်သကဲ့သို့ တုံ့ကနဲ ရပ်တန့်သွားလေသည်။ စောစောက မာန်ထနေသော အမူအယာများမှာလည်း ချက်ချင်းပြောင်းလဲသွားပြီး အမြီးကုတ်ကျသွားကာ တအီအီနှင့် ဖြစ်သွားလေတော့သည်။

ပမာဆိုရလျှင် တောထဲမှာ အမဲလိုက်သောခွေးများ



www.burmeseclassic.com

www.burmeseclassic.com



ကျားအနံ့ရသည်နှင့် ဖြစ်သွားသောပုံသဏ္ဌာန်မျိုးနှင့် တူနေလေတော့သည်။

ဦးသက္ကကတော့ အင်းခွေးနှစ်ကောင် ပြေးလာသည်ကို မြင်သော်လည်း ကြောက်ရွံ့ခြင်း အလျှဉ်းမရှိဘဲ ဆေးပြင်းလိပ်ကို ခဲရင်း စိုက်ကြည့်နေရာ ခဏကြာသောအခါ အင်းခွေးနှစ်ကောင်မှာ အမြီးကုတ်လျက် နောက်ကြောင်းသို့ ပြန်ပြေးသွားကြလေတော့သည်။

ထိုအခါမှ ဦးသက္ကမှာ အေးအေးဆေးဆေး အမူအယာဖြင့် ကားရှိရာသို့ လျှောက်သွားပြီး တံခါးဖွင့်၍ အပေါ်တက်ပြီးနောက် ဒရိုင်ဘာကို အမိန့်ပေးကာ မောင်းထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ ထူးထူးခြားခြားမြင်ကွင်းကြောင့် များစွာတအံ့တဩဖြစ်နေတော့သည်။





## အခန်း (၈)

# လျှို့ဝှက်သော လှည့်ကွက်ကောင်

BURMESE CLASSIC .com

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး တစ်ပတ်ခန့် အချိန်ကြာသောအခါ တစ်နေ့သ၌ နံနက်ပိုင်းအချိန်၌ ဒေါက်တာမင်းထင်ကျော်နေအိမ်သို့ ဦးဗန်ကောင်းတစ်ယောက် ရောက်လာလေသည်။

"အလို့. . . အစောကြီး ရောက်လာပါလား၊ ဘယ်လိုအကြောင်းကိစ္စများ အရေးကြီးလာလို့လဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"သတင်းထူးတစ်ခု ကြားလို့ မောင်ထင်ကျော်ဆီ လာခဲ့တာပဲ"

"ဘယ်လိုသတင်းထူးများလဲ"

"အခုတလော မောင်ထင်ကျော်က တိုတမ်ဝါဒကနေ ဆင်းသက်လာတဲ့ လူစင်စစ်ကနေ တိရစ္ဆာန်အသွင်ပြောင်းနိုင်တဲ့ ပညာတွေကို ရှာဖွေလေ့လာနေတယ်မဟုတ်လား"

"မှန်ပါတယ်"

"အမှန်တော့ ဒီပညာရပ်တွေဟာ ကျုပ်တို့ ယုံကြည်တဲ့ ဘာသာရေးရှုထောင့်က ကြည့်ရင်တော့ အတော်ကလေး မလုပ်သင့်တဲ့ပညာမျိုးတွေပဲ"

"ဘာကြောင့်များလဲ"

"ဗုဒ္ဓဘာသာ အယူဝါဒမှာ လူ့ဘဝဟာ တန်ဖိုးအမြင့်ဆုံးလို့ သတ်မှတ်ထားတယ်မဟုတ်လား၊ ရတောင့်ရခဲဖြစ်တဲ့ လူ့ဘဝကို ရထားပါလျက်နဲ့ အပါယ်လေးဘုံမှာ ပါဝင်တဲ့ တိရစ္ဆာန်ဘဝကို ပြန်ပြောင်းချင်တာကတော့ တယ်ပြီးသဘာဝမကျဘူး မဟုတ်လား"

"အဘ ပြောတာလည်း မှန်ပါတယ်၊ ဒါပေမယ့် တိရစ္ဆာန်ဘဝပြောင်းတယ်ဆိုတာလည်း အမြဲပြောင်းတာမှ မဟုတ်တာဘဲ၊ တိရစ္ဆာန်တစ်ကောင်ရဲ့သဘာဝစွမ်းအားကို အသုံးချချင်လို့ ယူတာဆိုတော့ စိတ်ဝင်စားဖို့ကောင်းပါတယ်"





ဒေါက်တာမင်းထင်ကျော်က သူစိတ်ဝင်စားနေသော ပညာရပ်ဘက်မှ ကာကွယ်ပြောဆိုလိုက်သဖြင့် ဦးဗန်ကောင်းလည်း အတိုက်အခံသဘောမျိုး ဆက်မပြောတော့ပေ။

"ထားပါတော့လေ. . မောင်ထင်ကျော် ပြောတဲ့အတိုင်းပဲ မှန်နေသလားတော့ မပြောတတ်ဘူး၊ အခုတလော ကြားနေရတဲ့သတင်းတွေကတော့ စိတ်ဝင်စားစရာတွေချည်းပဲ"

"ဘယ်လိုသတင်းမျိုးတွေလဲ အဘရဲ့. . . ပြောပါဦး"

"မောင်ထင်ကျော် အခုတလော မြို့ထဲကို သိပ်မရောက်ဘူးနဲ့တူတယ်"

"ဟုတ်တယ်. . . ဟိုတလောက ဦးမင်းဟန်နဲ့ ကျူလယာဆိုင်ကို တစ်ခေါက်သွားတာပဲ ရှိတယ်"

"အခုတလော ညဘက်တွေမှာ ကျားလိုလို ဝံပုလွေလိုလို သတ္တဝါတစ်ကောင် တွေ့နေရတယ်ဆိုတဲ့ သတင်းတွေ ထွက်နေတယ်လေ၊ ဂျာနယ်နဲ့သတင်းစာတွေကတော့ သမန်းကျားလိုလို ရေးနေတော့ မဖတ်မိဘူးလား"

"ဟင့်အင်း. . . ကျွန်တော်တော့ အဲဒီအကြောင်းတွေကို မသိသေးဘူး၊ အဘ သိသမျှ ပြောပြပါဦး"

ဟု ပြောသဖြင့် ဦးဗန်ကောင်းက ကုလားထိုင်မှာ ဝင်ထိုင်ရာ ဒေါက်တာမင်းထင်ကျော်ကပါ မျက်နှာချင်းဆိုင်၌ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ မြို့ထဲ မကြာခဏ ရောက်နေတဲ့သူဆိုတော့ သတင်းစုံ ကြားနေရတယ်၊ အဲဒီသတ္တဝါက လမိုက်ညတွေမှာ အပြင်ထွက်လာလေ့ရှိတယ်၊ တလောက ကမ်းနားဘက်က ပွဲရုံတစ်ရုံရဲ့နံဘေးမှာ ရောက်နေတာကို အစောင့်ကုလားတွေက မြင်လိုက်ကြရတယ်"

"ဘယ်လိုပုံစံမျိုးတဲ့လဲ"

"သူတို့ပြောပုံအရဆိုရင်တော့ ကျားလိုလို မြေခွေးလိုလို သတ္တဝါမျိုးနဲ့ တူတယ်လို့ ပြောကြတယ်၊ မာန်ဖီတာကတော့ ကျားနဲ့ မတူဘဲ ဝံပုလွေတစ်ကောင် မာန်ဖီသံမျိုးနဲ့ တူတယ်လို့ ပြောကြတယ်"

"စိတ်ဝင်စားစရာပဲ. . . တိရစ္ဆာန်ရုံထဲက သတ္တဝါတစ်ကောင်ကောင်များ လွတ်ပြီး အပြင်ရောက်နေတာလား၊ ဒါမှမဟုတ် သတင်းစာတွေ ထင်မြင်ချက် ပေးပြီး ရေးသလို သမန်းကျားတွေများ ရန်ကုန်ရောက်နေရော့သလား. . . စဉ်းစားစရာပဲ"

ထိုသို့ပြောဆိုနေကြစဉ် တယ်လီဖုန်းဘဲလ်သံ မြည်လာသောကြောင့် ဒေါက်တာမင်းထင်ကျော်က သွားကိုင်ပြီး ခပ်သွက်သွက် ပြန်ရောက်လာလေသည်။

"ပြောလို့မှ စကားမဆုံးသေးဘူး၊ စိတ်ဝင်စားတဲ့ကိစ္စကတော့ ပေါ်လာပြီ အဘရေ"





"ဘယ်သူဆက်တာလဲ. . . ဘာကိစ္စလဲ"

"စုံထောက်ကျော်စွာ တယ်လီဖုန်းဆက်ပြောတာ၊ ကီလီနားက ကုမ္ပဏီတစ်ခုမှာ လူသတ်မှုတစ်ခု ဖြစ်နေလို့တဲ့၊ အသတ်ခံရတဲ့လူရဲ့ကိုယ်ပေါ်မှာ တွေ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေက တိရစ္ဆာန်တစ်ကောင်ရဲ့ ကိုက်ရာ ကုတ်ရာတွေနဲ့ တူလို့ ကျွန်တော်တို့ကို လာကြည့်ပေးဖို့ လှမ်းပြီးအကြောင်းကြားတာပဲ၊ အမြန်သွားကြရအောင်"

ဟု ပြောကာ အပြင်သွားရန် အလျင်အမြန် ပြင်ဆင်လေသည်။

"အင်း. . . သူတို့ ပြောတဲ့အတိုင်း ရန်ကုန်မြို့ထဲမှာ သမန်းကျားတွေ ရန်ကုန်မြို့ထဲ ရောက်နေတယ်ဆိုတာ တကယ်များ ဖြစ်နေရော့သလား"

ဟု ဦးဗန်ကောင်းကတော့ ရေရွတ်နေလေသည်။

ထို့နောက် နှစ်ယောက်သား ဒေါက်တာမင်းထင်ကျော် မော်တော်ကားဖြင့် ကမ်းနားလမ်းဘက်သို့ ဆင်းလာခဲ့ကြလေသည်။

စုံထောက်ကျော်စွာ လိပ်စာပေးသောနေရာမှာ ကီလီဈေးနှင့် မျက်နှာချင်းဆိုင်နေရာလောက်တွင် ရှိသော အောင်ချမ်းသာ ကုမ္ပဏီပင်ဖြစ်ပေသည်။

သူတို့ရောက်သွားတော့ တိုက်ရှေ့မှာပင် အနောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ခရိုင် ရာဇဝတ်အုပ်ဦးထင်ပေါ်နှင့် တွေ့ကြရသည်။

"အော်. . ဆရာတို့တောင် ရောက်လာကြပြီကိုး၊ ကေ့နွှ မောင်ကျော်စွာ ဖုန်းဆက်ပြောတာနဲ့တူတယ်"

"မှန်ပါတယ်"

"သူလည်း အတွင်းမှာ ရှိပါတယ်၊ အမှုကတော့ ခပ်ဆန်းဆန်းပဲ ဆရာရေ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း အတွင်းသို့ ဝင်လာကြသည်။

အောင်ချမ်းသာကုမ္ပဏီမှာ အတော်ကျယ်ဝန်းသော်လည်း အောက်ထပ်တစ်ခုလုံးတွင် ပစ္စည်းများဖြင့် ပြည့်ကျပ်နေသည်။

ပိုက်များနှင့်ဖော့လုံးပုံများက အခန်းတစ်ခုလုံးတွင် ထက်ဝက်လောက် နေရာယူထားကြသည်။

အတွင်းဘက် ရောက်တော့ စုံထောက်ကျော်စွာနှင့် တွေ့ရသည်။

စုံထောက်ကျော်စွာမှာ အသက်(၃၀)ဝန်းကျင်အရွယ်ခန့် ရှိပြီး ဖျတ်လတ်သွက်လက်သော လူရွယ်တစ်ဦးဖြစ်ပေသည်။

"ဆရာ ရောက်လာပြီလား၊ အမှုကတော့ လူသတ်မှုဆိုတာ ထင်ရှားပါတယ်၊ ဒါပေမယ့် သေပုံကတော့ အတော်ကလေး ဆန်းတယ်"



"အလောင်းက ဘယ်နေရာမှာလဲ"

"ဟိုအနောက်ဘက်ခြံဝန်းထဲမှာ"

"သေတဲ့လူက ဘယ်သူတဲ့လဲ"

"ဒီတိုက်မှာ ညဘက်စောင့်တဲ့ ကုလားတစ်ယောက်ပါပဲ"

ဟု ပြောပြီး အလောင်းရှိသော အနောက်ဘက်သို့ ခေါ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ စုံထောက်တစ်ယောက် မဟုတ်စေကာမူ အမှုတော်တော်များများတွင် စုံထောက်ကျော်စွာတို့နှင့် ပူးပေါင်းပြီး တရားခံများကို ဖော်ထုတ်ဖမ်းဆီးပေးခဲ့သဖြင့် စုံထောက်ကြီးဦးစံရှား၊ ဦးထင်ကျော်တို့ကဲ့သို့ အလွတ်စုံထောက်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေခဲ့ကာ စုံထောက်ကျော်စွာတို့ကလည်း အရေးကြီးပြီး ခက်ခဲသောအမှုမျိုးတွင် ဒေါက်တာမင်းထင်ကျော်ကို အားကိုးတိုင်ပင်ခြင်း ပြုကြလေသည်။

အောင်ချမ်းသာကုမ္ပဏီ၏အနောက်ဘက်တွင် စတိုပစ္စည်းများ ထားသော ဂိုဒေါင်တစ်လုံးရှိပြီး ထိုဂိုဒေါင်၏ အနောက်ဘက်တွင် အများသုံးစွဲရန် အိမ်သာတစ်လုံး ဆောက်ပေးထားသည်။

ထိုအိမ်သာမှာ ကုမ္ပဏီမှ အလုပ်သမားများ အသုံးပြုသော အိမ်သာဖြစ်ဟန်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သေဆုံးနေသော ကုလားမှာ ထိုအိမ်သာအဆင်းနေရာ ဘေးတွင် ခွေခွေကလေး လဲကျနေခြင်းဖြစ်သည်။ ဘေးစောင်း အနေအထားဖြင့် လဲကျနေသောကြောင့် မျက်နှာအခြေအနေကို ကောင်းစွာမမြင်ရပေ။ ထိုနေရာတစ်ဝိုက်မှာတော့ သွေးများက အိုင်ထွန်းလျက်ရှိနေသည်။

ဦးထင်ပေါ်က ကုမ္ပဏီပိုင်ရှင်နှစ်ဦးဖြစ်ကြသော ရွှေလင်းနှင့်ရွှေမင်းတို့နှစ်ယောက် မေးမြန်းနေစဉ် ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်က အလောင်းရှိနေသော နေရာတစ်ဝိုက်ကို စစ်ဆေးကြည့်ကြလေသည်။

ဦးပန်ကောင်းက အနောက်ဘက်မှာ ကာရံထားသော ခြံစည်းရိုးနေရာသို့ သွားကြည့်နေသည်။

ပုလိပ်များက ဒေါက်တာမင်းထင်ကျော်တို့ လာတာ မြင်တော့ နေရာဖယ်ပေးကြသည်။

ဆားပုလင်း(ရဲကြပ်)တစ်ယောက်ကတော့ သူစစ်ဆေးတွေ့ထားသော အမှုနှင့် ပတ်သက်သည့် သဲလွန်စများကို ပြောပြသည်။

"ခြံဝန်းထဲ ဝင်လာတဲ့ သူခိုးက ခြံစောင့်ကုလားနဲ့ ပက်ပင်းတိုးတာနဲ့ သူ့မှာ ပါလာတဲ့သံချွန် ဒါမှမဟုတ် မှိန်းနဲ့ သဏ္ဍာန်တူတဲ့ ချွန်ထက်တဲ့အရာတစ်ခုခုနဲ့ ထိုးသတ်သွားလို့ ပွဲချင်းပြီးသေတာပဲ"





"ချွန်ထက်တဲ့အရာနဲ့ ထိုးတယ်လို့ ဘာကြောင့် ပြောပြနိုင်တာလဲ"

"လည်ပင်းမှာ အပေါက်တွေ ဖြစ်နေတာ ကြည့်တာနဲ့ သိနိုင်တာပါ"

ဟု ပြောသဖြင့် ကျော်စွာနှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်က သေဆုံးနေသောအလောင်းကို စစ်ဆေးကြည့်ကြသည်။

အလောင်းပတ်ဝန်းကျင်တစ်ဝိုက်မှာ ခြေရာနှင့် အခြားသဲလွန်စများ ရှိမရှိ သေချာစွာ စစ်ဆေးကြည့်ကြလေသည်။

ညဉ့်ဦးပိုင်းက မိုးရွာထားသောကြောင့် ခြေရာလက်ရာ အတော်များများမှာ မိုးရေဖြင့် ပျောက်ပျက်လျက်ရှိနေချေပြီ။

သို့သော် တစ်နေရာမှာတော့ သွေးစွန်းနေသော ခြေရာတစ်ခုကို တွေ့ရသည်။

ခြေရာမှာ လူခြေရာတော့ မဟုတ်ပေ။

သတ္တဝါတစ်ကောင်၏ခြေရာပင်ဖြစ်သည်။

ခြေရာကတော့ ခွေး၊ ဒါမှမဟုတ် တောကောင်၏ ခြေရာမျိုးနှင့် ဆင်ဆင်တူလေသည်။

ထို့ပြင် ခြေရာမှာ တောကောင်ခြေရာကဲ့သို့ ပုပုဝိုင်းဝိုင်း မဟုတ်ဘဲ လူတစ်ယောက်ခြေရာမျိုးကဲ့သို့ ရှည်မျောမျောဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖနောင့်ပိုင်းက လူခြေရာနှင့် အတော်တူပြီး ရှေ့ပိုင်းက ခြေသည်းလက်သည်းများ ပါသော တောကောင်၏ခြေရာနှင့် ပုံသဏ္ဍာန်တူလေသည်။

ထိုခြေရာ၏ထူးခြားမှုမှာ အလယ်နေရာတွင် ခွက်နေပြီး ရှေ့ခြေချောင်းတစ်ခုမှာ အရင်းမှ ပြတ်ထွက်နေဟန်ဖြင့် မပါပေ။

"ဘယ်လိုခြေရာမျိုးလဲ ဆရာ. . . ခွေးခြေရာများလား"

"ခွေးခြေရာက ဒီလောက်ဘယ်ကြီးပါ့မလဲ ကိုကျော်စွာရဲ့၊ နောက်ပြီး ခွေးခြေရာနဲ့လည်း သိပ်မတူပါဘူး"

"ဒါဖြင့် ကျားခြေရာများ ဖြစ်နေရော့သလား၊ ရန်ကုန်မြို့လယ်ခေါင်မှာတော့ ကျားမရှိတန်ပါဘူး၊ တိရစ္ဆာန်ရုံက ကျား၊ ဒါမှမဟုတ် ဆပ်ကပ်တစ်ဖွဲ့ဖွဲ့က ကျားများ လွတ်ထွက်လာပြီး လာကိုက်သွားလေရော့သလား"

စုံထောက်ကျော်စွာက ၎င်း၏ထင်မြင်ချက်ကို ပြောပြလေသည်။

ထို့နောက် တစောင်းအနေအထား လဲကျနေသော အလောင်းကို ပက်လက်လှန်လိုက်သည်။

ထိုအခါမှ ကုလား၏အသက်ကို ချွေသွားသောဒဏ်ရာဒဏ်ချက်များကို တွေ့ရတော့သည်။

လည်ပင်းနေရာမှာ ကျားကိုက်သောအစွယ်ရာကဲ့သို့ အပေါက်များ တွေ့ရပြီး ရင်ဘတ်နှင့်ကိုယ်ပေါ်မှာလည်း လက်





သည်းများဖြင့် ကုတ်ခြစ်ထားသောကြောင့် အကျႌများ အမွှာမွှာ စုတ်ပြဲထွက်နေပြီး ရင်ဘတ်နှင့် ပခုံးတစ်ဝိုက်တွင် လက်သည်း ဒဏ်ရာအစင်းကြောင်းကြီးများ ပေါ်နေသည်။

ရင်ဘတ်တစ်ဝိုက်မှာလည်း သွေးများက ဒရဟော ထွက်နေပြီး အချို့နေရာများမှာ သွေးများ ခြောက်နေချေပြီ။

"သေချာတာကတော့ အစွယ်ရှိတဲ့ သတ္တဝါတစ်ကောင်ကောင် ဝင်ကိုက်သွားလို့ သေရတာပဲ"

ထိုသို့ပြောနေစဉ် ဦးပန်ကောင်းက အနားသို့ ပြန်ရောက်လာပြီး ပြောသည်။

"မောင်ထင်ကျော်ပြောတာ ဖြစ်နိုင်ပါတယ်၊ ဝင်လာတာက အိမ်သာနောက်ဘက်က ခြံစည်းရိုးကို ခုန်ကျော်ပြီး ဝင်လာပုံရတယ်၊ သူဝင်လာတဲ့အချိန်မှာ ကုလားကအသံကြားလို့ အိမ်သာက ထွက်လာတာနဲ့ ပက်ပင်းတိုးပြီး ကိုက်သတ်ခံလိုက်ရပုံပဲ၊ ခြံစည်းရိုး အနောက်ဘက် အုတ်တံတိုင်းအပေါ်မှာ သံဆူးကြိုးတွေ တင်ထားတယ်၊ ဒီလောက်မြင့်တဲ့ ခြံစည်းရိုးကို လွှားကနဲ ခုန်ဝင်လာနိုင်ပုံထောက်တော့ နည်းတဲ့သတ္တဝါတော့ ဟုတ်မယ်မထင်ဘူး"

"ဘယ်လိုသတ္တဝါမျိုး ဖြစ်မလဲ အဘ"

"သံဆူးကြိုးမှာ ခြစ်မိပြီး ကျန်ခဲ့တဲ့အမွှေးတွေကို ယူလာခဲ့တယ်. . . ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး စက္ကူဖြင့် ထုပ်ယူလာသော အမွေးအမျှင်များကို ပြသဖြင့် ကြည့်ကြသည်။

အမွေးများမှာ အနက်ရောင်ဖြစ်ပြီး ကျားမွေး၊ ကျားသစ်မွေးများနှင့်တော့ မတူပေ။

ကျားမွေးက ပျော့ပြောင်းပြီး ယခုအမွေးများက မာကျောပြီး ကြမ်းလှသည်။

အနီးစပ်ဆုံးကတော့ ဝက်ဝံအမွေးနှင့် တူသော်လည်း ဝက်ဝံကတော့ ခြောက်ပေလောက် မြင့်သော အုတ်တံတိုင်းကိုတော့ ကျော်ဝင်လာမည် မဟုတ်ပေ။

"အမွေးကတော့ ဝက်ဝံအမွေးနဲ့ အတော်တူတာပဲ၊ အစွယ်နဲ့ ကိုက်ထားတဲ့ဒဏ်ရာ၊ လက်သည်းနဲ့ ကုတ်ထားတဲ့ဒဏ်ရာတွေကလည်း ဝက်ဝံကုတ်တာ ကိုက်တာနဲ့ အတော်တူတယ်"

"ဒါပေမယ့် ဒီလောက်မြင့်တဲ့ အုတ်တံတိုင်းကိုတော့ ဝက်ဝံက ခုန်ဝင်မလာနိုင်ဘူး ထင်တယ်"

"ဒါဖြင့် ဘာကောင်ဖြစ်မလဲ"

"အမွေး၊ လက်သည်း၊ အစွယ်ဒဏ်ရာတွေနဲ့ အခြေအနေကို ကြည့်ပြီး ပြောရရင် ဒီကုလားကို သတ်သွားတာ ဘာစဗီကာခွေးလို ခွေးနက်ကြီးတစ်ကောင်ဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ ဝံပုလွေပဲ ဖြစ်မှာ သေချာတယ်"





"ဟင်. . . ဝံပုလွေ ဟုတ်လား"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် အားလုံးအံ့သြသွားကြလေသည်။

"ဝံပုလွေက ဘယ်လိုရောက်လာတာလဲ"

"ကျွန်တော့်ရဲ့အယူအဆကို ပြောရရင် ဝံပုလွေတောင်မှ သာမန်ဝံပုလွေမျိုး မဟုတ်ဘူး၊ လူကနေ အသွင်ပြောင်းထားတဲ့ ဝံပုလွေမျိုး ဖြစ်မယ်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ အမွေး၊ အစွယ်နဲ့ လက်သည်းချွန်တွေက ဝံပုလွေတစ်ကောင်နဲ့ တူပေမယ့် ခြေရာက လူခြေရာ သိပ်မပျောက်သေးတော့ ဝံပုလွေခြေရာတစ်ပိုင်း လူခြေရာတစ်ပိုင်း ဖြစ်နေသေးတယ်"

ဒေါက်တာမင်းထင်ကျော်က မြေပေါ်မှာ ထင်နေသော သွေးစွန်းနေသည့်ခြေရာများကို ပြလိုက်သည်။ ဝံပုလွေခြေရာတစ်ပိုင်း လူခြေရာတစ်ပိုင်းဖြစ်နေသော ခြေရာများကို မြင်ရသည့်အခါ အချို့မှာ များစွာအံ့သြနေကြလေသည်။

နောက်ပိုင်းမှာတော့ အလောင်းကို အသေးစိတ် စစ်ဆေးကြည့်ပြီး ဆေးရုံကြီးသို့ သယ်ယူသွားရန် အမိန့်ပေးလိုက်ရာ လှည်းပေါ် တင်ကာ သယ်ယူသွားကြလေသည်။

သေဆုံးသွားသောကုလား၏အမည်မှာ မူတူးဖြစ်ပြီး ၎င်းနှင့် အဖော်တစ်ယောက် ရှိပေသေးသည်။ ထိုကုလား၏ အမည်မှာ မာလူးဆိုသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မာလူးမှာ မူတူးသေဆုံးပုံကို ကြည့်ပြီး များစွာထိတ်လန့်ကြောက်ရွံ့နေဟန်ရှိသည်။

"မင်းသိသမျှ ပြောစမ်း၊ မင်းနဲ့ အတူတူ စောင့်နေတဲ့ မူတူး ဘယ်လိုသေရတာလဲ"

"သူသေတာတော့ ကျွန်တော်မမြင်ရသွားလို့ ဘယ်သူသတ်သွားတယ်ဆိုတာ မသိပါဘူး၊ သူ အိမ်သာတက်ဖို့ ထွက်သွားပြီး အော်သံကြားတော့မှ သွားကြည့်တာပါ၊ ကျွန်တော်တို့ ရောက်သွားတော့ သူသေနေပါပြီ"

"သူ မသေခင်က ဘယ်လိုထူးခြားမှုမျိုး တွေ့ရသေးသလဲ"

"တစ်ည သူနဲ့ကျွန်တော်နဲ့ စောင့်နေကြတုန်း ကြောက်စရာကောင်းတဲ့သတ္တဝါတစ်ကောင်ကို တွေ့လိုက်ရပါတယ်"

"ဟင်. . ဘယ်လိုသတ္တဝါမျိုးလဲ၊ မင်းတွေ့လိုက်ရတဲ့ ပုံသဏ္ဌာန်မျိုး ပြောပါဦး"

"မျက်လုံးနှစ်လုံးက နီရဲနေပြီး ပါးစပ်ထဲက အစွယ်တွေက ဖွေးနေတာပဲ၊ မှန်တံခါးက ချောင်းကြည့်နေတဲ့ ခေါင်းပိုင်းကိုပဲ တွေ့လိုက်ရတော့ ကိုယ်ကတော့ ဘယ်လိုပုံသဏ္ဌာန် ရှိလဲဆိုတာ မမြင်လိုက်ရပါဘူး"

"ခေါင်းက ဘယ်လိုပုံသဏ္ဌာန်မျိုးလဲ"

"ခွေးတစ်ကောင်နဲ့တော့ တူတာပဲ၊ ဒါပေမယ့် သူက





အကောင်ပိုကြီးတယ်၊ နောက်ပြီး မာန်ဖီတဲ့အသံကလည်း ခွေးတစ်ကောင် မာန်ဖီတဲ့အသံမျိုးကို ကြားရတယ်၊ မျက်လုံးနီနီရဲရဲကြီးနဲ့ အပေါက်က လှမ်းကြည့်နေတာ သိပ်ပြီးကြောက်ဖို့ကောင်းတာပဲ"

ဟု ကြောက်ကြောက်လန့်လန့်ဖြင့် ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ ၎င်းစိတ်ထဲမှာ တွေးထင်ထားသည့်အတိုင်း မှန်နေပြီဖြစ်သောကြောင့် ဖြစ်နိုင်ခြေရှိသောအကြောင်းများကို စဉ်းစားနေလေသည်။

"ဆရာ ဘယ်လိုယူဆသလဲ"

"ကျွန်တော်ထင်တဲ့အတိုင်း သတ္တဝါတစ်ကောင်ရဲ့လက်ချက်ကြောင့် သေရတယ်ဆိုတာတော့ မှန်နေပြီ၊ ဘယ်လိုသတ္တဝါမျိုး ဖြစ်တယ်ဆိုတာရယ်၊ ဘာကြောင့် သတ်သွားတယ်ဆိုတာကိုတော့ စုံစမ်းရမှာပေါ့"

ဟု ပြောနေစဉ် ဦးထင်ပေါ်က သူတို့အနားသို့ လျှောက်လာသည်။

"ဒီကုမ္ပဏီရဲ့ပိုင်ရှင်နှစ်ယောက်ဖြစ်တဲ့ ရွှေလင်းနဲ့ရွှေမင်းကို စစ်ကြည့်တာတော့ သူတို့ မသိဘူးလို့ပဲ တွင်တွင်ပြောနေတယ်၊ သူတို့ ကြည့်ရတာ တစ်ခုခုကို ဖုံးကွယ်ထားတဲ့ပုံတော့ သတိပြုမိတယ်"

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့ စစ်ဆေးတွေ့ရှိမှု



www.burmeseclassic.com

www.burmeseclassic.com



များကို ပြောပြလိုက်ရာ ဦးထင်ပေါ်မှာ များစွာအံ့ဩသွားလေ တော့သည်။





# အခန်း(၉)

## သဲလွန်စ အတွေးစာစမ်းချင်

ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့တွင် နေထိုင်ကြသူများမှာ နေ့အချိန်များတွင် မထောင်းသာသော်လည်း ညအချိန်ရောက်လာလျှင် အထိတ်ထိတ်အလန့်လန့်နှင့် နေကြရလေသည်။

လူနေများသောလမ်းမတန်းများတွင် နေသူများအတွက် အတန်အသင့် စိတ်သက်သာရာ ရသေးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အလုံကဲ့သို့သော လူနေမများဘဲ သစ်တောများ၊ ခြံဝန်းကျယ်များရှိသောနေရာများမှာ နေထိုင်ကြသူများအဖို့ ပို၍ကြောက်မက်ဖွယ်ရာအခြေအနေမျိုး ဖြစ်နေတော့သည်။

ညအချိန်ရောက်လာလျှင် တစ်ယောက်ချင်း နှစ်ယောက်ချင်း အပြင်မထွက်ဝံ့အောင်ရှိကြလေသည်။

အချို့နေရာများမှာ ညအချိန်ရောက်လာသည်နှင့် လူများကို ကိုက်သတ်လေ့ရှိသော သတ္တဝါကြီးအကြောင်းကို ဂဃနဏ မသိကြသော်လည်း လူပြောသူပြောနှင့်ပင် ကြောက်လန့်နေကြလေသည်။

ထိုသို့ဖြစ်ရခြင်းမှာ သတင်းစာနှင့်ဂျာနယ်များက ထိုသတ္တဝါအကြောင်း ရေးသားကြရာမှာ ပုံကြီးချဲ့ကားပြီး အလွန်အကျွံ ရေးသားကြသောကြောင့် ထိုမျှ လူသိများပြီး ကြောက်ရွံ့နေကြခြင်းဖြစ်၏။

သတင်းစာ မျက်နှာဖုံးနေရာများမှာ. . .

"ညအမှောင်ထဲမှ ထွက်လာသော အရိပ်မည်းကြီး"

"ရန်ကုန်မြို့လယ်ခေါင်မှာ ရောက်နေသည့် လူသတ်ကောင်"

"လူတွေကို ကိုက်သတ်နေတဲ့ သတ္တဝါ"

"အမှောင်ထဲမှာ ရောက်လာပြီး အမှောင်ထဲမှာ ပြန်ပျောက်သွားသော လူသတ်ကောင်"





"ညအချိန် အပြင်ထွက်သူတွေ သတိထား"

"လူသတ်ကောင်ကြီး လာနေပြီ"

ဟူသော သတင်းခေါင်းစဉ်များ တပ်ပြီး ပုံကြီးချဲ့ကားပြီး ရေးသားကြသောကြောင့် ထိုမျှ ထိတ်လန့်ကြောက်ရွံ့နေကြခြင်းဖြစ်ပေသည်။

ထိုရက်အတွင်းမှာပင် အောင်ချမ်းသာကုမ္ပဏီမှ အစောင့်ကုလားတစ်ယောက် အသတ်ခံရပြီး သတင်းစာနှင့်ဂျာနယ်များက ရေးသား၍မျှ မပြီးမီ နောက်ထပ်လူသတ်မှုတစ်ခု ပေါ်ပေါက်လာပြန်လေ၏။

သေဆုံးသူ၏အမည်မှာ ရွှေသိန်းဆိုသူဖြစ်ပြီး ယခင်က အောင်ချမ်းသာကုမ္ပဏီပိုင်ရှင် ဦးဝီလျံ မရှိတော့သည့်နောက်ပိုင်းမှ အလုပ်ထွက်ကာ ရေတာရှည်လမ်းသစ်ဘက်မှာ နေထိုင်ခဲ့သူဖြစ်လေသည်။

၎င်းအသတ်ခံရသောနေရာမှာ ရေတာရှည်လမ်းသစ်၊ တရုတ်ဘုန်းကြီးကျောင်းကုန်းအောက် လမ်းစောင်းနေရာတွင်ဖြစ်သည်။

သေဆုံးပုံမှာ အောင်ချမ်းသာကုမ္ပဏီမှ အစောင့်ကုလားသေပုံနှင့် တစ်ပုံစံတည်းပင်ဖြစ်၏။

လည်ပင်းနေရာတွင် အစွယ်အချွန်များဖြင့် ကိုက်ဖောက်ထားသောဒဏ်ရာများအပြင် မျက်နှာနှင့် ကိုယ်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းချွန်များနှင့် ကုတ်ခြစ်ထားသော ဒဏ်ရာဒဏ်ချက်များစွာဖြင့် သေဆုံးရခြင်းဖြစ်ပေသည်။

၎င်းကို တွေ့စက အသက်ရှိနေသေးသောကြောင့် မေးမြန်းကြည့်ရာ. . .

"မည်းမည်းကောင်ကြီး လာသတ်သွားတယ်၊ မည်းမည်းကောင်ကြီး လာသတ်သွားတယ်"

ဟု ပြောဆိုကာ အသက်ထွက်သွားကြောင်း သိရလေ၏။ နောက်တစ်နေ့ထုတ် သတင်းစာများမှာ ထိုအကြောင်းကို ရေးသားဖော်ပြကြပြန်ရာ မီးပုံအတွင်းသို့ ဓါတ်ဆီလောင်းချသကဲ့သို့ ကြောက်ရွံ့မှုများမှာ ပိုမိုလာကြလေတော့သည်။

အချို့ကလည်း ပုလိပ်မင်းကြီးထံ ရောက်အောင် တိုင်စာများ ရေးသားပြီး ပြည်သူလူထု၏အသက်အန္တရာယ်ကို ရန်ရှာနေသော လူသတ်ကောင်ကြီးကို အမြန်ဆုံး ဖမ်းဆီးပေးရန် တောင်းဆိုကြလေသည်။

ထိုအခါ ပုလိပ်မင်းကြီးက တိုင်းရဲမင်းများ၊ ခရိုင် ရာဇဝတ်ဝန်၊ နယ်စီးရဲဝန်ထောက်၊ တိုက်ပိုင်၊ ဌာနအုပ်၊ ရာဇဝတ်အုပ်၊ အမှုလိုက် ရာဇဝတ်အုပ်များကို ခေါ်ပြီး ထိုအမှုကို အမြန်ဆုံး ဖော်ထုတ်ပေးရန် အမိန့်ပေးလေတော့သည်။

ထိုသို့အမိန့်ပေးသောအခါ တစ်ဆင့်ပြီးတစ်ဆင့် အမိန့်ပေးရင်းနှင့် နောက်ဆုံး အနောက်ပိုင်းခရိုင် ရာဇဝတ်အုပ် ဦးထင်





ပေါ် ခေါင်းပေါ်သို့ လုံးလုံးကြီး ကျသွားလေတော့သည်။

ဦးထင်ပေါ်မှာလည်း အထက်အရာရှိများ၏ စေခိုင်းမှုကြောင့် နေမနား ညမနား ကြိုးစားရှာဖွေစုံစမ်းပါသော်လည်း လူသတ်တရားခံ၏သဲလွန်စကိုမျှပင် ရှာမတွေ့ဘဲရှိနေရာ ခေါင်းခြောက်နေရတော့သည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့်လည်း ပထမတော့ ထူးဆန်းသောအဖြစ်အပျက်မျိုးမို့ စိတ်ဝင်စားသောကြောင့် ဝင်ရောက်စုံစမ်းရင်းမှပင် တဖြည်းဖြည်းနှင့် ပိုမိုစိတ်ဝင်စားစရာကောင်းလာသောကြောင့် ဆက်လက်ပြီး လိုက်လံစုံစမ်းလျက်ရှိပေသည်။

သူ့အနေနှင့် ကျူလယာဆိုင်မှာ ခဏသာ တွေ့လိုက်ရသော ယမင်းခင်ဆိုသောအမျိုးသမီးကိုလည်း မကြာခဏ သတိရနေသည်။

မြန်မာပညာတတ် အလုပ်လက်မဲ့များ ကူညီမှုပေးရေးအသင်းဥက္ကဋ္ဌဖြစ်သူ ဦးသက္ကဆိုသူက ယမင်းခင်အား သူ့သမီးဖြစ်ကြောင်း ပြောပြီး အိမ်မှ ထွက်သွားသောကြောင့် ဒေါက်တာမင်းထင်ကျော်ထံ အကူအညီတောင်းထားသည်လည်း ရှိသေးသည်။

သို့သော်လည်း ယခုထက်တိုင် ယမင်းခင်ဆိုသောအမျိုးသမီးကို အစအနမျှပင် မတွေ့ရဘဲ သတင်းမျှပင် မကြားရ



www.burmeseclassic.com

www.burmeseclassic.com



သေးပေ။

ထိုရက်များအတွင်းမှာ ဦးသက္ကက ၎င်းသမီး၏သတင်းနှင့် မေးမြန်းစုံစမ်းခြင်းပြုရာ မတွေ့ရသေးကြောင်းပင် ပြန်ပြောရလေသည်။

ထိုရက်အတွင်းမှာပင် ရွှေသိန်းဆိုသူက ထပ်မံသေဆုံးသွားသောကြောင့် အမှုက ပိုမိုရှုပ်ထွေးလာလေတော့သည်။

"ကျွန်တော်သတိထားမိသလောက် ပြောရရင် လူသတ်ကောင်ဟာ သာမန် ဦးနှောက်မရှိဘဲ ပရမ်းပတာ တွေ့တဲ့လူကို လိုက်သတ်နေတာမျိုး မဟုတ်ဘူး၊

သူသတ်တဲ့လူတွေဟာ အောင်ချမ်းသာကုမ္ပဏီနဲ့ တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်မှု ရှိနေတဲ့လူတွေချည်းပဲဆိုတာ ထင်ရှားနေတယ်"

ဒေါက်တာမင်းထင်ကျော်၏မှတ်ချက်ချမှုကို စုံထောက်ကျော်စွာကလည်း လက်ခံလေသည်။

"ဆရာပြောတာ မှန်ပါတယ်၊ အခု နောက်ဆုံး အသတ်ခံရတဲ့ ရွှေသိန်းဆိုတဲ့လူက ကုမ္ပဏီပိုင်ရှင် ဦးဝီလျှံဆီမှာ နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့တဲ့လူပဲ၊ ကျွန်တော်တို့နှစ်ယောက် အောင်ချမ်းသာ ကုမ္ပဏီကို သွားပြီးစုံစမ်းကြည့်ရရင် ကောင်းမယ်"

ဟု ပြောဆိုကာ စုံထောက်ကျော်စွာ မော်တော်ကားနှင့်





ပင် အောင်ချမ်းသာကုမ္ပဏီသို့ သွားကြလေသည်။

သူတို့ရောက်သွားသောအချိန်မှာ ညနေပိုင်းအချိန် ဖြစ်သောကြောင့် ဆိုင်အတွင်း၌ လူရှင်းစ ပြုနေချေပြီ။

သူတို့ရောက်သွားတော့ ရွှေမင်းဆိုသူကို မတွေ့ရဘဲ ရွှေလင်းကိုသာ တွေ့ရသည်။

ရွှေလင်းက ၎င်းတို့နှစ်ယောက်ကို သူ့ရုံးခန်းအတွင်းသို့ ခေါ်သွားကာ တံခါးပိတ်ထားလိုက်သည်။

၎င်း၏အမူအယာမှာ စိုးရိမ်ထိတ်လန့်နေဟန်ရှိသည်။

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်ပါ၊ သူကတော့ ကျော်စွာလို့ ခေါ်ပါတယ်"

"ကျွန်တော့်နာမည်က ရွှေလင်းပါ၊ ဒီအောင်ချမ်းသာကုမ္ပဏီပိုင်ရှင်တစ်ယောက်ပါပဲ"

"ဒါထက် ဒီကုမ္ပဏီက ကိုရွှေလင်းတစ်ယောက်တည်းပိုင်တာလား"

"ကျွန်တော့်ညီ ရွှေမင်းနဲ့ အတူတူ ပိုင်ဆိုင်တာပါ၊ တကယ်တော့ ဒီကုမ္ပဏီက ကျွန်တော်တို့ရဲ့ဦးလေးတစ်ယောက်ပိုင်ခဲ့တဲ့ကုမ္ပဏီပါ၊ သူမရှိတော့တဲ့နောက်မှာ ကျွန်တော်တို့ ညီအစ်ကိုက ဆက်လုပ်နေခဲ့ကြတာပါ"

"ကျွန်တော်တို့လည်း စုံစမ်းထားလို့ သိတန်သလောက် သိထားပြီးပါပြီ၊ ဦးဝီလျှံ ရှိစဉ်က အကြောင်းတွေကို ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပေးပါလား ကိုရွှေလင်း"

ထိုအခါ ရွှေလင်းက ရှေ့ပိုင်းမှ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပြန်ပြောပြလေသည်။

ထိုအထဲတွင် ပင်လယ်ပျော်ဝံပုလွေစက်လှေဖြင့် အရောင်းအဝယ် သွားရင်းမှ စမင်ကျွန်းတစ်ကျွန်းသို့ ရောက်သွားခဲ့ပုံများ၊ စမင်များလက်ချက်ကြောင့် ဦးဇီလျှံအပါအဝင် သင်္ဘောသား အတော်များများ သေဆုံးခဲ့ရပုံများ၊ သူနှင့်သင်္ဘောသားအချို့သာ ကံကောင်းသဖြင့် စမင်ကျွန်းပေါ်မှ ပြန်လည်လွတ်မြောက်ခဲ့ပုံများကို ပြန်ပြောပြလေသည်။

"ခင်ဗျားတို့ စမင်ကျွန်း ရောက်ခဲ့တုန်းက ထူးဆန်းတာဘာတွေများ တွေ့ခဲ့ရသလဲ ပြောပါဦး"

"စမင်တွေက ရေထဲမှာလည်း ကျွမ်းကျင်တယ်၊ တောထဲမှာလည်း လူစင်စစ်ကနေ ဝံပုလွေတွေလို အသွင်ပြောင်းပြီး လူတွေကို လိုက်သတ်နိုင်ကြတယ်"

"ဟင်. ."

ထိုစကားကြောင့် နှစ်ယောက်စလုံး များစွာအံ့ဩသွားကြလေသည်။

"စမင်တွေက ဝံပုလွေအသွင် ပြောင်းနိုင်ကြတယ် ဟုတ်လား"

"ဟုတ်ပါတယ်. . . လူတွေကို ဖမ်းပြီး တဲတစ်လုံးအတွင်းမှာ ထည့်ထားပါတယ်၊ ထွက်ပြေးတဲ့လူတွေကို ဝံပုလွေတွေလို အသွင်ပြောင်းပြီးတော့ လိုက်ဖမ်းပါတယ်၊ ဖမ်းမိလာရင် သတ်စားကြပါတယ်"

"ဒါဖြင့် ခင်ဗျားတို့သင်္ဘောမှာ ပါသွားတဲ့လူတွေလည်း အဲ့ဒီလို ဖမ်းပြီး သတ်စားခံရမှာပေါ့နော်"

ရွှေလင်းက စိတ်မကောင်းသောအမူအယာဖြင့် ခေါင်းညိတ်ပြသည်။

"ကျွန်တော့်ဦးလေးလည်း သူတို့လက်ချက်နဲ့ပဲ သေဆုံးပြီးတော့ ကျွန်းပေါ်မှာ ကျန်ခဲ့တာပါပဲ၊ ကျွန်တော်တောင်မှ သေကံမရောက်သေးလို့ အသက်ဘေးက လွတ်ခဲ့ရတာပါ"

"အေးဗျာ. . . ခင်ဗျားပြောပြတဲ့အကြောင်းတွေ နားထောင်ရတာ အတော်လေး စိတ်ဝင်စားဖို့ကောင်းသလို ကြောက်စရာလည်း ကောင်းလှပါတယ်"

"ကျွန်တော်လည်း အဲ့ဒီအချိန်ကတည်းက ခရီးသွားလာတဲ့အလုပ်တွေကို စိတ်ကုန်ပြီးတော့ စက်လှေပါ အပြီးရောင်းလိုက်ပြီး ကုမ္ပဏီလုပ်ငန်းကိုပဲ လုပ်နေခဲ့တယ်"

"ဒါထက် ခင်ဗျား စမင်ကျွန်းက လွတ်မြောက်လာတော့ ဘယ်နှစ်ယောက် ပါလာသလဲ"

"ကျွန်တော်အပါအဝင် လေးယောက်ပါပဲ"

"သူတို့တွေက ဘယ်သူတွေလဲ၊ ဘယ်မှာ နေကြသလဲ"




www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ အတူပါလာတဲ့ လူသုံးယောက်ကတော့ ရွှေသိန်း၊ ဘိုးထင်နဲ့ စိန်မြတို့သုံးယောက်ပါပဲ၊ သူတို့သုံးယောက်လည်း အလုပ်က ထွက်သွားကြပြီးတော့ ဘယ်မှာ နေကြတယ်ဆိုတာ မသိပါဘူး၊

ရွှေသိန်းတစ်ယောက်တော့ တလောက သေသွားတဲ့ အကြောင်း သတင်းစာမှာ တွေ့လိုက်မိတယ်"

"ဒါထက် ခင်ဗျားတို့ လွတ်လာတော့ ကျွန်းပေါ်မှာ ဘယ်သူတွေများ ကျန်နေခဲ့သေးလဲဗျ"

"ကိုဒီပဆိုတဲ့ ဦးလေးရဲ့လက်ထောက်တစ်ယောက်တော့ ကျန်နေခဲ့တယ်၊ သေသလား ရှင်သလားတော့ မသိတော့ပါဘူး၊ ဒါပေမယ့် သူလည်း လွတ်စရာအကြောင်း မရှိတော့ အသတ်ခံရမှာ သေချာပါတယ်"

"အဲဒီ ကိုဒီပဆိုတဲ့လူရဲ့ပုံပန်းသဏ္ဌာန်နဲ့ သူ့အကြောင်းတွေကို ခင်ဗျားသိသမျှ ပြောပြပေးပါ"

ရွှေလင်းက အတန်ကြာအောင် စဉ်းစားနေပြီးမှ စားပွဲပေါ်မှာ တင်ထားသော ရေတကောင်းအတွင်းမှ ရေတစ်ခွက်ငှဲ့ထည့်ကာ မော့သောက်လိုက်ပြီးမှ စကားပြန်ဆက်သည်။

"သူက စစ်ပြန်တစ်ယောက်လို့တော့ သိရတယ်၊ အသားမည်းမည်း၊ အရပ်မြင့်မြင့်နဲ့ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်တယ်၊ ပြီးတော့ သတ္တိလည်း ရှိတယ်၊ ကိုဒီပက သဘော်သာ လိုက်နေ





ပေမယ့် ထူးထူးဆန်းဆန်းကိစ္စတွေတော့ အတော်ကလေး ဝါသနာပါတယ်၊ ဒါပေမယ့် အခုတော့ သူလည်း စမင်တွေ လက်ချက်နဲ့ သေရှာရောပေါ့ဗျာ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က သိလိုသောအချက်ကို မေးလိုက်သည်။

"ခင်ဗျားတို့တူဝရီး ထွက်ပြေးကြတော့ သူက ဘာဖြစ်လို့ မလိုက်တာလဲ၊ ဒါမှမဟုတ် ခင်ဗျားတို့က မသိအောင် ထားခဲ့ကြတာလား"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ရွှေလင်းမှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"အဲဒါကတော့ ဦးလေးစီစဉ်တာဆိုတော့ ကျွန်တော်လည်း ဘာမှမသိပါဘူး"

ဟု ပြောသည်။

"ဒါထက် အခုတလော ခင်ဗျားတို့ကုမ္ပဏီနဲ့ ပတ်သက်တဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် သေဆုံးနေတာရော ခင်ဗျား ဘယ်လိုထင်သလဲ"

"ကျွန်တော့်အနေကတော့ ဘယ်လိုမှ မထင်တတ်တော့ပါဘူး၊ စိတ်ထဲမှာတော့ ဒီမှာ နေရတာကိုတောင် ကြောက်လာသလိုပါပဲ"

"လူတွေ ပြောပုံအရဆိုရင်တော့ လူသတ်တရားခံဟာ



www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တစ်ကောင်နဲ့ တူတယ်လို့ သိရတယ်၊ ခင်ဗျား စမင်ကျွန်းမှာ တွေ့ခဲ့ရတဲ့ လူကနေ ဝံပုလွေအသွင်ပြောင်းထားတဲ့ သမန်းဝံပုလွေတွေ မဖြစ်နိုင်ဘူးလား"

ရှေလင်းမှာ ပါးစပ်အဟောင်းသားဖြစ်သွားသလို မျက်နှာတစ်ခုလုံးမှာလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"ဟိုးပင်လယ်ထဲမှာ ရှိတဲ့ကျွန်းက ဝံပုလွေတွေက ဒီနေရာအထိ ရောက်အောင် ဘယ်လိုလာနိုင်မလဲ"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

ပြီးလျှင် စီးကရက်တစ်လိပ်ကို မီးညှိကာ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

မီးခိုးငွေ့များက အခန်းတွင်းမှာ ဝေ့ဝဲလျက် ရှိနေကြသည်။

"ရောက်နိုင်မယ့်နည်းတွေကတော့ အများကြီးပေါ့ဗျာ၊ အဲ့ဒီကျွန်းနားမှာ လေမိုးဝင်ခိုတဲ့စက်လှေ၊ ဒါမှမဟုတ် သင်္ဘောတစ်စင်းစင်းထဲမှာ ပုန်းပြီးလိုက်လာလို့လည်း ရတယ်၊ ဒါမှမဟုတ် သင်္ဘောပေါ်မှာ ပါတဲ့လူတွေအားလုံးကို သတ်ပြီး အဲဒီသင်္ဘောနဲ့ လာရင်လည်း ရနိုင်တာပဲ မဟုတ်လား"

"ဒါ . . ဒါဖြင့် ကျွန်တော်ဘယ်လိုလုပ်ရမလဲဟင်"

တုန်လှုပ်စွာ မေးလေသည်။





"ခင်ဗျားမှာ လျှို့ဝှက်ချက်တစ်ခုခု ရှိရင်တော့ ကျွန်တော်တို့ကို ပြောပြပါ။ ဒါမှ ခင်ဗျားအတွက် အကူအညီပေးလို့ ရမှာပါ"

"ကျွန်တော့်မှာတော့ ဘယ်လိုလျှို့ဝှက်ချက်မှ မရှိပါဘူး"

ရှေလင်းအနေနှင့် တစ်စုံတစ်ခုကို ဖုံးကွယ်ရန် ကြိုးစားနေကြောင်း ၎င်း၏အမူအယာများက ဖော်ပြနေကြလေသည်။

"ဒီလိုဆိုရင်လည်း သတိဝီရိယ ထားပြီး ဂရုစိုက်နေပေါ့ဗျာ၊ ဒါထက် သေသွားတဲ့ဦးဝီလျံမှာ ဆွေမျိုးသားထဲက ခင်ဗျားတို့ ညီအစ်ကိုအပြင် ဘယ်သူရှိသေးလဲဗျ"


"သမီးတစ်ယောက်တော့ ရှိတယ်လို့ ကြားဖူးပါတယ်၊ နာမည်က မြကျင်မွေးလို့ ခေါ်တယ်၊ ဘယ်မှာ နေမှန်းလည်းမသိ၊ တစ်ခါမှလည်း မတွေ့ဖူးတော့ မြင်ရင်တောင် သိမှာမဟုတ်ပါဘူး"

ထပ်မေးစရာစကား ကုန်သွားပြီမို့ နေရာမှ ထကာ ရှေလင်းကို နှုတ်ဆက်ပြီး အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

ဒေါက်တာမင်းထင်ကျော်ရင်ထဲမှာတော့ သဲလွန်စ အတွေးမျှင်တစ်ခု ပါလာခဲ့လေသည်။



www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၁၀)

# အဒ္ဒရာပယ်နှင့် လက်ဝါဖက်ကာမ်းအကျွာ

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး တည်ရှိရာ သိင်္ဂုတ္တရ ကုန်းတော်ကြီးကို ဝန်းရံထားသော ကုန်းပေါင်း (၉၉) ကုန်း ရှိပါသည်။

ထိုအထဲတွင် ကျောက်ကုန်းလည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

ကျောက်ကုန်းသည် ရန်ကုန်မြို့ စတင်ဖြစ်ပေါ်လာပြီးမ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကတည်းက လူသိများခဲ့သောနေရာတစ်ခုဖြစ်ပေသည်။

ထိုနေရာတဝိုက်ရှိ မြေများ၊ ကုန်းများမှာ ဂဝံကျောက်များသာ အများစု ရှိသောကြောင့် ကျောက်ကုန်းဟု ခေါ်ခဲ့ကြသည်။

ကျောက်ကုန်းလမ်းတဝိုက်နှင့် အောင်ဇေယျလမ်း ဝန်းကျင်တဝိုက်နေရာမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၈၀) ခန့်အမြင့်တွင် တည်ရှိကြောင်း မှတ်တမ်းများက ရေးသားဖော်ပြကြသည်။

ကျောက်ကုန်းလမ်းမှ အောင်ဇေယျလမ်းအတိုင်း အနောက်ဘက်သို့ ဆင်းလာလျှင် အစ္စရေး အင်ဂျင်နီယာများ ဆောက်လုပ်ခဲ့သော (၁၂)လုံးတန်းခေါ် တိုက်တန်းစုသို့ ရောက်လေသည်။

(၁၉၅၅)ခုနှစ် (ယခု အမှုအခင်းများ ဖြစ်ပွားနေသော အချိန်ဝန်းကျင်)က ကျောက်ကုန်းတဝိုက်မှာ နေထိုင်ကြသူများမှာ မြို့တွင်းသို့ သွားလာလိုပါက ဆင်ဖြူ၊ ဆင်နီ၊ ဆင်နက်၊ အမှတ်အသား ပါရှိသည့် ဘတ်စ်ကားများနှင့် သွားလာကြရပေသည်။

ယခုအခါ ကျောက်ကုန်းသည် ရန်ကင်းမြို့နယ်အတွင်း၌ ပါဝင်ပေသည်။

ရန်ကင်းမြို့နယ်အတွင်း၌ ထင်ရှားသော စေတီတစ်ဆူ





လည်း ရှိပေသည်။

မိုးကောင်းဘုရားပင်ဖြစ်၏။

မိုးကောင်းဘုရားမှာ ရန်ကုန်မြို့နယ်အတွင်းမှာ ထင်ရှားသောစေတီတစ်ဆူပင်ဖြစ်ပေသည်။

မိုးကောင်းစေတီသည် ကံဘဲ့လမ်းနှင့်မိုးကောင်းလမ်းတို့ဆုံရာအနီး၌ တည်ရှိလေသည်။

မိုးကောင်းဘုရားကို ရှင်ယသ ဦးဆောင်သော ရဟန္တာရှစ်ပါးတို့က ဦးစီးဆောင်ရွက်၍ တည်ထားခဲ့ကြောင်း မှတ်တမ်းအချို့က ဖော်ပြထားသည်။

(၁၈၉၈)ခုနှစ်ဝန်းကျင် ကိုလိုနီခေတ်ဦးကာလက မိုးကောင်းကျောင်းတိုက်ဆရာတော် ဦးစိမ့်က တောချုံများ ဖုံးကွယ်နေသော မိုးကောင်းစေတီတော်အား တောချုံများ ခုတ်ထွင်ရှင်းလင်းပြီး ပြုပြင်မွမ်းမံရန် ကြိုးစားခဲ့သေးသည်။

သို့သော်လည်း မအောင်မြင်ဘဲ (၁၉၀၄)ခုနှစ် ရောက်သောအခါမှ ရန်ကုန်မြို့ စစ်ကဲမောင်ခိုင်လမ်း (ယခု ဗိုလ်ရွဲလမ်း) နေ ဒေါ်လှိုင်က ပြုပြင်မွမ်းမံခဲ့လေသည်။

ဒေါ်လှိုင် မိုးကောင်းဘုရားအား ပြုပြင်ဖြစ်ခဲ့ပုံမှာ ဤသို့ဖြစ်လေသည်။

တစ်နေ့သ၌ ဒေါ်လှိုင်သည် ကျိုက္ကဆံစေတီတော်သို့ လှည်းဖြင့် ဘုရားဖူးသွားရာ အပြန်ခရီးတွင် ပန်ထားသော စိန်



www.burmeseclassic.com

www.burmeseclassic.com



နားကပ်မှာ မိုးကောင်းစေတီတော် ရှိသောနေရာအရောက်မှာ ထူးဆန်းစွာ ပျောက်ဆုံးသွားလေသည်။

ထိုအခါ ဒေါ်လှိုင်က 'မိမိစိန်နားကပ် ပြန်တွေ့ပါက တွေ့သောနေရာ၌ ဘုရားလှူဒါန်းပါမည်' ဟု အဓိဋ္ဌာန်ပြု၍ ရှာဖွေရာ ချုံများ ဖုံးအုပ်နေသော ရှေးဟောင်းဘုရားငုတ်တိုလေး ရှိရာနေရာ၌ ၎င်း၏စိန်နားကပ်ကို ပြန်လည်တွေ့ရလေသည်။

(စိန်နားကပ် ပြန်တွေ့ရပုံနှင့် စပ်လျဉ်း၍ ထူးဆန်းသော အကြောင်းအရာအချို့ ရှိသော်လည်း မဖော်ပြတော့ပြီ)

သို့ကြောင့် စိန်နားကပ် ပြန်လည်တွေ့ရသည့် စေတီဟောင်းကို မွမ်းမံပြင်ဆင်ခဲ့သည်ဟု အဆိုရှိသည်။

ထိုစေတီတော်ကို မွမ်းမံပြင်ဆင်ခဲ့စဉ်ကာလအတွင်း၌ မိုးများ အဆက်မပြတ် ရွာသွန်းခဲ့သောကြောင့် 'မိုးကောင်းဘုရား' ဟု ဘွဲ့အမည်ပေးခဲ့ပြီး (၁၉၀၅)ခုနှစ်၊ ဒီဇင်ဘာ(၉)ရက်နေ့တွင် ထီးတော်တင်လှူခဲ့သည်။

ရှေးအခါက မိုးကောင်းဘုရားဝန်းကျင်တစ်ဝိုက်နှင့် ကန်ပဲ၊ ဘောက်ထော်၊ ကျောက်ကုန်းတစ်ဝိုက်တွင် လူနေအိမ်ခြေ ထူပြောမှု မရှိလှသေးဘဲ ခြံကျယ်ဝန်းကျယ်နှင့် နေသူများသာ ရှိကြလေသည်။

အရှေ့ဘက် မြင်းပြိုင်ကွင်းလမ်း၏ မြောက်ဘက်ယွန်းယွန်း ကျောက်ကုန်းရပ်ကွက် အတွင်းပိုင်းနေရာတွင် ခြံဝန်းကျယ်





ကြီးတစ်ခု ရှိပြီး ထိုခြံဝန်းကျယ်ကြီးအတွင်း၌ ရှေးလက်ရာဖြင့် ဆောက်ထားသော တိုက်ခံအိမ်ကြီးတစ်လုံး ရှိလေသည်။

ထိုတိုက်ခံအိမ်ကြီးမှာ အတွင်း၌ လူရှိသည်ဆိုသော်လည်း ခြံဝန်းတံခါးနှင့် အိမ်တံခါးများကို အစဉ်သဖြင့် ပိတ်ထားသောကြောင့် အထဲမှာ လူဘယ်နှစ်ယောက် နေသည်၊ ဘာကြောင့် တံခါးပိတ်နေကြသည်ကို မသိကြရခြင်းဖြစ်ပေသည်။

ခြံဝန်းတံခါးများကို အစဉ်အမြဲ ပိတ်ထားသော်လည်း အတွင်း၌ နေထိုင်ကြသူများ ရှိကြလေသည်။

များများစားစားတော့ မဟုတ်ပေ။

ထိုအိမ်ကြီးကို ပိုင်ဆိုင်သူမှာ မြကျင်မွှေးဖြစ်သည်။ မြကျင်မွှေးမှာ အသက်နှစ်ဆယ်ကျော်အရွယ်မျှသာ ရှိသေးပြီး တရုတ်သွေး ပါသူတစ်ဦးဖြစ်သည်။

သူမ၏ဖခင်မှာ အောင်ချမ်းသာ ကုမ္ပဏီပိုင်ရှင်သူဌေး ဦးဝီလျံပင်ဖြစ်၏။

ဦးဝီလျံမှာ တရုတ်ပြည်၌ မိန်းမနှင့်သားသမီးများ ရှိသော်လည်း မြန်မာပြည်တွင် စီးပွားလာရှာရင်းမှပင် မြကျင်မွှေးတို့မိခင်နှင့် အိမ်ထောင်ကျလေသည်။

မြကျင်မွှေး၏မိခင်မှာ မြန်မာရှမ်းအမျိုးသမီးတစ်ဦး ဖြစ်ကာ ရုပ်ရည်ချောမောသူဖြစ်သည်။ သူမနှင့် အိမ်ထောင်ကျပြီး မြကျင်မွှေးအား မွေးပြီး မကြာခင်မှာ တရုတ်ပြည်မှာ ကျန်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



သားနှစ်ယောက် လိုက်လာကြလေသည်။

၎င်းတို့က ဦးဝီလျံ နောက်ထပ်အိမ်ထောင်ပြုခြင်း အတွက် ကန့်ကွက်ကြလေသည်။

ဦးဝီလျံ ပိုင်ဆိုင်သောပစ္စည်းများအား ၎င်းတို့အမည်ဖြင့် ထားရမည်ဟု ပြောသော်လည်း ဦးဝီလျံက လက်မခံခဲ့ပေ။ နောက်ပိုင်း ဦးဝီလျံ ပင်လယ်ခရီးထွက်နေချိန်မှာ ဇနီးဖြစ်သူ နန်းရွှေရီမှာ သေဆုံးသွားလေတော့သည်။ သူမ သေဆုံးသော အချိန်မှာ အသက်သုံးဆယ်ကျော်အရွယ်ပင် ရှိသေးပြီး ကျန်းမာ ရေးလည်း ကောင်းမွန်သူတစ်ယောက်ဖြစ်ပေသည်။

ဆရာဝန်များကတော့ အစာအဆိပ်သင့်သောကြောင့် သေဆုံးရသည်ဟု သေစာရေးပေးကြသည်။

တကယ်တော့ နန်းရွှေရီမှာ လျို့ဝှက်စွာ အသတ်ခံ လိုက်ရခြင်းပင်ဖြစ်ပေသည်။

ဦးဝီလျံ ပင်လယ်ထွက်ရာမှ ပြန်ရောက်သောအခါ နန်း ရွှေရီ၏သတင်းကို သိရလျှင် များစွာစိတ်မကောင်းဖြစ်သော် လည်း ဘာမှမတတ်သာတော့ပေ။

အမှုအခင်း လုပ်ရမှာလည်း တရားခံဖြစ်သူက သား သမီးများဖြစ်နေသောကြောင့် လူမသိအောင်သာ ကြိတ်၍နေရ လေသည်။

၎င်းအနေနှင့်ကတော့ နန်းရွှေရီ သေဆုံးရသည့်ကိစ္စမှာ





တရုတ်ပြည်မှ ရောက်လာသည့် သူ့သားများလက်ချက်ဖြစ်မှန်း တော့ စိတ်ထဲမှ သိနေမိသည်။ နန်းရွှေရီ သေဆုံးသွားသော အခါ တရုတ်ပြည်မှ လာသော သားနှစ်ယောက်လည်း ပြန်သွား ကြလေသည်။

ထိုအချိန်က မြကျင်မွှေးမှာ အရွယ်မရောက်သေးပေ။ နန်းရွှေရီ သေဆုံးခဲ့ပြီးနောက်တွင် ဦးဝီလျံမှာ မိတဆိုးသမီးလေး အတွက် စိတ်မဖြောင့်နိုင်အောင်ဖြစ်ရလေသည်။

သူပိုင်ဆိုင်သော အမွေပစ္စည်းများကို ရပိုင်ခွင့် ရှိနေ သော မြကျင်မွှေးအတွက် ယခင်မိန်းမ၏ သားသမီးများ၏ အန္တရာယ်က တစ်ချိန်မဟုတ်တစ်ချိန် တစ်နေ့မဟုတ်တစ်နေ့ ရောက်လာလိမ့်မည်ဟု စိတ်ထဲမှ တွက်ဆမိလေသည်။

မြကျင်မွှေးကို အမေဖြစ်သူကဲ့သို့ အသေမျိုးနှင့် မကြုံရ လေအောင် ကြံစည်စိတ်ကူးရလေတော့သည်။

ထိုအခါ ကျောက်ကုန်းအတွင်းပိုင်းနေရာလောက်တွင် မြေကျယ်တစ်ခုနှင့် တိုက်ခံအိမ်တစ်လုံးကို မည်သူမှ မသိအောင် ဝယ်ယူထားလိုက်သည်။

ထို့နောက် ၎င်း၏လူယုံတော်တစ်ဦးဖြစ်သူ ဦးအောင် သာဖေတို့လင်မယားကို မြကျင်မွှေးအား စောင့်ရှောက်ပေးရန် အပ်နှံလိုက်ပြီး ကျောက်ကုန်းအိမ်သို့ ပို့ထားလိုက်သည်။

ထိုအကြောင်းကို မည်သူမျှ မသိစေရန်လည်း မှာကြား



www.burmeseclassic.com

www.burmeseclassic.com



ထားလေသည်။

အားလုံးကိုတော့ အမေမရှိတော့သည့်နောက်ပိုင်း မြကျင်မွှေးအား ရှမ်းပြည်ဘက်မှ ဆွေမျိုးများ ရှိရာသို့ ပို့လိုက်သည်ဟု သတင်းလွှင့်ထားလိုက်သည်။

ဦးအောင်သာဇံကလည်း ဦးဝီလျှံ မှာကြားထားသည့်အတိုင်း ၎င်းတို့လင်မယားနှစ်ယောက်အပြင် တောမှ ခေါ်ထားသော အိမ်ဖော်မိန်းကလေးနှစ်ယောက်နှင့် ခြံစောင့်ကုလား နှစ်ယောက် ခေါ်ထားလိုက်ပြီး ခြံဝန်းတံခါးကို အမြဲတစေ ပိတ်ထားတော့သည်။

အကြောင်းကိစ္စကြီးငယ် မရှိဘဲနှင့် မြကျင်မွှေးအား အပြင်သို့ ထွက်ခွင့်မပေးတော့ပေ။

ထိုအခါ မြကျင်မွှေးက. . .

"ကျွန်မကို ဘာကြောင့် ဒီအိမ်ကြီးထဲမှာ တိရစ္ဆာန်တစ်ကောင်လို ပိတ်လှောင်ထားရတာလဲ"

ဒေါသဖြင့် မေးမိလေသည်။

"သမီး အန္တရာယ်ဖြစ်မှာစိုးလို့ ဆရာကြီးက အခုလို စီမံထားတာပါကွယ်၊ ဦးကြီးတို့လည်း ဘာမှမသိရပါဘူး၊ ဆရာကြီးခိုင်းတဲ့အတိုင်း လုပ်ပေးနေရတာပါ"

ဟု ပြန်ပြောလေရာ သူမအနေနှင့် ဘာမှမတတ်သာတော့ပေ။





မြကျင်မွှေးအနေနှင့် သူမကို ဘာကြောင့် ထိုအိမ်ကြီးအတွင်းမှာ အကျယ်ချုပ်သဘောမျိုးဖြင့် ထားမှန်း မသိရသော်လည်း သူမ၏လွတ်လပ်မှုများနှင့် အချိန်အရွယ် အတော်များများကိုတော့ ထိုခြံနှင့်အိမ်ကြီးအတွင်း၌ ကုန်ဆုံးခဲ့ရလေသည်။

ဖခင်ဖြစ်သူ ဦးဝီလျှံ ရှိစဉ်ကတော့ ခရီးထွက်ရာမှ ပြန်ရောက်လာလျှင် သူမ ရှိရာသို့ လျှို့ဝှက်စွာ ရောက်လာပြီး အတူတကွ နေထိုင်လေ့ရှိသည်။

ထိုအခါ မြကျင်မွှေးအနေနှင့် စိတ်သက်သာမှု ရကာ ပျော်ရွှင်မှုများ ဖြစ်ရလေသည်။

"ဖေဖေ. . . သမီးကို ဘာကြောင့် ဒီအိမ်ကြီးထဲမှာ ထားတာလဲဟင်၊ ဒီမှာနေရတာ တောထဲမှာ နေရသလို သိပ်ပြီးပျင်းဖို့ကောင်းတာပဲ"

"ဖေဖေက ငါ့သမီးလေး အသက်အန္တရာယ်ဖြစ်မှာစိုးလို့ ဒီနေရာမှာ ထားရတာပါကွယ်"

"ဘယ်လိုအန္တရာယ်များလဲဟင်"

"မသိချင်ပါနဲ့ကွယ်. . . အဖေ အလုပ်နားတဲ့ရက်တွေမှာ ငါ့သမီးနဲ့ အတူတူ လာနေပါ့မယ်"

ဟုသာ ပြောဆိုထားလေသည်။

တစ်နေ့သောအခါ ခရီးထွက်ခါနီးအချိန်မှာ ဦးဝီလျှံတစ်ယောက် ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလည်း ထိုကဲ့သို့ ခရီးဝေး ထွက်ခါနီးအချိန်တွင် သမီးဖြစ်သူအား လာရောက်နှုတ်ဆက်လေ့ရှိလေသည်။

ယခုတစ်ကြိမ်မှာတော့ ခါတိုင်းနှင့် မတူဘဲ ဦးဝီလျံ၏ အမူအယာမှာ ရေးကြီးသုတ်ပြာ အမူအယာမျိုး ဖြစ်နေလေသည်။

သူ့နောက်မှ တစ်စုံတစ်ယောက်က နောက်ယောင်ခံ၍ လိုက်နေသကဲ့သို့ မလုံမလဲဖြစ်နေသည်။

"ဖေဖေ ဒီတစ်ခေါက် ခရီးထွက်တာ ရက်ကြာချင်ကြာမယ် သမီး၊ ဒီတော့ ငါ့သမီးကို ပြောသင့်ပြောထိုက်တဲ့စကား ပြောခဲ့ရမယ်"

မြကျင်မွှေးမှာ ဖခင်ဖြစ်သူထံမှ ထူးဆန်းသောစကားမျိုး ကြားရသဖြင့် အံ့သြနေလေသည်။

"ဘာပြောမှာလဲ ဖေဖေ"

"တခြားတော့ မဟုတ်ပါဘူး၊ ငါ့သမီးကို ဒီလို လူမသိနိုင်တဲ့နေရာမှာ ထားရတာ အန္တရာယ်ကင်းအောင် ပို့ထားရတာပါ"

"ကျွန်မတို့မှာ ဘယ်လိုအန္တရာယ်မျိုးတွေ ရှိနေလို့လဲဟင်"

"ရှိတယ် သမီး၊ ဒီခေတ်ကာလက ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချလို့မရဘူး၊ အို. . . နောက်ဆုံးပြောရရင် ကိုယ့်သွေးသားတွေတောင်မှ စိတ်ချရတဲ့ကာလ မဟုတ်ဘူး၊ သမီးရဲ့





အမေ သေရတာ ရိုးရိုးသေရတာ မဟုတ်ဘူး၊ တစ်စုံတစ်ယောက်ရဲ့လက်ချက်ကြောင့် သေရတယ်ဆိုတာ သမီးသိထားပါ"

"ရှင်. . . အမေသေရတာ ရိုးရိုးမဟုတ်ဘဲ သူများတွေ လက်ချက်ကြောင့် သေရတာ ဟုတ်လား ဖေဖေ"

ဦးဝီလျံက စိတ်မကောင်းသောအမူအယာဖြင့် ခေါင်းညိတ်ပြလေသည်။

"ဘယ်သူတွေ သတ်တာလဲဟင်"

"အဖေလည်း မသိရသေးပါဘူး၊ ဒါပေမယ့် ဒီအန္တရာယ်တွေက ပြီးမှာမဟုတ်သေးဘူး၊ မကြာခင်မှာ သမီးဆီကို ရောက်လာမှာစိုးလို့ ဖေဖေက အခုလို စီမံပြီး ငါ့သမီးကို လျှို့ဝှက်ထားပေးရတာပါကွယ်"

ထိုအခါမှပင် မြကျင်မွှေး၏မျက်နှာလေးမှာ ဖြူဖတ်ဖြူရော် ဖြစ်သွားလေတော့သည်။

သူမအနေနှင့် ယခင်က ပေါ့ပေါ့တန်တန်ပင် နေခဲ့သော်လည်း ယခုအခါမှပင် မမြင်ရသောအန္တရာယ်များကို ကြောက်ရွံ့လာသကဲ့သို့ ရှိလေသည်။

"အခုတစ်ခေါက် ဖေဖေ ခရီးထွက်တာ ရက်နည်းနည်းကြာချင်ကြာမယ်၊ ဒီတော့ ငါ့သမီးကို ပြောသင့်ပြောထိုက်တဲ့ လျှို့ဝှက်စကားတွေ ပြောခဲ့ရမယ်၊

တခြားတော့ မဟုတ်ဘူး၊ ဖေဖေ့မှာ နှစ်ပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ပြီး စုဆောင်းထားတဲ့ ရွှေငွေရတနာတွေ ရှိတယ်"

မြကျင်မွှေးမှာ တအံ့တဩ ဖြစ်သွားလေသည်။

"အဲ့ဒါတွေကို ဖေဖေ တစ်နေရာမှာ လျှို့ဝှက်ပြီး သိမ်းထားတယ်၊ အဲ့ဒီလို သိမ်းထားတာကိုလည်း ဘယ်သူမှ မသိစေရဘူး၊ အဲဒီလို ဝှက်ထားတာကို မြေပုံနဲ့ ဆွဲပြီး အသေအချာ မှတ်ထားတယ်"

ဟု ပြောပြီးနောက် ၎င်းခါးမှာ ပတ်ထားသော သားရေခါးပတ်ကြိုးကို ဖြုတ်လိုက်လေသည်။

ခါးပတ်ကြိုးမှာ ရုတ်တရက် ကြည့်ပါက မည်သို့မှ မထူးခြားသော်လည်း အတွင်းဘက်မှာတော့ လျှို့ဝှက်အိတ်တစ်ခုပါပြီး ထိုအထဲမှာ ခေါက်ထည့်ထားသော ဆီစိမ်စက္ကူတစ်ရွက်ကို ထုတ်ယူလိုက်သည်။

ထိုစက္ကူပေါ်မှာ အမှတ်အသားများ ရေးထားသော်လည်း ရုတ်တရက် ကြည့်လျှင်တော့ ဘာမှမတွေ့နိုင်ပေ။

ဦးဝီလျံက ထိုစက္ကူကို ခါးလည်နေရာမှ ကတ်ကြေးဖြင့် ကိုက်ဖြတ်လိုက်ပြီး တစ်ပိုင်းကို ခါးပတ်အတွင်းသို့ အသေအချာ ပြန်ထည့်ပြီး ခါးမှာ ပြန်ပတ်ထားလိုက်လေသည်။

ကျန်တစ်ပိုင်းကို မြကျင်မွှေးအား ပေးလေသည်။

"ဒီမြေပုံတစ်ဝက်ဟာ သိန်းပေါင်းများစွာ တန်ဖိုးရှိတယ်၊ ငါ့သမီး ကိုယ်နဲ့မကွာ သိမ်းထားပေတော့၊





နောက်ပြီး ဒီအကြောင်းကိုလည်း ဘယ်သူမှ မသိပါစေနဲ့၊ အဖေပြောတာ ကြားရဲ့လား"

"ဟုတ်. . ဟုတ်ကဲ့"

"နောက်တစ်ခုက အဖေ အကြောင်းတစ်ခုခုကြောင့် သမီးဆီကို ပြန်မလာနိုင်ရင်လည်း အဖေ့အတွက် စိတ်ပူမနေနဲ့၊ တစ်နေ့မှာ သမီးဆီကို မြေပုံတစ်ဝက် ယူလာတဲ့သူ ရှိလာခဲ့ရင် ငါ့သမီး သူနဲ့ လက်တွဲပြီးတော့ ရတနာတွေကို ရှာဖွေပြီးယူပါ"

ဟု ပြောဆိုမှာကြားပြီးနောက် ဦးဝီလျံတစ်ယောက် ပြန်သွားလေတော့သည်။

ထိုအချိန်မှစပြီး နောက်ပိုင်းမှာတော့ မြကျင်မွှေးတစ်ယောက် ဦးဝီလျံအား ထပ်မတွေ့ရတော့ပေ။

သူတို့သားအဖနှစ်ယောက် အိမ်ကြီး၏အခန်းတစ်ခုအတွင်း၌ လျှို့ဝှက်စွာ စကားပြောနေသည်ကို အပြင်ဘက်မှ နားထောင်နေသော မည်းမည်းသဏ္ဌာန်တစ်ခုက ၎င်းတို့ စကားမပြီးခင်မှာပင် ထိုနေရာမှ ပြန်ထွက်သွားသည်ကိုတော့ ဦးဝီလျံတို့နှစ်ယောက်စလုံး မသိလိုက်ကြတော့ပေ။

မြကျင်မွှေးမှာ ဖခင်ပေးထားသောမြေပုံတစ်ဝက်ကို လုံခြုံစိတ်ချရသည့် လျှို့ဝှက်နေရာ၌ သိမ်းဆည်းထားလိုက်လေသည်။

ထိုကဲ့သို့ မှာကြားပြီး ခရီးထွက်သွားသော ဦးဝီလျံတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာ စမင်ကျွန်း၌ ရေဘီလူးများလက်ချက်ကြောင့် သေဆုံးသွားသောအဖြစ်ကိုလည်း မသိရရှာတော့ပေ။

နောက်ပိုင်းမှာတော့ မြကျောင်မွေးတစ်ယောက် ထိတ်လန့်ဖွယ်ရာကောင်းသောအဖြစ်အပျက်များနှင့် မကြာခဏ ကြုံတွေ့ရလေတော့သည်။

ဦးစွာတွေ့ရသောအဖြစ်အပျက်မှာ ညအချိန်ဖြစ်သည်။

သူမအိပ်ခန်းရှိရာမှာ ပြတင်းပေါက် ဖွင့်ပြီးကြည့်ပါက ခြံကျယ်ကြီးတစ်ခုလုံး၏မြင်ကွင်းကို လှမ်းမြင်ရပေသည်။ ထိုညကလည်း ညဦးပိုင်းအချိန် လရောင်ကလေး ရှိနေသောကြောင့် ဝရံတာ တံခါးချပ်ကို ဖွင့်ပြီး အပြင်သို့ လှမ်းကြည့်လိုက်စဉ် သူမနေသော ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင် သစ်ပင်ရိပ်အောက်၌ ရပ်နေသည့် မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်ရလေသည်။

ပထမတော့ ခြံစောင့်ကုလားနှစ်ယောက်ဖြစ်မည်ဟု ထင်လိုက်မိသော်လည်း အသေအချာ ကြည့်တော့မှ မဟုတ်မှန်း သိရသည်။

မည်းမည်းသဏ္ဌာန်မှာ လောင်းကုတ်အကျီရှည်ကြီးကို ဝတ်ဆင်ထားပြီး သက္ကလတ် ဦးထုပ်တစ်လုံးကို ခပ်စိုက်စိုက် ဆောင်းထားပြီး သူမအခန်းရှိရာသို့ မော့ကြည့်နေသည်။

သို့ကြောင့် ကြောက်ကြောက်လန့်လန့်နှင့် တံခါးချပ်များကို ပြန်ပိတ်ထားလိုက်ရသည်။





မြကျောင်မွေးတစ်ယောက် စိတ်တထင့်ထင့် ရှိနေသောကြောင့် ထိုညက ကောင်းစွာအိပ်မပျော်ဘဲ ရှိလေသည်။

နောက်တစ်နေ့ မနက်လင်းသောအခါ ခြံစောင့်ကုလားနှစ်ယောက်နှင့် ဦးအောင်သာဖုံတို့လင်မယားကို မေးကြည့်သောအခါ ခြံဝန်းထဲသို့ မည်သူမှ မဝင်ကြောင်း ပြောကြလေသည်။

နောက်ပိုင်းညများမှာ ထိုမည်းမည်းသဏ္ဌာန်ကြီးကို ထပ်တွေ့ရလေမလားဟု သတိထားပြီး စောင့်ကြည့်သော်လည်း နောက်ထပ်မတွေ့ရတော့ပေ။

ဤသို့ဖြင့် မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီး တစ်ပတ်ခန့် ကြာသောအခါ မြို့ထဲသို့ ဈေးဝယ်ထွက်သောအချိန်မှာ ဖရေဇာလမ်းသို့အရောက်တွင် သူမနောက်မှ တကောက်ကောက် လိုက်နေသော လူတစ်ယောက်ကို သတိပြုမိသွားလေသည်။

ပထမ သတိမထားမိသော်လည်း မလှမ်းမကမ်းနေရာမှ သွားလေရာ တကောက်ကောက် လိုက်နေမှန်း သတိပြုမိတော့မှ သိသွားခြင်းဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် လွန်ခဲ့သောတစ်ပတ်လောက်က ညအချိန်တွင် တွေ့လိုက်ရသော မည်းမည်းသဏ္ဌာန်ကြီးနှင့် တူနေသောကြောင့် သတိရသွားသောအခါ များစွာကြောက်ရွံ့ထိတ်လန့်သွားပြီး မပြေးရုံတမယ် လူအုပ်ကြားအတွင်းသို့ ဝင်ပြေးခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုသို့ပြေးရာမှာလည်း နောက်မှ တကောက်ကောက်လိုက်နေသူက မျက်ခြည်အပြတ်မခံဘဲ အတင်းလိုက်လာသောကြောင့် နောက်ဆုံး မဂိုလမ်းထောင့်မှာ ရှိသော ကျူုလယာဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ပြေးတော့မှ လွတ်မြောက်ခဲ့ရလေသည်။

ထိုသို့တွေ့မြင်ရပြီးနောက်မှာတော့ မြကျင်မွေးတစ်ယောက် အပြင်သို့ တစ်ယောက်တည်း မထွက်ဝံ့အောင် ထိတ်လန့်သွားလေသည်။

ယခင်က တစ်လတစ်ခါ နှစ်ခါဆိုသလို အပြင်သို့ တစ်ယောက်တည်း ဈေးဝယ်ထွက်သော်လည်း ထိုကဲ့သို့ အနှောင့်အယှက်မျိုး မတွေ့ရပေ။

ယခုအခါမှပင် တွေ့နေရခြင်းမှာ သူမဖခင် ပေးထားခဲ့သောမြေပုံတစ်ခြမ်းနှင့် ဆက်စပ်မှု ရှိနေသလောဟု တွေးတောမိလေသည်။

နောက်ပိုင်းရက်များမှာလည်း ညအချိန်များတွင် အမှောင်ရိပ်ထဲမှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို မကြာခဏ တွေ့နေရသည်။

သို့သော်လည်း ထိုအကြောင်းများကို မည်သူ့ကိုမှ မပြောဝံ့ပေ။

တစ်ညမှတော့ မြကျင်မွေးတစ်ယောက် အိပ်ပျော်နေ





စဉ် နားထဲမှာ ထူးခြားသောအသံကို ကြားလိုက်ရသည်။

“ဂီး. . . ဂီး. . . ဂီး”

သတ္တဝါတစ်ကောင်၏ မာန်ဖီသည့်အသံမျိုးဖြစ်သည်။ ပထမတော့ အခြားနေရာတစ်ခုမှ ခွေးတစ်ကောင်ကောင် မာန်ဖီနေသလားဟု ထင်လိုက်မိသော်လည်း အသေအချာ နားထောင်ကြည့်တော့မှ ခြံဝန်းအတွင်းမှ မဟုတ်ဘဲ အိမ်ပေါ်ထပ် ဝရံတာဆီမှ ကြားနေရခြင်းဖြစ်မှန်း သိသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

“ဂီး. . . ဂီး. . . ဂီး”

“ဟင်. . .”

အထိတ်တလန့်ဖြင့် မျက်လုံးဖွင့်ကြည့်လိုက်တော့ အပြင်ဘက်မှ အလင်းရောင်ကြောင့် ပြတင်းပေါက် မှန်တံခါးအနီး၌ ရပ်နေသည့် မည်းမည်းသဏ္ဍာန်ကြီးကို တွေ့မြင်ရတော့သည်။

ထိုသဏ္ဍာန်မှာ လူတစ်ယောက်သဏ္ဍာန် မဟုတ်ဘဲ ခွေးနှင့် သဏ္ဍာန်တူသော တိရစ္ဆာန်တစ်ကောင်၏ပုံသဏ္ဍာန်ပင် ဖြစ်တော့သည်။

မာန်ဖီနေသောအသံမှာလည်း ထိုသတ္တဝါဆီမှ ကြားနေရခြင်းဖြစ်ပေသည်။

“ဂီး. . . ဂီး. . . ဂီး”

ထိုသို့မာန်ဖီရင်းနှင့်ပင် သတ္တဝါကြီးက မှန်တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းချွန်များဖြင့် ကုတ်ခြစ်နေသည့်အသံများကို အတိုင်းသား ကြားနေရသည်။

သို့သော်လည်း တံခါးတွင်း၌ သံတိုင်များကို စိုက်ထားသဖြင့် ဝင်လာဖို့တော့ မလွယ်ကူလှပေ။

မြကျင်မွှေးမှာ ဖခင်သွေးပါသူတစ်ဦးဖြစ်သောကြောင့် သတ္တိခေလှသော မိန်းကလေးတစ်ယောက်တော့ မဟုတ်ပေ။

သူမသည် ပြတင်းနား ရောက်နေသောသတ္တဝါကြီးကို အသေအချာ လှမ်းကြည့်လိုက်သေးသည်။

ထိုသတ္တဝါမှာ ခွေးတစ်ကောင်နှင့် ပုံပန်းသဏ္ဍာန်တူပြီး ခွေးထက်တော့ အကောင်အရွယ်အစား ပိုကြီးလေသည်။

ထို့ပြင် မျက်လုံးနှစ်လုံးက ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီနေပြီး မာန်ဖီနေသောကြောင့် ပါးစပ်တွင်းမှ အစွယ်များကို အတိုင်းသား မြင်နေရသည်။

ယခုတလော ရန်ကုန်မြို့အတွင်း၌ ဝံပုလွေနှင့် ပုံသဏ္ဍာန်တူသော သတ္တဝါတစ်ကောင်ကြောင့် လူအချို့ သေဆုံးခဲ့ရသောသတင်းကို မြကျင်မွှေး မသိရှာသေးပေ။

အကယ်၍သာ ထိုသတင်းများကို သိရပါက ယခုအခြေအနေသည် သူမအနေဖြင့် ကြောက်စရာကောင်းလှသော အန္တရာယ်နှင့် လက်တစ်ကမ်းအကွာသို့ ရောက်နေပြီဖြစ်ကြောင်း သဘောပေါက်ခဲ့ပါက ထိုသို့နေဝံ့မည် မဟုတ်ပေ။





ထိုအခိုက်မှာပင် သတ္တဝါကြီး၏ကုတ်ခြစ်မှုကြောင့် မှန်တံခါးတစ်ချပ်က ကွဲကျသွားလေသည်။

"ခွမ်း. . . ချလွမ်း"

မှန်ချပ်ခံနေစဉ်က ဝိုးတဝါး မြင်နေရသည့် သတ္တဝါကြီး၏ကြောက်မက်ဖွယ်ရာကောင်းသောမျက်နှာကြီးမှာ အတိုင်းသား ပေါ်လာလေတော့သည်။

"ဂါး. ."

"အမယ်လေး"

ထိုသို့ အသံကုန် အော်ဟစ်လိုက်ပြီးနောက် မြကျင်မွှေးမှာ နောက်သို့ လဲကျသွားကာ သတိမေ့သွားလေတော့သည်။

နောက်ပိုင်းတော့ ဘာမှမသိရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

# သျှေးမှုန်းခဲ့ရသော ရာဇာနာမြေ့မှုံ

မြကျင်မွေးအနေနှင့် သတိပြန်ရလာသောအခါ ဦးစွာ နားထဲမှာ စကားပြောသံအချို့ကို ကြားလာရလေသည်။

မျက်စိဖွင့်ကြည့်လိုက်တော့ သူမအနီးမှာ ရပ်နေသော လူတစ်ယောက်၏မျက်နှာကို ဦးစွာမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က စိုးရိမ်သောမျက်နှာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူမကို ငုံ့ကြည့်နေသဖြင့် အံ့ဩသွားသည်။

သူမအနေဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် တစ်ကြိမ်သာ တွေ့ဖူးသော်လည်း ရင်းနှီးသူတစ်ယောက်လို ကောင်းစွာ မှတ်မိနေလေသည်။

"မင်းသတိရပြီလား"

ခေါင်းညိတ်ပြကာ နေရာမှ ထရန် ကြိုးစားရာ ဒေါက်တာမင်းထင်ကျော်က နောက်မှ ဖေးမပေးလိုက်သည်။

ကြည့်လိုက်တော့ သူမအခန်းထဲမှာ ဖြစ်ပြီး အနားမှာ ဒေါက်တာမင်းထင်ကျော်အပြင် ဒေါ်မင်းငွေပါ မလှမ်းမကမ်း၌ ရှိနေလေသည်။

အပြင်ဘက် ဧည့်ခန်းထဲမှာတော့ လူအချို့ ရှိနေကြသည်။ ထိုအထဲမှာ ပုလိပ်များလည်း ပါလေသည်။

"ဘာတွေဖြစ်နေလို့လဲဟင်. . . အစ်ကိုကရော ဘယ်ကနေ ဘယ်လို ဒီအခန်းထဲ ရောက်နေတာလဲ"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။

"မင်းကျန်းမာရေး ကောင်းသွားပြီ မဟုတ်လား"

"ကောင်းသွားပါပြီ"

"ညတုန်းက မင်းအိမ်ခြံဝန်းထဲအထိ လူသတ်အန္တရာယ် ကောင်ကြီး ဝင်လာတာရော သတိရသေးတယ် မဟုတ်လား"

မျက်လုံးအဝိုင်းသားနှင့် ခေါင်းညိတ်ပြလိုက်သည်။





"ညက မင်းအနေနဲ့ အတော်ကလေး ကံကောင်းလို့ အသက်မသေတာပေါ့၊ အမှန်တော့ မင်းအသက်ကို ကယ်လိုက်တာ ပြတင်းပေါက်က သံတိုင်တွေပဲ၊ ဒီသံတိုင်တွေသာ မရှိရင် အခုလောက်ဆိုရင် မင်းသေတာ ကြာလှပြီ"

ဒေါက်တာမင်းထင်ကျော် ပြောပြတော့မှ ညက ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များကို ပြန်လည် သတိရလေသည်။

"အခု ဘာတွေဖြစ်ကုန်လို့လဲဟင်"

"ခြံစောင့်ကုလားတစ်ယောက်တော့ အန္တရာယ်ကောင်ကြီးက သတ်သွားတာနဲ့ သေသွားရှာပြီ"

"ရှင်. ."

ထိုအခါမှ အောက်ထပ်မှ ပုလိပ်များ အလုပ်ရှုပ်နေပုံကို သတိရလေတော့သည်။

"မင်း ညက အဲ့ဒီအန္တရာယ်ကောင်ကြီးကို မြင်လိုက်ရတယ် မဟုတ်လား၊ သူ့လက်ချက်ကြောင့် လူတွေ သေရတာ မနည်းတော့ဘူး၊ ညက သေတဲ့ကုလားနဲ့ဆိုရင် သုံးယောက်မြောက် ဖြစ်သွားပြီ"

"ဘာကောင်ကြီးလဲဟင်"

"ဝံပုလွေနဲ့ တူတဲ့ မည်းမည်းကောင်ကြီးလောက်ပဲ သိရသေးတယ်၊ သေသေချာချာတော့ မသိရသေးပါဘူး၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး ကောင်းသွားပြီဆိုရင်တော့ အစ်ကိုမေးတဲ့ မေးခွန်းတွေကို ဖြေပေးပါ"

မြကျောင်မွှေးက ခေါင်းညိတ်ပြပြီး အခန်းထဲမှာ ရပ်နေသော ဒေါ်မင်းဝေကို အပြင်သို့ အထွက်ခိုင်းသဖြင့် ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ကုတင်နံဘေးရှိ ထိုင်ခုံပေါ်မှာ ထိုင်ရင်း အိတ်ထဲမှ ဓါတ်ပုံတစ်ပုံ ထုတ်ကာ မြကျောင်မွှေးကို ပေးလိုက်သည်။

ထိုဓါတ်ပုံမှာ ဦးသက္ကက သမီးပျောက် ရှာပေးရန် အတွက် ပေးထားခဲ့သည့်ဓါတ်ပုံပင်ဖြစ်သည်။

"အဲ့ဒီဓါတ်ပုံရှင်ကို မင်းသိတယ်မဟုတ်လား"

"ဒါ. . ကျွန်မဓါတ်ပုံပဲ၊ ရှင် ဘယ်က ရတာလဲ"

"ဒီဓါတ်ပုံ ဘယ်က ရသလဲဆိုတာထက် မင်း ဘယ်သူ့ကို ပေးထားတယ်ဆိုတာရော အမှတ်ရသေးလား"

"မရဘဲ ရှိပ့ါမလား၊ ကျွန်မက ဓါတ်ပုံရိုက်တာတွေ ဘာတွေ ဝါသနာမပါတော့ ဓါတ်ပုံဆိုလို့ ဒီတစ်ပုံပဲ ရှိတာ၊ အဖေက သူသွားလေရာကို အမြဲယူသွားလေ့ရှိတာ"

"မင်းအဖေနာမည်က ဘယ်သူလဲ"

ထိုသို့မေးသောအခါ တုံ့ဆိုင်းဆိုင်းဖြစ်သွားလေသည်။ ပြောသင့်မပြောသင့် ချိန်ဆနေဟန်ရှိသည်။





"ဘာမှစိတ်မပူပါနဲ့. . . အမှန်အတိုင်းသာ ပြောပြပါ၊ ဒီအကြောင်းတွေကို ဘယ်သူမှ မသိစေရပါဘူး"

"အစ်ကိုက စုံထောက်တစ်ယောက်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြလိုက်သည်။

"ဒါဖြင့် ပုလိပ်ဘက်ကလား"

"မဟုတ်ပါဘူး. . . ကိုယ်က အလွတ်လူတစ်ယောက်ပါ"

ထိုအခါမှ စိတ်ချလက်ချ ဖြစ်သွားဟန်ရှိလေသည်။

"ကျွန်မအဖေက ဦးဝီလျံပါ"

"အောင်ချမ်းသာကုမ္ပဏီပိုင်ရှင် ဦးဝီလျံလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် မင်းရဲ့နာမည်က ဘယ်သူလဲ"

"မြကျောင်မွှေးပါ"

"ယမင်းခင်ဆိုတာ ဘယ်သူလဲ၊ ဒီစာကရော မင်းရေးထားခဲ့တဲ့စာ မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှ စာရွက်ခေါက်တစ်ခုကို ထုတ်ကာ ဖြန့်ပြလိုက်သည်။

မြကျောင်မွှေးက စာရွက်ကို ကြည့်ပြီး ခေါင်းညိတ်ပြလေသည်။

"ယမင်းဆိုတာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com

"တွေ့တဲ့နာမည်တစ်ခု ရေးထားခဲ့တာပါ။ ကျွန်မနာမည်က မြကျင်မွှေးပါ။ ဒီဓါတ်ပုံကလည်း ကျွန်မ အဖေ့ကို ပေးထားခဲ့တဲ့ဓါတ်ပုံဖြစ်ပြီး အဖေက ခရီးထွက်တိုင်း ယူသွားလေ့ရှိတယ်၊ အခု အဖေ ကျွန်မဆီ ရောက်မလာတော့ အတော်ကြာလှပြီ၊ သူ ဘာဖြစ်နေလို့လဲဟင်"

ဒေါက်တာမင်းထင်ကျော်က အမှန်အတိုင်း မပြောလိုသောကြောင့် ခေါင်းခါပြလိုက်သည်။

"သူ အရောင်းအဝယ်ကိစ္စနဲ့ ခရီးလွန်နေလို့ ဖြစ်မှာပေ့ါ၊ မြကျင်မွှေးအနေနဲ့ အစ်ကို့အပေါ်မှာ ယုံကြည်တယ်ဆိုရင် မင်းအဖေနဲ့ ပတ်သက်တဲ့အကြောင်းတွေရော မင်းနဲ့ ပတ်သက်တဲ့အကြောင်းတွေပါ အမှန်အတိုင်း ပြောပြပါ"

ဟု ယေသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

ထိုအခါ မြကျင်မွှေးက သူမနှင့် ပတ်သက်သော အကြောင်းအရာအချို့ကို ပြောပြသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က. . .

"မင်းပြောပြတဲ့အကြောင်းတွေထဲမှာ မင်းဖခင် ပြည်ကြီးမှာ ဖြစ်ခဲ့တဲ့အကြောင်းတွေ မပါဘူး၊ မင်းရဲ့ဖခင်ဦးဝီလျှံက တရုတ်ပြည်မှာ မိန်းမတစ်ယောက်ရှိပြီး အရွယ်ရောက်နေတဲ့ သားသမီးတွေ ရှိတယ်၊ မင်းအမေ မသေခင်က တရုတ်ပြည်က သားနှစ်ယောက် လိုက်လာတာရော သိရဲ့လား"





မြကျင်မွှေးက မျက်လုံးအပြူးသားဖြင့် ခေါင်းခါပြလေသည်။

"သူတို့ရောက်လာပြီး မကြာခင်မှာ မင်းအမေ ရုတ်တရက် သေဆုံးသွားခဲ့တယ်"

"သူတို့ သတ်တာလားဟင်"

"ပုလိပ်အဖွဲ့ကတော့ ဒီလိုပဲ ထင်မြင်ချက်ပေးကြတယ်၊ ဒါပေမယ့် သတ်သေသက္ကာယ မရှိတော့လည်း အပြစ်ယူလို့ မရဘူးပေ့ါ"

"သူတို့က အမေ့ကို ဘာကြောင့် သတ်ကြတာလဲဟင်"

"မင်းရဲ့ဖခင်မှာ စုဆောင်းထားတဲ့ ရွှေငွေရတနာပစ္စည်းတွေ အများကြီး ရှိတယ်၊ အဲဒါတွေကို ဘယ်သူမှ မသိအောင် လျှို့ဝှက်သိမ်းထားတယ်၊ အမှန်တော့ အရင်သားသမီးတွေက မင်းအမေကို သတ်တယ်ဆိုတာ မင်းဖခင် ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို အားလုံးလိုချင်ကြလို့ပဲ၊ ဒီပစ္စည်းတွေအကြောင်းကို မင်းအဖေက မင်းကို တစွန်းတစ ပြောပြထားတယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က သူသိလိုသောအချက်ကို မေးလိုက်လေသည်။

ပထမတော့ မြကျင်မွှေးက ချက်ချင်းမပြောသေးဘဲ ဒေါက်တာမင်းထင်ကျော်ကို မော့ကြည့်နေသည်။

"မင်းအကျိုးအတွက် မေးနေတာပါ၊ အစ်ကို့ကို ယုံကြည်


www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုရင် အမှန်အတိုင်း ပြောပြပါ”

ထိုသို့ပြောတော့မှ ခေါင်းညိတ်ပြသည်။

“ဒါဖြင့် မင်းအဖေ ပေးထားခဲ့တဲ့ပစ္စည်းတစ်ခုခု မင်းဆီမှာ ရှိတယ်မဟုတ်လား”

“အစ်ကိုက ဘယ်လိုများ သိနေတာလဲဟင်”

“မင်းအမေ သေရတာလည်း ဒီရတနာပစ္စည်းတွေကြောင့်ဆိုတာ ထင်ရှားတယ်၊ အခု မင်းနောက်ကို အန္တရာယ်တွေ လိုက်နေတယ်ဆိုတာလည်း တခြားအကြောင်းတော့ မဖြစ်နိုင်ဘူး၊ ဒီရတနာပစ္စည်းတွေကြောင့်ဆိုတာ ထင်ရှားတယ်၊

တကယ်လို့ မင်းကို သတ်ချင်ရုံသက်သက်ဆိုရင်တော့ မင်းအနေနဲ့ သေတာ ကြာလှပြီ၊ အခု မသတ်သေးဘဲ နောက်က လိုက်နေပုံထောက်တော့ မင်းဆီမှာ သူတို့လိုချင်တဲ့ပစ္စည်းတစ်ခုခု ရှိနေတယ်ဆိုတာ ထင်ရှားပါတယ်၊

အဲ့ဒီပစ္စည်းက ဘာလဲ”

“အဖေပေးထားခဲ့တဲ့ မြေပုံစာရွက်တစ်ပိုင်းပါ”

“အဲ့ဒီပစ္စည်းရော ဘယ်မှာ သိမ်းထားသလဲ၊ ခဏလောက် ကြည့်ပါရစေ”

ထိုသို့ပြောသဖြင့် မြကျင်မွှေးက လျှို့ဝှက်စွာ သိမ်းထားသော မြေပုံစာရွက်တစ်ပိုင်းကို ထုတ်ပြလိုက်သည်။

“ဒီမြေပုံက တစ်ဝက်ပဲ ရှိတာဆိုတော့ ကျန်တဲ့တစ်ဝက်





က ဘယ်သူ့ဆီမှာလဲ”

“ဖေဖေ့ဆီမှာပါ”

ဒေါက်တာမင်းထင်ကျော်က လေးလေးနက်နက် တစ်ချက်စဉ်းစားပြီး မြေပုံစာရွက်ကို မြကျင်မွှေးအား ပြန်ပေးလိုက်သည်။

“ဟင့်အင်း. . . ကျွန်မ ဒီဟာကို ယူမထားဝံ့တော့ဘူး၊ အစ်ကို သိမ်းထားပေးပါလား၊ နောက်ပြီး ကျွန်မကို အန္တရာယ်တွေက လွတ်အောင် စောင့်ရှောက်ပေးပါ”

“ဒီအတွက် စိတ်မပူပါနဲ့၊ မင်း အန္တရာယ်မဖြစ်အောင် အစ်ကိုတို့ ကာကွယ်စောင့်ရှောက်ပေးပါ့မယ်၊

ဒါထက် မြန်မာပညာတတ် အလုပ်လက်မဲ့များ ကူညီပေးရေး အသင်းဥက္ကဋ္ဌ ဦးသက္ကဆိုတဲ့လူကို မင်းသိသလား”

မြကျင်မွှေး ခေါင်းခါပြသည်။

“မင်းဖခင်နဲ့ ပတ်သက်ပြီး သိကျွမ်းတာရော ရှိသလား”

“ကျွန်မအဖေနဲ့ ပတ်သက်တဲ့လူတွေကို တစ်ယောက်မှ မသိပါဘူး”

ဟု ပြောသဖြင့် ဆက်မမေးတော့ပေ။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာတော့ ဦးဝီလျှံတစ်ယောက် သွားလေရာ ယူသွားလေ့ရှိသော မြကျင်မွှေး၏ဓါတ်ပုံကိစ္စပင်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုဓါတ်ပုံမှာ ဦးသက္ကထံသို့ ဘယ်ပုံဘယ်နည်း ရောက်နေသည်ဆိုသောအချက်မှာ စိတ်ဝင်စားဖွယ်ရာကောင်းသော အချက် ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က မြကျင်မွေးအား သိလိုသမျှ မေးမြန်းပြီး အခန်းတံခါးဖွင့်၍ အပြင်သို့ ထွက်လာသောအခါ တံခါးပေါက်ဝနှင့် မနီးမဝေးနေရာမှာ ရပ်နေသည့် ဦးအောင်သာဇံကို တွေ့ရသည်။

ဦးအောင်သာဇံက ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ အရိုအသေ ပေးသည့်အနေဖြင့် ခေါင်းငုံ့ထားလေသည်။

ဒေါက်တာမင်းထင်ကျော် အောက်သို့ ရောက်သောအခါ စုံထောက်ကျော်စွာက အခြေအနေ လာမေးသည်။

"သတိမေ့နေတဲ့ အမျိုးသမီးအခြေအနေ ဘယ်လိုရှိသလဲ ဆရာ"

"သတိပြန်ရလာပါပြီ. . . ဒါထက် အလောင်းအခြေအနေကရော ဘယ်လိုလဲ"

"ထုံးစံအတိုင်းပါပဲ. . . မဟူရာဝံပုလွေရဲ့လက်ချက်ကြောင့် သေရတာပါပဲ"

"ဒီအတိုင်းဆိုရင်တော့ နောက်ထပ် လူတွေ ထပ်သေကြရဦးမယ်ထင်တယ်"





ဒေါက်တာမင်းထင်ကျော်က ကျော်စွာအား သူ၏ထင်မြင်ချက်အချို့ကို ပြောပြလိုက်သောအခါ များစွာအံ့သြနေတော့သည်။

နောက်မှာတော့ ခြံစောင့်ကုလားတစ်ယောက်ကို ခေါ်မေးကြည့်ရာ ကြောက်ကြောက်လန့်လန့်ဖြင့် ပြောသည်။

"ညက မမလေး အော်သံကြားလို့ ကျွန်တော်တို့နှစ်ယောက် အပေါ်ထပ်ကို တက်ဖို့ ပြေးလာတုန်း အပေါ်က မည်းမည်းသဏ္ဍာန်ကြီး ခုန်ဆင်းလာပြီး မုတ်ဆိတ်ကို တစ်ခါတည်း ကိုက်သတ်သွားတာပါပဲ"

"ဘယ်လိုသတ္တဝါမျိုးလဲ. . . မင်းမြင်လိုက်သလား"

"မြင်လိုက်ရပါတယ်. . . အနက်ရောင်ကျား၊ ဒါမှမဟုတ် ခွေးကြီးတစ်ကောင်နဲ့တော့ တူတာပါပဲ၊ သူ့မျက်လုံးတွေက နီရဲနေပြီး ပါးစပ်ကြီး ဖြဲထားတော့ ကြောက်စရာ အတော်ကောင်းပါတယ်"

ထိုကဲ့သို့ သိရသောအခါ လူများကို တစ်ယောက်ပြီးတစ်ယောက် သတ်နေသော သတ္တဝါကြီးမှာ များများမဟုတ်ဘဲ တစ်ကောင်ထဲပင်ဖြစ်ကြောင်း သိရလေသည်။

"မုတ်ဆိတ်ကို သတ်ပြီး ဘယ်ဘက်ကို ထွက်ပြေးသွားတာ မြင်လိုက်သလဲ"

"ဟိုဘက်ခြံစည်းရိုးနားကနေ အပေါ်ကို လွှားကနဲ ခုန်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ထွက်သွားတာပါပဲ"

ဟု ပြောသဖြင့် ထိုနေရာဘက်သို့ လျှောက်သွားပြီး အခြေအနေကို လိုက်လံကြည့်ရှုလေသည်။

မြကျင်မွေး ပိုင်သောခြံမှာ အတော်ကျယ်ဝန်းပြီး သီးပင်စားပင် သစ်ပင်ကြီးများ ရှိလေသည်။

မြေပေါ်မှာ မြက်ခင်းစိမ်းစိမ်းများ ရှိပြီး အချို့နေရာများမှာ မိုးရေကြောင့် စွတ်စိုလျက်ရှိပေသည်။

ထိုနေရာများကို သတိထား၍ ကြည့်သောအခါ မြေပြင်ပေါ်မှာ ထင်ကျန်နေသော ခြေရာအချို့ကို တွေ့ရလေသည်။

ထိုခြေရာများမှာ အောင်ချမ်းသာကုမ္ပဏီမှ အစောင့်ကုလားကို သတ်သွားသောနေရာမှ ခြေရာနှင့် တထေရာတည်း တူနေလေသည်။

"ဘာတွေ့သလဲ ဆရာ"

ကျော်စွာက အနားလာပြီးမေးသည်။

"အောင်ချမ်းသာကုမ္ပဏီမှာ အစောင့်ကုလားကို သတ်သွားတဲ့တရားခံနဲ့ ဒီမှာရှိတဲ့ အစောင့်ကုလားကို သတ်သွားတဲ့ တရားခံက အတူတူပဲ"

"ဒါဖြင့် လူကနေ ဝံပုလွေအသွင်ပြောင်းထားတဲ့ အနက်ရောင် သမန်းဂံပုလွေတစ်ကောင်ပဲပေါ့ ဟုတ်လား"

"အမှန်ပါပဲ. . . ခြေရာတွေကို သေသေချာချာ ကြည့်





ရင် ထူးခြားတဲ့အချက် တွေ့နိုင်ပါတယ်"

"ကျွန်တော် စစ်ဆေးကြည့်တော့ လူကနေ ဝံပုလွေအသွင်ပြောင်းထားတော့ နောက်ပိုင်းက လူခြေရာနဲ့ တူနေပြီး ရှေ့ပိုင်းခြေထောက်နေရာက ခြေသည်းအချွန်တွေ ထွက်နေတာ တွေ့ရတယ်"

"အဓိကအချက်ကိုရော သတိပြုမိရဲ့လား"

"ဝဲဘက်ရှေ့ခြေထောက်ရဲ့ အလယ်ခြေချောင်းတစ်ချောင်း မပါဘူး"

"အမှန်ပါပဲ. . . လူတွေကို လိုက်သတ်နေတဲ့ သမန်းဝံပုလွေရဲ့ခြေထောက်မှာ ခြေချောင်းတစ်ချောင်း ပြတ်နေတယ်၊ ဒီအချက်က လူသတ်တရားခံကို ရှာဖို့ အနီးဆုံး သဲလွန်စတစ်ခုပဲပေါ့ ကိုကျော်စွာ"

"ဆရာကတော့ စုံထောက်တစ်ယောက်ထက်တောင် စေ့စပ်သေချာမှု ရှိပါပေမယ်၊ ဒါကြောင့်လည်း ကြံတောသချိုင်းက မှန်ကင်းစံတို့နဲ့ ပေါင်းပြီး လသာတဝိုက်မှာ နာမည်ကြီးနေတဲ့ ကျားနက်ဂိုဏ်းကို ဖြိုခွင်းခဲ့တုန်းက ဆရာ့ရဲ့အကူအညီတွေ အများကြီး ရခဲ့တာပေါ့၊

ဒါထက် မဟူရာဝံပုလွေလို့ အမည်ခံထားတဲ့ သမန်းဝံပုလွေကြီးက ဘာကြောင့် အစောင့်ကုလားတွေချည်း ရွေးသတ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစောင့်ကုလားတွေကို သတ်ချင်လို့ သတ်နေတာ မဟုတ်ပါဘူး၊ သူတို့သတ်ချင်တဲ့လူတွေနဲ့ မတွေ့ရခင်မှာ အစောင့်ကုလားတွေနဲ့ ပက်ပင်းတိုးတာနဲ့ သူတို့အကြောင်း ပြန်မပြောနိုင်အောင် သတ်ပစ်ခဲ့တာပါ"

"နောက်တစ်ခု ထူးခြားတာက အခုတလော ဖြစ်ပွားနေတဲ့ မဟူရာဝံပုလွေနဲ့ ဆက်စပ်ပြီး အသတ်ခံနေရတဲ့လူတွေက အောင်ချမ်းသာကုမ္ပဏီက လူတွေချည်းပဲ၊

ဒီအချက်ကိုရော ဆရာ ဘယ်လိုမြင်သလဲ"

"ဒါက ရှင်းပါတယ်၊ အောင်ချမ်းသာကုမ္ပဏီနဲ့ ဆက်စပ်မှု ရှိနေတဲ့လူတွေလို့ ပြောရတာထက် အောင်ချမ်းသာကုမ္ပဏီပိုင်ရှင် ဦးဝီလျံနဲ့ ဆက်စပ်မှု ရှိနေတယ်ဆိုရင် ပိုပြီးမှန်လိမ့်မယ်၊

ဘာကြောင့်လဲဆိုတော့ အခုဖြစ်သွားတဲ့နေရာဟာ အောင်ချမ်းသာကုမ္ပဏီနဲ့ ဆက်စပ်မှု မရှိဘဲ သီးသန့်ရှိနေတဲ့ နေရာတစ်ခုပဲ၊

ဒါပေမယ့် မြကျောင်မွေးဆိုတဲ့ မိန်းကလေးကတော့ ဦးဝီလျံရဲ့သမီးတစ်ယောက်ပါပဲ၊ ဒါကြောင့် အောင်ချမ်းသာကုမ္ပဏီထက် ဦးဝီလျံနဲ့ ဆက်စပ်မှု ရှိတဲ့လူတွေလို့ ပြောရင် ပိုပြီးသဘာဝကျတယ်"

ဒေါက်တာမင်းထင်ကျော်က ကပ္ပိတန်စီးကရက်ကို စိမ်ပြေနပြေ ဖွာရင်း ပြောပြလိုက်လေသည်။





"ဒီလိုဆိုရင်တော့ ဦးဝီလျံ ပိုင်ဆိုင်တဲ့ ရွှေငွေရတနာတွေနဲ့ ပတ်သက်နေတာဆိုတော့ သေချာနေပြီ"

"အခု ကျွန်တော့်ဆီမှာ ငါးစာရလာခဲ့ပြီ၊ ဒီငါးစာနဲ့ ထောင်ပြီး မဟူရာဝံပုလွေကို ဖမ်းဖို့ပဲ ကျန်တော့တယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ သူ့ကို ဖမ်းတဲ့နေရာမှာ အန္တရာယ်ကြီးမှာဆိုတော့ သတိတော့ ထားကြရလိမ့်မယ်"

ဟု ပြောပြီး နှစ်ယောက်သား ထိုနေရာမှ ပြန်ထွက်လာခဲ့ကြလေသည်။



www.burmeseclassic.com



www.burmeseclassic.com



# အခန်း(၁၂)

# မဟာရာဝဏ်ပုလွေနှင့် ရင်ခိုင်ဘော့ရှာခြင်း

နောက်တစ်ရက်တွင် သတင်းစာနှင့် ဂျာနယ်အချို့တွင် ထူးခြားသောကြော်ငြာတစ်ခု ပါလာလေတော့သည်။

*"စမင်ကျွန်းနှင့် ပတ်သက်သော လျှို့ဝှက်ချက်တစ်ခုကို ကျွန်ုပ်ရထားပေသည်။*

*စိတ်ဝင်စားသူများ လာရောက်ကြည့်မည်ဆိုပါက ကြည့်*

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



*နိုင်ပါသည်။*

*ထိုအကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးမည်ဆိုပါက အဆင်သင့် ရှိနေပါသည်။*

*ဒေါက်တာမင်းထင်ကျော်*

*ခြံအမှတ်( . . . ) ရွှေတောင်ကြားလမ်း*

*ဗဟန်းမြို့နယ်၊ ရန်ကုန်။"*

ဟု ဖော်ပြထားပေသည်။

ထိုသတင်းပေးကြော်ငြာ ပါလာပြီး နှစ်ရက်မြောက်သောနေ့တွင် ဒေါက်တာမင်းထင်ကျော် ရှိရာသို့ ညီ့သည်နှစ်ယောက် ရောက်လာကြသည်။

အောင်ချမ်းသာကုမ္ပဏီမှ ရွှေလင်းနှင့် ရွှေမင်းတို့ ညီအစ်ကိုနှစ်ယောက်ပင်ဖြစ်၏။

ရွှေလင်းရော ရွှေမင်းပါ တရုတ်သွေးပါသူများ ဖြစ်သော်လည်း ပင်လယ်ခရီးကြမ်းများ သွားလာနေကြသောကြောင့် အသားအရေမှာ သာမန်သာ ရှိသော်လည်း အရပ်မြင့်မြင့်၊ ဒေါင်ကောင်းကောင်းနှင့် ခွန်အားဗလ ကြံ့ခိုင်ကြသူများဖြစ်ကြသည်။

ရွှေလင်းထက် ရွှေမင်းမျက်နှာပေါ်က ပိုမိုကြမ်းတမ်းကာ ခက်ထန်မှုလည်း ရှိဟန်တူသည်။





ဒေါက်တာမင်းထင်ကျော်က ၎င်းတို့နှစ်ယောက်ကို ညေ့ခန်းမှာပင် တွေ့ဆုံလေသည်။

"ကိုရွှေလင်းပါလား. . . ဘာကိစ္စများ ရှိလို့ပါလဲ"

"ဆရာထည့်လိုက်တဲ့ သတင်းစာကြော်ငြာ တွေ့လို့ လာခဲ့တာပါ။ ဆရာ မြကျင်မွှေးဆိုတဲ့မိန်းကလေးကို ရှာတွေ့ပြီမဟုတ်လား"

ရွှေလင်း၏အလောတကြီး မေးလိုက်သောစကားကြောင့် ဒေါက်တာမင်းထင်ကျော် သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

ထိုကဲ့သို့ စိတ်ဝင်စားသူများ ရှိနေသောကြောင့် မြကျင်မွှေး၏ခြံထဲ၌ ကုလားတစ်ယောက် အသတ်ခံရသောသတင်း၌ မြကျင်မွှေးနာမည် လုံးဝမပါရစေဘဲ ကျောက်ကုန်းဘက်မှ ထူးဆန်းသော လူသတ်မှု ဟူသောအမည်ဖြင့်သာ ရေးသားဖော်ပြစေခဲ့လေသည်။

"ဘယ်လိုကြောင့် ပြောနိုင်တာလဲ"

"စမင်ကျွန်းမှာ ဖြစ်ပျက်ခဲ့တဲ့လျှို့ဝှက်ချက်တွေကို သိထားတဲ့လူ အတော်နည်းပါတယ်၊ ဆရာ့ရဲ့ကြော်ငြာထဲမှာ ပါတဲ့ စမင်ကျွန်းနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်ကို သိဖို့ဆိုရင် မြကျင်မွှေးကို တွေ့ဖို့ကလွဲပြီး တခြားဘာမှမရှိပါဘူး၊ တကယ်လို့ မြကျင်မွှေး ဘယ်မှာ ရှိတယ်ဆိုတာ သိရင် ကျွန်တော့်ကို ပြောပြပါ၊ ဆရာ့



www.burmeseclassic.com

www.burmeseclassic.com

အတွက် မနစ်နာစေရအောင် ပေးပါ့မယ်"

"ကိုရွှေလင်းက ဒီလို အတပ်ပြောနေမှတော့ ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်း မေးပါ့မယ်၊ မြကျောင်မွှေးကို မြင်ဖူးသလား"

"ငယ်ငယ်တုန်းကတော့ တွေ့ဖူးတယ်၊ နောက်ပိုင်းမတွေ့ရတာတော့ ကြာပြီ"

"အခုနေ မြင်ရင် မှတ်မိမယ် ထင်သလား"

"အသေအချာတော့ မပြောနိုင်ဘူး"

ဒေါက်တာမင်းထင်ကျော်က စားပွဲအံဆွဲထဲမှာ ထည့်ထားသည့် မြကျောင်မွှေး၏ခါတ်ပုံကို ထုတ်ပြလိုက်သည်။

"ဟင်. . . ဒီဓါတ်ပုံကို ခင်ဗျား ဘယ်ကနေ ရတာလဲ"

ဟု တအံ့တဩ မေးလေသည်။

"ဘယ်က ရသလဲဆိုတာထက် ဒီဓါတ်ပုံကို ခင်ဗျား သိတယ် မဟုတ်လား"

"မသိဘဲ ရှိပါ့မလား၊ ဒါ ကျွန်တော့်ဦးကြီးဦးဝီလျံက သွားလေရာ ဆောင်ထားတဲ့ဓါတ်ပုံပဲ၊ ဒီဓါတ်ပုံက ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ"

"ဒါဆိုရင် ဒီဓါတ်ပုံကို ခင်ဗျားသိတယ်ပေါ့"

ရွှေလင်းက ခေါင်းညိတ်ပြသဖြင့် ဒေါက်တာမင်းထင်ကျော် တစ်ချက်ပြုံးပြီး ဓါတ်ပုံကို ပြန်သိမ်းထားလိုက်သည်။





"ခင်ဗျားပြောတဲ့အတိုင်း ဦးဝီလျံက ဒီဓါတ်ပုံကို သူသွားလေရာ ယူသွားတယ်ဆိုတော့ ဦးဝီလျံ စမင်ကျွန်းမှာ သေရှာပြီ မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ခင်ဗျားပြောပြချက်အရ ဦးဝီလျံက သေတော့ ခင်ဗျားလက်ပေါ်မှာပဲ မဟုတ်လား၊ ဒီဓါတ်ပုံကို ခင်ဗျားယူလာခဲ့တာလား"

"ဟင့်အင်း. . . ကျွန်တော်မယူခဲ့ပါဘူး၊ ခင်ဗျားပြတော့မှ အခုမှ သိရတာ"

"ဒီလိုဆိုရင် ခင်ဗျားပြန်စီးလာတဲ့ သင်္ဘောပေါ်မှာ ဓါတ်ပုံကျကျန်နေလို့ တစ်ယောက်ယောက်က တွေ့ပြီး ယူလာတာရော မဖြစ်နိုင်ဘူးလား"

ရွှေလင်းက အတန်ကြာအောင် စဉ်းစားနေလေသည်။ အနားမှာ ထိုင်နေသော ရွှေမင်းကတော့ စိတ်မရှည်သော အမူအယာဖြင့် မျက်မှောင်ကြုတ်ကာ ကြည့်နေလေသည်။

"ဒီလိုတော့လည်း မဖြစ်နိုင်ပါဘူး၊ ကျွန်တော်နဲ့ အတူတူပြန်လာတဲ့ သင်္ဘောသားနှစ်ယောက်က ဒါမျိုးတွေ စိတ်မဝင်စားကြဘူး"

ဒေါက်တာမင်းထင်ကျော်က သူသိလိုသောအချက်ကို သိခဲ့ရပြီမို့ စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်ပြီးမှ စကားပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သည်။

"ဒီဓါတ်ပုံဟာ စမင်ကျွန်းကို ဦးဝီလျံနဲ့ အတူတူ ပါသွားပြီးမှ ခင်ဗျားလည်း ယူမလာပါဘဲနဲ့ ဒီကိုပြန်ရောက်လာတယ်ဆိုတော့ တစ်ယောက်ယောက် ပြန်ယူလာတယ်ဆိုတာ သေချာသွားပြီပေါ့၊

ခင်ဗျားကို မေးပါရစေ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ၊ ဦးဝီလျံ သေခါနီးမှာ ခင်ဗျားကို အရေးကြီးတဲ့ပစ္စည်းတစ်ခု ပေးသွားတယ် မဟုတ်လား"

ဟု မေးလိုက်သောအခါ မျက်နှာအမူအယာ ပျက်သွားလေတော့သည်။

"ခင်ဗျားဘယ်လိုသိနေတာလဲ"

"ဖြစ်စဉ်တွေကို ကောက်ချက်ချကြည့်ရင် ဒီအဖြေကို သိနိုင်တာပဲ"

"ခင်ဗျား မြကျောင်မွေးနဲ့ တွေ့ပြီးပြီမဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"သူဘယ်မှာလဲ. . . ကျွန်တော် သူနဲ့ တွေ့ပြီး စကားပြောချင်တယ်"

"အခုတော့ တွေ့လို့မဖြစ်သေးဘူး၊ သူ့မှာလည်း ခင်ဗျားတွေ့ရတဲ့အန္တရာယ်မျိုးတွေ ဝိုင်းနေပြီ"

"ဟင်. ."





"ဒီတော့ ကိုရွှေလင်းကို တစ်ခုပြောလိုက်မယ်၊ ခင်ဗျားအနေနဲ့ သတိဝီရိယနဲ့ နေပါ၊ ရန်သူက ခင်ဗျားဆီမှာ ရှိနေတဲ့ ပစ္စည်းအကြောင်းကို ကောင်းကောင်းသိထားတဲ့လူမျိုးပဲ၊ ဒီတော့ မရရတဲ့နည်းနဲ့ ယူလိမ့်မယ်"

ထိုသို့ပြောလိုက်သည်နှင့် ရွှေလင်းနှင့်ရွှေမင်းတို့ ညီအစ်ကိုနှစ်ယောက်မှာ မျက်စိမျက်နှာပျက်ပျက်နှင့် ထပြန်သွားကြလေတော့သည်။

လမ်းရောက်သောအခါမှ ညီဖြစ်သူရွှေမင်းက မေးရသည်။

"ရွှေလင်း. . . မင်းအခုတလော ဘာတွေဖြစ်နေတယ်ဆိုတာ ငါ့ကို ပြောပြပါ၊ ဒါမှ အကြောင်းပေါ်လာရင် အကူအညီပေးလို့ ရမှာပေါ့"

ဟု မေးသဖြင့် ရွှေလင်းက ကြုံတွေ့ခဲ့ရသောအကြောင်းများအား အတိုချုပ်လျက် ညီဖြစ်သူအား ပြောပြလိုက်လေသည်။

"ဟင်. . . ဒါဖြင့် ဦးကြီးပေးထားခဲ့တဲ့ ရတနာမြေပုံ တစ်ဝက်က မင်းဆီမှာပေါ့ ဟုတ်လား"

ရွှေလင်း ခေါင်းညိတ်ပြသည်။

"တစ်ဝက်က ဘယ်သူ့ဆီမှာလဲ"

"သူ့သမီးမြကျောင်မွေးဆီမှာ"

"ငါလည်း မသိလို့ လိုက်ရှာနေတာပဲ၊ ကိုမင်းထင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မြကျင်မွေး ရှိတဲ့နေရာကို သိထားတဲ့ပုံပဲ"

"ဒီလိုဆိုရင်လည်း မင်းတို့နှစ်ယောက် ပေါင်းရှာပြီး ရတဲ့ ပစ္စည်းတွေကို တစ်ဝက်စီ ခွဲယူလိုက်ကြရင် မအေးဘူးလား"

"ဒီလိုမဖြစ်သေးဘူး. . . အခုတလော မဟူရာဝံပုလွေ ဆိုတဲ့ လူသတ်ကောင်ကြီးက တကောက်ကောက် လိုက်နေတော့ ပစ္စည်းတွေ ရှာတာနဲ့ သူရောက်လာပြီး အန္တရာယ်ပေးမှာ အသေ အချာပဲ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"အခုရက်ထဲမှာတော့ ဒီအတိုင်း နေပြီး မိစ္ဆာကောင်ကြီး ရဲ့ ရန်အေးသွားတော့မှ အေးအေးဆေးဆေး ရှာတော့မယ်"

"ဒီအတိုင်းဆိုရင် နောက်တစ်ပတ်ထဲမှာ လုပ်မယ့် ကုမ္ပဏီက ဖောက်သည်ကြီးတွေနဲ့ မိတ်ဆုံစားပွဲ လုပ်ဖို့ စီစဉ်ထား တာ လုပ်လို့ ဖြစ်ပါ့မလား"

"အရာရှိတွေ၊ တခြားကုမ္ပဏီပိုင်ရှင်တွေကို ဖိတ်စာပို့ တန်တာပို့၊ တယ်လီဖုန်းနဲ့ အကြောင်းကြားတန် ကြားပြီးမှတော့ မလုပ်ဘဲ ပျက်လို့ဖြစ်ပါ့တော့မလား၊

တော်ကြာ စီးပွားရေးပြိုင်ဘက်တွေက ကိုယ့်အပေါ် အထင်သေးကုန်ကြမှာပေါ့၊ ပုလိပ်တွေ ခေါ်ထားပြီး ဒီလိုပဲ ဖြစ် အောင်လုပ်ရမှာပဲ"

ဟု ပြောကာ မော်တော်ကားကို ကုမ္ပဏီ ရှိရာသို့ မောင်း





လာခဲ့လေသည်။

ရွှေလင်းနှင့်ရွှေမင်းတို့ညီအစ်ကိုနှစ်ယောက် ပြန်သွား သောအခါ ဒေါက်တာမင်းထင်ကျော်လည်း စုံထောက်ကျော်စွာ ရှိရာသို့ တယ်လီဖုန်းဆက် အကြောင်းကြားကာ စီစဉ်စရာကိစ္စ များကို စီစဉ်ရလေတော့သည်။

မြကျင်မွေးထံမှ ယူလာသောမြေပုံစာရွက်ကိုလည်း လုံခြုံစိတ်ချရသောနေရာမှာ လျှို့ဝှက်စွာ ထားလိုက်လေသည်။

ညအချိန်ရောက်လာသောအခါ ရွှေတောင်ကြားလမ်း တဝိုက်မှာ လူသွားလူလာ ရှင်းပြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ သည်။

သစ်ပင်ကြီးများ၏အရိပ်များက ဖုံးအုပ်ထားသော ကြောင့် အမှောင်ရိပ်များက ဖုံးအုပ်လျက်ရှိနေသည်။

လမ်းမီးတိုင်မှ မီးရောင်များ ရှိသော်လည်း သစ်ပင်ရိပ် များက ပို၍များနေရာ အလင်းရောင်က ကွက်တိကွက်ကျား ဖြစ်နေတော့သည်။

ညဉ့်ဦးပိုင်းအချိန်လောက်က တစ်စီးတလေမျှ ဖြတ် မောင်းသွားသည့် မော်တော်ကားစက်သံအချို့ ကြားရသော် လည်း ညဉ့်နက်ပိုင်းအချိန် ရောက်လာသောအခါ တဖြည်းဖြည်း နှင့် ကျဲလာပြီး တိတ်ဆိတ်သွားလေတော့သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဉ့်ဦးပိုင်းအချိန်



www.burmeseclassic.com

www.burmeseclassic.com



ကျော်လွန်ကာ ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာတော့သည်။

ထိုအချိန်မှာပင် ရွှေတောင်ကြားလမ်းအတွင်းသို့ မော်တော်ကားတစ်စီး မောင်းဝင်လာသည်။

ရှေ့မီးလုံးကို ခပ်မှိန်မှိန်မျှသာ ထိုး၍ စက်ရှိန်ကို လျှော့ကာ ဖြည်းဖြည်းမှန်မှန် မောင်းဝင်လာခြင်းဖြစ်၏။

ထိုမော်တော်ကားသည် ဒေါက်တာမင်းထင်ကျော်၏ ခြံဝန်းနှင့် မနီးမဝေးနေရာ ရောက်သောအခါ အမှောင်ရိပ်များ ကျဆင်းနေသော သစ်ပင်ရိပ်အောက်မှာ ရပ်တန့်လိုက်သည်။

ထိုသို့ရပ်တန့်ပြီးနောက်မှာ ကားပေါ်မှ မည်သူမှ ဆင်းမလာဘဲ အတန်ကြာအောင် ငြိမ်သက်နေလေသည်။

ကား၏ရှေ့မီးရောင်များ မှိတ်လိုက်သဖြင့် ထိုနေရာတဝိုက်မှာ မည်းမှောင်သွားပြီး မော်တော်ကား ရပ်ထားသည်ကိုပင် မမြင်ရတော့ပေ။

အတန်ကြာတော့မှ မော်တော်ကားတံခါး ဖွင့်ပြီး လူတစ်ယောက် ဆင်းလာသည်။

လောင်းကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားပြီး သက္ကလတ်ဦးထုပ်ကို မျက်နှာတစ်ဝက်လောက် ဖုံးသည်အထိ ခပ်စိုက်စိုက်ဆောင်းထားသည်။

ထိုသူသည် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ပြီး သစ်ပင်များ ထူထပ်စွာ ရှိနေသည့် အမှောင်ရိပ်အတွင်းသို့ ဝင်သွားလေတော့သည်။

နာရီဝက်ခန့် ကြာသောအခါ သစ်ချုံများနောက်မှ အနက်ရောင်ဝံပုလွေကြီးတစ်ကောင် လျှာကနဲ ခုန်ထွက်လာလေသည်။

ဝံပုလွေကြီးမှာ အရပ်အမောင်းရော အလုံးအထည်ပါ မြင့်မားထွားကျိုင်းလှသည်။

အမှောင်ထဲမှာပင် ဖြစ်လင့်ကစား မျက်စိနှစ်လုံးမှာ ဟင်္သပြဒါးကဲ့သို့ နီရဲလျှက်ရှိနေသည်။

အနက်ရောင်ဝံပုလွေကြီးသည် အမှောင်ရိပ်များနှင့် သစ်ပင်ချုံများကို အကာအကွယ်ယူကာ ဒေါက်တာမင်းထင်ကျော်ခြံရှိရာသို့ သွားလေသည်။

ခါတိုင်းရက်များမှာ ခြံပေါက်ဝမှာ အစောင့်တစ်ယောက်နှင့် အင်းခွေးနှစ်ကောင် ရှိသော်လည်း ထိုညမှာတော့ အစောင့်မရှိဘဲ ခွေးနှစ်ကောင်သာ ခြံဝန်းအတွင်း၌ လှည့်လည်သွားလာနေကြသည်။

ဝံပုလွေကြီး ခြံဝန်းအနီး ကပ်လာသောအခါ အင်းခွေးနှစ်ကောင်က စူးစူးဝါးဝါး ထိုးဟောင်ကြသေးသည်။

သို့သော်လည်း ခြံစည်းရိုးအပေါက်မှ ချောင်းကြည့်နေသည့် နီရဲနေသော မျက်လုံးနှစ်လုံးစလုံးကို မြင်လိုက်ရသည်နှင့် ဆက်မဟောင်ဝံ့တော့ဘဲ အမြီးကုပ်ကာ အနောက်ဘက်သို့ဝင်







www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားကြရာ ခြံဝန်းအတွင်းမှာ ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။

ထို့နောက်မှာတော့ ကျောက်တိုင်နှင့် သံဆူးကြိုးများ ကာရံထားသော အနောက်ဘက် ခြံစည်းရိုးအပေါ်မှ လွှားကနဲ ခုန်ကျော်ကာ ခြံဝန်းအတွင်း ခုန်ဝင်လာလေတော့သည်။

ဝံပုလွေကြီး ခြံဝန်းအတွင်း ရောက်လာသည့်တိုင် ခြံဝန်းတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်မြဲ ငြိမ်သက်နေပြီး နောက်ဘက်သို့ ဝင်သွားသော ခွေးနှစ်ကောင်၏ တအီအီ ညည်းညူသံများသာ ခပ်တိုးတိုး ပေါ်ထွက်နေသည်။

အနက်ရောင်ဝံပုလွေကြီးသည် လှုပ်ရှားလှုပ်ရှား မရှိသော အိမ်အခြေအနေကို အကဲခတ်ကြည့်ပြီး အိမ်အနောက်ဘက်မှ စေ့ထားသောတံခါးပေါက်မှ အိမ်အတွင်းသို့ လှစ်ခနဲ ဝင်သွားလေသည်။

အိမ်အတွင်းမှာလည်း လှုပ်ရှားလှုပ်ရှား မရှိဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသောကြောင့် အခြေအနေ ကြည့်ကာ ဒေါက်တာမင်းထင်ကျော်အခန်းတွင်းသို့ ဝင်သွားလေသည်။

မီးရောင်မှိန်မှိန်လေးသာ ထွန်းထားသောအခန်းထောင့်တစ်နေရာရှိ ကုတင်ပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော် တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဟန်ရှိသည်။

"ဂီး. . . ဂီး. . . ဂီး"





ဝံပုလွေကြီးက မာန်ဖီကာ ကုတင်အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလေသည်။

ထို့နောက် အိပ်ပျော်နေသည့် ဒေါက်တာမင်းထင်ကျော် ကိုယ်ပေါ်သို့ လွှားကနဲ ခုန်အုပ်လိုက်သည်။

ထိုအခါမှ ဝံပုလွေကြီး ခုန်အုပ်လိုက်သောသူမှာ လူတစ်ယောက် မဟုတ်ဘဲ ခေါင်းအုံးများပေါ်မှ စောင်ဖုံးထားသော အရာတစ်ခုဖြစ်နေတော့သည်။

"ဂီး. . . ဂီး. . . ဂီး"

ဝံပုလွေကြီးက စောင်နှင့်ခေါင်းအုံးများကို ဒေါသတကြီး နှင့် ကိုက်ဖွဲ့နေစဉ် ဂုဏ်ဝင်လာသောတံခါးမှာ 'ဝုန်း' ကနဲ ပိတ်သွားလေသည်။

ထိုအခါမှ ထောင်ချောက်တစ်ခု ဖြစ်နေမှန်း သိသွားသော ဝံပုလွေကြီးသည် ပြတင်းပေါက်များမှ ခုန်ထွက်ရန် ကြိုးစားသော်လည်း သံတိုင်များ တပ်ထားသောကြောင့် ထွက်မရတော့ပေ။

"ဂီး. . . ဂီး. . . ဂီး"

အခန်းထဲမှာ ရောက်နေသော ဝံပုလွေကြီးမှာ လှောင်အိမ်အတွင်းသို့ ရောက်နေသကဲ့သို့ ဒေါသတကြီးဖြစ်ကာ နောက်ဆုံး အရှိန်ယူပြီးနောက် ပိတ်ထားသောတံခါးနှစ်ချပ်ကို ခုန်တိုးလိုက်ရာ ပတ္တာများ ပြုတ်ပြီး ဝုန်းကနဲ ပွင့်ထွက်သွားရာ



www.burmeseclassic.com

www.burmeseclassic.com



ထိုတံခါးပေါက်မှ အပြင်သို့ ခုန်ထွက်လာလေတော့သည်။

ထိုအခါ အပြင်ဘက်မှာ အသင့်စောင့်နေသော ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့က သေနတ်ဖြင့် ဆီးပစ်ကြသည်။

"ဒိုင်း. . . ဒိုင်း"

သေနတ်သံများက တိတ်ဆိတ်နေသောအခန်းတွင်းမှာ ဆူညံသွားလေတော့သည်။

ဝံပုလွေကြီးကို သေနတ်ကျည်ဆန်အချို့က ထိမှန်သွားသော်လည်း သေကွင်းသေကွက် မဟုတ်သဖြင့် လဲကျခြင်းမရှိဘဲ အပြင်ဘက်သို့ ထွက်ပြေးသွားလေတော့သည်။

ကျော်စွာက နောက်မှ ပြေးလိုက်သွားရန် ဟန်ပြင်နေသဖြင့် ဒေါက်တာမင်းထင်ကျော်က လှမ်းတားလိုက်သည်။

"မလိုက်ပါနဲ့တော့ ကျော်စွာ၊ သူ ဒဏ်ရာရသွားပုံရတယ်၊ ဒီအတိုင်းဆိုရင် ခြေရာခံလို့ လွယ်သွားပါပြီ"

"နည်းတဲ့ဝံပုလွေကြီး မဟုတ်ဘူးနော်၊ ဒီလိုဝံပုလွေမျိုးနဲ့ ရင်ဆိုင်တွေ့လို့ကတော့ ဘယ်သူမှ ခံနိုင်မှာမဟုတ်ဘူး. . . သေမှာပဲ"

"ဒါကြောင့် သူ့လက်ချက်ကြောင့် တစ်ယောက်ပြီးတစ်ယောက် သေကုန်ကြတာပေါ့"

ထိုသို့ပြောဆိုနေကြစဉ် အပြင်ဘက်မှ မော်တော်ကား





တစ်စီး မောင်းထွက်သွားသော စက်သံကို ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

"သူပြန်သွားပြီထင်တယ်. . . အဲဒီဘက်ကို သွားကြည့်ကြရအောင်"

ဟု ပြောပြီး လက်နှိပ်မီးနှင့်သေနတ်များကို အဆင်သင့်ကိုင်ပြီး အပြင်သို့ ထွက်လာကြသည်။

ထိုအချိန်မှာ မိုးက တဖွဲဖွဲ ရွာချနေသည်။

မော်တော်ကား ရပ်ထားသည့်နေရာ ရောက်သောအခါ မြေပေါ်မှာ ကားဘီးရာများကို တွေ့ရသည်။

ထိုအနီးတဝိုက်မှာ မိုးရေနှင့် ရောနေသော သွေးစက်များကို တွေ့ကြရသည်။

"သူ ဒဏ်ရာရသွားတာတော့ အသေအချာပဲ"

ဒေါက်တာမင်းထင်ကျော်က မြေပြင်ပေါ်မှာ ထင်နေသောခြေရာများကို ဂရုတစိုက် ကြည့်နေသည်။

ခြေရာများမှာ သူ့အိမ်ဘက်သို့ သွားခြင်းမဟုတ်ဘဲ အနောက်ဘက်မှာ ရှိနေသော ချုံများဘက်သို့ သွားသည်ကို တွေ့ရသဖြင့် ထိုခြေရာအတိုင်း လိုက်ကြည့်ကြလေသည်။

သစ်ချုံနောက် ရောက်သောအခါ လူခြေရာများကို အရင်တွေ့ရပြီး ထိုနေရာမှ သူ့အိမ်ဘက်သို့ ထွက်သွားသော ခြေရာများမှာတော့ လူခြေရာများ မဟုတ်တော့ဘဲ ဝံပုလွေ



www.burmeseclassic.com

www.burmeseclassic.com



ခြေရာများ ဖြစ်သွားသည်ကို တွေ့ကြရသည်။

ဒေါက်တာမင်းထင်ကျော်က တစ်နေရာသို့ လက်နှိပ်မီးရောင်ဖြင့် ထိုးပြလိုက်သည်။

“ဒီနေရာမှာ လူအသွင်က ဝံပုလွေအသွင်ပြောင်းပြီးမှ ကျွန်တော့်အိမ်ဘက် လာတယ်၊ ဝံပုလွေခြေရာတစ်ဝက်ဖြစ်နေပြီး ဒီဘက်ရောက်တော့မှ ဝံပုလွေခြေရာလုံးလုံးဖြစ်သွားတာ”

“ဒီဝံပုလွေဟာ လူတွေကို သတ်နေတဲ့ဝံပုလွေပဲ မဟုတ်လား ဆရာ”

“အသေအချာပေါ့. . . အရင်က လူသတ်မှုတွေရဲ့ အနားမှာ တွေ့ရတဲ့အတိုင်း သူ့ခြေရာမှာ ဝဲဘက်အလယ်ခြေချောင်းတစ်ချောင်း ပြတ်နေတယ်လေ. . . ဒီမှာကြည့်ပါလား”

ဒေါက်တာမင်းထင်ကျော်က မိုးရေကြောင့် ပျော့နေသော မြေပြင်ပေါ်မှာ ထင်နေသည့် ခြေရာအချို့ကို မီးရောင်ဖြင့် ထိုးပြလေသည်။

“တစ်ခါတည်း ဖမ်းမမိလိုက်တာတော့ အတော်ကလေး နာတယ်၊ ဒဏ်ရာရသွားတဲ့ကျားက ပိုပြီးဆိုးလာတတ်တာမျိုး ဖြစ်မှာစိုးရတယ်”

“ဒီလောက်မစိုးရိမ်ရပါဘူး၊ သူလိုချင်တဲ့ပစ္စည်းက ကျွန်တော့်ဆီမှာ ရှိနေတယ်ဆိုတော့ မကြာခင် ပြန်တွေ့ကြရဦးမှာပါ၊ တကယ်စိုးရိမ်စရာကောင်းတာက ရွှေလင်းဆိုတဲ့လူပဲ၊ သူ့ဆီကို





မကြာခင်မှာ အန္တရာယ်ရောက်လာနိုင်တယ်”

“မကြာခင်မှာ သူတို့ကုမ္ပဏီက မိတ်ဆုံစားပွဲ လုပ်ဖို့ စီစဉ်နေကြတယ်၊ လုံခြုံရေးအတွက် ပုလိပ်နဲ့စုံထောက်တွေကိုလည်း အကူအညီတောင်းထားတယ်၊ ကျွန်တော်တို့ သွားကြတာပေါ့”

ဟု ပြောဆိုကာ ထိုနေရာမှ ပြန်လှည့်လာခဲ့ကြသည်။ အမှောင်ထုများက ပတ်ဝန်းကျင်တစ်ဝိုက် ဖုံးလွှမ်းထားနေဆဲပင် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# မဟာရာဝဏ်ပုလွေ ဘယ်သူလဲ

ကုမ္ပဏီပိုင်ရှင်များ၊ ကုန်သည်ကြီးများနှင့် မိမိတို့ကုမ္ပဏီနှင့် အမြဲတစေ ကုန်အရောင်းအဝယ်ပြုနေကျ ဖောက်သည်များကို ဖိတ်ကြားထားသော မိတ်ဆုံစားပွဲကို ညဉ့်ဦးပိုင်းအချိန်တွင် ပြုလုပ်ရန် စီစဉ်ထားလေသည်။

အောင်ချမ်းသာ ကုမ္ပဏီအနေနှင့် တစ်နှစ်တစ်ခါ ဆိုသလို ထိုကဲ့သို့ မိတ်ဆုံစားပွဲပြုလုပ်ခြင်းကို ဦးဝီလျံ ရှိစဉ်ကပင်



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ကျင်းပလာခဲ့ရာ ယခု ရွှေလင်းတို့လက်ထက်တိုင်အောင် ပင်ဖြစ်ပေသည်။

ထိုပွဲသို့ ရန်ကုန်မြို့ပေါ်မှ ဂုဏ်သရရှိ လူကြီးလူကောင်းများနှင့် အရာရှိကြီးများပင် တက်ရောက်အားပေးကြလေသည်။

ယခုနှစ်မှာတော့ ဧည့်သည်များကို ဖြေဖျော်ရန် အငြိမ့်ပွဲတစ်ခုပင် ထည့်သွင်းပေးထားရာ ခါတိုင်းထက် ပိုမိုလူများမည် ဖြစ်သောကြောင့် လုံခြုံရေးအတွက် စုံထောက်နှင့်ပုလိပ်များကိုပင် အကူအညီတောင်းထားရလေသည်။

အချို့လူများကတော့ ယခုတလော မဟူရာဝံပုလွေကြောင့် လူများ တစ်ယောက်ပြီးတစ်ယောက် သေဆုံးနေကြသဖြင့် ထိုပွဲမျိုးကို မလာချင်ကြသော်လည်း အောင်ချမ်းသာကုမ္ပဏီမှ ရွှေလင်းတို့ညီအစ်ကိုနှစ်ယောက်ကို အားနာသောကြောင့် လာရန် ကတိပေးကြလေသည်။

ညနေပိုင်းအချိန်လောက်တွင် အငြိမ့်အဖွဲ့သားများ တင်ဆောင်လာသော မော်တော်ကားတစ်စင်း ခြံဝန်းအတွင်းသို့ ဝင်လာသည်။

မော်တော်ကားမှာ လော်လီကားအမျိုးအစားဖြစ်ပြီး ဆိုင်းပစ္စည်းများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထည့်ထားသော သေတ္တာကြီးငယ်တို့ ပါလာလေသည်။

ထိုသေတ္တာများကို ယာယီထိုးထားသောစင်၏ အ





နောက်ဘက်သို့ သယ်ယူသွားလေသည်။

ညနေပိုင်းအချိန်ရောက်သောအခါ ခြံဝန်းတစ်ခုလုံး လျှပ်စစ်မီးရောင်စုံများ ထိန်နေအောင် ထွန်းထားလေသည်။

ဖိတ်ကြားထားသောဧည့်သည်များလည်း တဖွဲဖွဲနှင့် ဆိုသလို တစ်ယောက်ပြီးတစ်ယောက် တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြသည်။

ရွှေလင်းနှင့်ရွှေမင်း ညီအစ်ကိုနှစ်ယောက်တို့မှာလည်း ဖိတ်ကြားထားသော ဧည့်သည်များကို ဆီးကြိုနှုတ်ဆက်ရင်း နေရာချပေးနေကြသဖြင့် မနားရအောင် ရှိနေကြလေသည်။

ထိုအချိန်မှာ ခြံဝန်းရှေ့သို့ မော်တော်ကားတစ်စင်း ထိုးရပ်လာပြီး ကားပေါ်မှ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော ဂုဏ်သရေရှိလူကြီးတစ်ဦး ဆင်းလာလေသည်။

ရွှေလင်းမှာ ထိုလူကို ကောင်းစွာမသိသောကြောင့် ဇဝေဇဝါ ဖြစ်နေသည်။

ထိုအခိုက်မှာပင် ကားပေါ်မှ ဆင်းလာသူက ရွှေလင်း အနီးသို့ လျှောက်လာပြီး မိတ်ဆက်စကားဆိုသည်။

"ကျွန်တော့်နာမည်က ဦးရွှေမောင်ဖြစ်ပါတယ်၊ မြန်မာ ပညာတတ် အလုပ်လက်မဲ့များ ကူညီမှုပေးရေးအသင်းက အတွင်းရေးမှူးတစ်ယောက်ဖြစ်ပါတယ်၊

ဥက္ကဋ္ဌက အရေးကြီးကိစ္စတစ်ခုနဲ့ မန္တလေးရုံးကို သွားနေ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ဥက္ကဌကိုယ်စား ကျွန်တော်လာခဲ့ခြင်းဖြစ်ပါတယ်”

“အော်. . . အခုလို ကြွရောက်လာတာ အထူးပဲ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်နာမည်က ရွှေလင်းပါ၊ ဟိုမှာ ဧည့်ခံနေတာကတော့ ကျွန်တော့်ရဲ့ညီ ရွှေမင်းဖြစ်ပါတယ်၊ အတွင်းမှာ နေရာတွေ စီစဉ်ထားပါတယ်၊

အငြိမ့်ပွဲကြည့်ရင်း အေးအေးဆေးဆေး နားဖို့ အတွင်းကို ကြွပါခင်ဗျာ”

ဟု ပြောဆိုကာ ဦးရွှေမောင်ဆိုသူကို အတွင်းဘက်ရှိ စားပွဲတစ်လုံးမှာ နေရာချပေးလိုက်လေသည်။

ညဦးပိုင်းအချိန်ရောက်သည်နှင့် ဖိတ်ကြားထားသော ဧည့်သည်များ ရောက်လာကြပေရာ အနောက်ပိုင်းခရိုင် ရာဇဝတ်အုပ် ဦးထင်ပေါ်တို့ပင် လာကြလေသည်။

အတန်ကြာသောအခါ တီးဝိုင်းအဖွဲ့မှ တီးလုံးများဖြင့် ဧည့်ခံဖြေဖျော်ပေးလေသည်။

ရောက်လာသောဧည့်သည်များမှာလည်း ကုမ္ပဏီမှ တည်ခင်းကျွေးမွေးသောအစားအသောက်များကို စားသောက်ရင်း စကားပြောဆိုနေကြရာ ဆူညံလျက်ရှိနေကြလေသည်။

ည(၈)နာရီခန့်တွင် အငြိမ့်မင်းသမီး ထွက်ပြီး သီဆိုကပြဖြေဖျော်သောအခါမှ စကားပြောသံများ ငြိမ်ကျသွားတော့သည်။





အငြိမ့်မင်းသမီးမှာ ငယ်ငယ်ချောချောနှင့် အပြောအဆိုလည်း ကောင်းလှပေရာ ပရိသတ်များမှာ များစွာသဘောကျလေသည်။

ပရိသတ်များက အငြိမ့်ပွဲ ရှိရာသို့ အာရုံရောက်နေသောအချိန်တွင် ဇာတ်သေတ္တာများ ထားသော အနောက်ဘက်မှ အဝတ်မည်းကြီး ဝတ်ဆင်ထားသောလူတစ်ယောက်မှာ အမှောင်ရိပ်ခို၍ ထွက်လာပြီး အရိပ်အခြည်ကြည့်ပြီး အိမ်အတွင်းသို့ လှစ်ကနဲ ဝင်သွားလေတော့သည်။

လူများမှာ အငြိမ့်ပွဲသို့ အာရုံရောက်နေသည်က တစ်ကြောင်း၊ ကျန်လူများကလည်း ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသောကြောင့် မည်သူမှ သတိမထားလိုက်မိကြပေ။

ထိုလူသည် အိမ်အတွင်းသို့ ရောက်သောအခါ ရွှေလင်းနေသောအခန်းသို့ အလျင်အမြန် သွားကာ အတွင်းသို့ ဝင်သွားလေသည်။

သူ အခန်းတွင်း ရောက်ပြီး မရှေးမနှောင်းမှာပင် လျှပ်စစ်မီးများက ငြိမ်းကျသွားရာ မှောင်မည်းသွားလေတော့သည်။

အခန်းတွင်း ရောက်နေသော မည်းမည်းသဏ္ဌာန်ကြီးမှာ လက်နှိပ်ဓါတ်မီးအသေးစားကလေးကို အသုံးပြုပြီး ၎င်းလိုချင်သောပစ္စည်းကို အလောတကြီး ရှာဖွေနေတော့သည်။

အပြင်ဘက်မှာ ရှိနေကြသော ရွှေလင်းတို့ညီအစ်ကိုမှာ



www.burmeseclassic.com

www.burmeseclassic.com



မီးပြန်လင်းပြီး အငြိမ့်ပွဲ ပြန်ကနိုင်ရန် ကြိုးစားနေကြစဉ် ရွှေမင်းက လာပြောသည်။

"ရွှေလင်း. . . မင်းအခန်းထဲက မီးရောင်လိုလို မြင်လိုက်ရတယ်၊ တံခါးမပိတ်ထားဘူးလား"

"သေသေချာချာ ပိတ်ပြီး သော့ခတ်ထားတာပဲ၊ ဘယ်သူမှ မဝင်ပါဘူး"

"စောစောက ငါ အဲဒီနေရာ ရောက်တော့ အခန်းထဲက မီးရောင်လိုလို တွေ့လိုက်ရတယ်၊ မင်းသွားကြည့်လိုက်ရင် ကောင်းမယ်"

ဟု ရွှေမင်းက ပြောသဖြင့် ရွှေလင်းမှာ အပေါ်ထပ်၌ ရှိသော ၎င်း၏အခန်းရှိရာသို့ ခပ်သုတ်သုတ် တက်လာခဲ့လေသည်။

မီးပျက်နေသောကြောင့် အပေါ်ထပ်မှာလည်း မည်းမှောင်နေလေသည်။

ထို့ပြင် အားလုံး အောက်ထပ်၌ အလုပ်များနေသောကြောင့် အပေါ်ထပ်၌ ဘယ်သူမှ မရှိပေ။

အခန်းရှေ့ ရောက်သောအခါ သော့ခတ်ထားခဲ့သော တံခါးကို တွန်းကြည့်ရာ အလွယ်တကူ ပွင့်သွားသောကြောင့် စိတ်ထဲမှာ စိုးရိမ်သွားသည်။

သို့ကြောင့် လက်နှိပ်ဓါတ်မီးက တစ်ဖက်၊ သေနတ်ကို





တစ်ဖက် အဆင်သင့် ကိုင်ပြီး အခန်းတွင်းသို့ ဝင်လိုက်သည်။

ထိုအခိုက်မှာပင် ဖွင့်ထားသောတံခါးချပ်က 'ဝုန်း'ကနဲ ပြန်ပိတ်သွားသဖြင့် အလန့်တကြား မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ ဘာမှမတွေ့ရပေ။

ထိုအခိုက်မှာပင် မမျှော်လင့်သောအန္တရာယ်က သူ့နောက်သို့ ရောက်လာပြီး ကိုင်ထားသောသေနတ်ကို လက်သည်းချွန်များဖြင့် ပုတ်ချလိုက်ရာ ကြမ်းပြင်ပေါ်သို့ ကျသွားတော့သည်။

ထိုအခါမှ အမှောင်ထဲမှ ထွက်လာသော မည်းမည်းသဏ္ဍာန်ကြီးက သူ့ရှေ့ရောက်လာပြီး ချွန်ထက်သော လက်သည်းရှည်များဖြင့် လည်ပင်းကို ဆုပ်ကိုင်ထားလိုက်သည်။

ချွန်ထက်သောလက်သည်းများက လည်ပင်းကို စူးဝင်နေရာ ရွှေလင်းမှာ များစွာထိတ်လန့်သွားလေသည်။

"မြေပုံဘယ်မှာလဲ"

အသံသြသြကြီးဖြင့် မေးလိုက်သည်။

"ဘယ်က မြေပုံလဲ"

"စမင်ကျွန်းပေါ်မှာ ဦးဝီလျံ ပေးလိုက်တဲ့မြေပုံကို ပြောတာ၊ မသိချင်ယောင်ဆောင်မနေနဲ့"

ထိုစကားကြောင့် အံ့သြသွားသည်။

စမင်ကျွန်းပေါ်မှ အဖြစ်အပျက်များကို သိသည်းလှ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ထက် ဦးဝီလျံ ပေးလိုက်သည့်အကြောင်းကိုတော့ သူတစ်ယောက်မှလွဲပြီး အခြားလူများ မသိကြပေ။

ယခု ထိုလူက အသေအချာ ပြောနေလေသည်။

"ခင်ဗျားဘယ်သူလဲ"

"မဟူရာဝံပုလွေ"

"ဟင်. ."

"မြေပုံကို မပေးရင် အခုချက်ချင်း သတ်ပစ်လိုက်မယ်၊ မင်းဆီမှာ ရှိတဲ့မြေပုံတစ်ခြမ်းတည်းနဲ့ ဘာမှလုပ်လို့မရသေးဘူး၊ ကျန်တဲ့မြေပုံတစ်ခြမ်းက တခြားလူဆီမှာပဲ ရှိနေသေးတယ်၊ မင်းအသက်ကို နှမြောရင် မင်းလက်ထဲက မြေပုံကို ပေးပါ"

ရွှေလင်းက တအံ့တသြဖြင့် ငြိမ်၍စဉ်းစားနေစဉ် လည်ပင်းကို ဆုပ်ကိုင်ထားသော လက်သည်းချွန်များက တဖြည်းဖြည်းနှင့် တင်းလာရာ လက်သည်းချွန်များကြောင့် သွေးများ စီးကျလာသည်။

"မ. . မသတ်ပါနဲ့. . ပေးပါ့မယ်"

ထိုသို့ပြောလိုက်မှ တင်းနေသောလက်ချောင်းများက အနည်းငယ် ပြန်လျော့ကျသွားသည်။

ရွှေလင်းအနေနှင့် ရွေးချယ်စရာလမ်း မရှိတော့ပေ။

အသက်ထက်တော့ ဘယ်အရာမှ ပိုပြီးအရေးမကြီးလှပေ။





သို့ကြောင့် စိတ်လျှော့ပြီးနောက် မြေပုံကို ဝှက်ထားသောနေရာသို့ သွားယူပြီး မဟူရာဝံပုလွေလက်ထဲသို့ ထည့်ပေးလိုက်သည်။

မဟူရာဝံပုလွေက မြေပုံစာရွက်ကို မီးရောင်ဖြင့် ထိုးကြည့်နေစဉ် ရွှေလင်းက စောစောက လွတ်ကျနေသော သေနတ်ရှိရာသို့ ပြေးသွားပြီး ကောက်ယူလိုက်သည်။

"ကဲ. . . သေပေတော့"

"ဒိုင်း. . . ဒိုင်း"

သူက သေနတ်ဖြင့် ချိန်၍ပစ်လိုက်စဉ်မှာပင် မဟူရာဝံပုလွေက လွှားကနဲ ခုန်ဝင်လာပြီး လည်ပင်းနှင့်တဝိုက်သို့ လက်သည်းချွန်များဖြင့် ကုတ်ခြစ်တိုက်ခိုက်ရာ ရွှေလင်းမှာ စူးစူးဝါးဝါးအော်ဟစ်ရင်းနှင့် အဝတ်နက်ကြီး ခြုံထားသော မဟူရာဝံပုလွေ၏မျက်နှာကို ဝိုးတဝါး တွေ့မြင်လိုက်ရသည်။

"ဟာ. . ."

ရွှေလင်းမှာ တအံ့တသြဖြင့် အထိတ်တလန့်ဖြစ်ကာ လဲကျသွားလေတော့သည်။

ရွှေလင်း အခန်းရှိရာ အပေါ်ထပ်မှ သေနတ်သံ ကြားရသောကြောင့် ရုပ်ဖျက်ပြီး လူအုပ်ကြားထဲမှာ ရောက်နေသော ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့မှာ သေနတ်များကို အဆင်သင့် ကိုင်ပြီး အပေါ်သို့ ပြေးတက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တက်လာစဉ်မှာပင် မဟူရာဝံပုလွေက အခန်းတွင်းမှ ထွက်လာပြီး အနောက်ဘက်မှ ဆင်းသောလှေခါးမှ အောက်သို့ ဆင်းသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော် အခန်းထဲသို့ ရောက်သွားသောအခါ ရွှေလင်းမှာ ဒဏ်ရာဒဏ်ချက်များဖြင့် သွေးထွက်နေပြီး အသက်ထွက်ခါနီး အခြေအနေ ဖြစ်နေချေပြီ။

ဒေါက်တာမင်းထင်ကျော်က ပွေ့ယူလိုက်သည်။

"ကိုရွှေလင်း. . . ကိုရွှေလင်း"

မျက်လုံးပွင့်လာသည်။

"ခင်ဗျားကို ဘယ်သူသတ်သွားတာလဲ"

"မ. . မဟူရာဝံပုလွေ"

"ခင်ဗျားဆီက မြေပုံတစ်ခြမ်းရော ပါသွားပြီလား"

ခေါင်းညိတ်ပြသည်။

"မဟူရာဝံပုလွေဆိုတာ ဘယ်သူလဲ"

"ဒီ. . ဒီပ. . သူ. . သူ မသေသေးဘူး၊ စမင်ကျွန်းက ပြန်ရောက်လာပြီ"

ဟု ပြောဆိုကာ တစ်ဖက်သို့ ဇက်လည်ကျသွားတော့သည်။ ရွှေလင်းတစ်ယောက် အသက်ပျောက်သွားခဲ့ချေပြီ။

"ကျော်စွာရေ. . . တရားခံနောက်ကို လိုက်ကြစို့ရဲ့"

"ဘယ်ကို လိုက်မှာလဲ ဆရာ"





"ပထမဆုံး မြန်မာပညာတတ် အလုပ်လက်မဲ့များ ကူညီမှုပေးရေးအသင်းကို သွားရမယ်"

ထိုသို့ပြောပြီး ဆင်းလာကြစဉ်မှာ လျှပ်စစ်မီးများက ပြန်လင်းလာသည်။

အောက်ထပ်မှာတော့ ဦးထင်ပေါ်နှင့်အတူ လူတစ်ယောက်ကို တွေ့ရသည်။

ဦးရွှေမောင်ဆိုသူပင်ဖြစ်သည်။

"အရေးအခင်းဖြစ်နေတုန်း နောက်ဘက်က ထွက်ပြေးဖို့ ကြံစည်နေတာနဲ့ ခေါ်မေးနေတာပါ"

ဦးထင်ပေါ်က ပြောပြသည်။

ဒေါက်တာမင်းထင်ကျော်က ထိုသူ့အနီးသို့ ကပ်သွားပြီး မေးလိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ"

"မြန်မာပညာတတ် အလုပ်လက်မဲ့များ ကူညီမှုပေးရေးအသင်းက အတွင်းရေးမှူး ဦးရွှေမောင်ပါ"

"အသင်းဥက္ကဋ္ဌ ဦးသက္က ဘယ်မှာလဲ"

"ကိစ္စရှိလို့ မန္တလေး သွားပါတယ်"

ထိုသူ အမှန်ပြောနေခြင်း မဟုတ်ကြောင်း ရိပ်မိသဖြင့် ဆက်မေးလိုက်သည်။

"သူနေတဲ့လိပ်စာကို အမှန်အတိုင်း ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ ဦးသက္က နေသည့် သက်န်းကျွန်းဘက်မှ လိပ်စာတစ်ခုကို ပြောပြလေသည်။

"ကဲ. . . ဦးထင်ပေါ်တို့က ဒီမှာပဲ စီစဉ်စရာရှိတာကို စီစဉ်ကြပါ၊ ကျွန်တော်နဲ့ကိုကျော်စွာက တရားခံနောက်ကို လိုက်သွားကြမယ်"

"တရားခံက ဘယ်သူလဲ"

"အဖြေပေါ်ဖို့ မဝေးတော့ပါဘူး၊ မကြာခင် သိရတော့မှာပါ"

ဟု ပြောဆိုပြီးနောက် နှစ်ယောက်သား မော်တော်ကားပေါ် တက်ပြီး မောင်းထွက်ခဲ့ကြရလေသည်။





## အခန်း(၁၄)

# အန္တရာယ်ပြုံး အပြုံးမျက်နှာ

အချိန်ကား ညဉ့်နက်ပိုင်းအချိန်သို့ ရောက်နေချေပြီ။

သန်းခေါင်ယံအချိန်ကျော်နေပြီမို့ ကားလမ်းမများပေါ်မှာ ကားအသွားအလာ ရှင်းလင်းလျက် ရှိနေချေသည်။

ထိုအချိန်တွင် ရန်ကုန်မြို့အတွင်းမှ သက်န်းကျွန်းဘက်သွားသောလမ်းမပေါ်၌ မော်တော်ကားတစ်စင်း အရှိန်ဖြင့် မောင်းနှင်လျက်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာတော့ စုံထောက်ကျော်စွာနှင့် ဒေါက်တာမင်းထင်ကျော်တို့ ပါလာကြသည်။

စုံထောက်ကျော်စွာက ကားမောင်းပြီး ဒေါက်တာမင်းထင်ကျော်က နံဘေးမှ ထိုင်လိုက်လာသည်။

"ဒီကနေ့ည ရွှေလင်းတို့ရဲ့ မိတ်ဆုံစားပွဲကို မဟူရာဝံပုလွေ ရောက်လာမယ်ဆိုတာ သိလို့ ရုပ်ဖျက်ပြီး လာစောင့်နေတဲ့ကြားက ရွှေလင်းအသတ်ခံလိုက်ရတာတော့ အတော့်ကို မခံချင်စရာကောင်းတယ်"

"ဒါကတော့ ကျွန်တော်တို့အပြစ် မဟုတ်ပါဘူး၊ သူ့ကို အန္တရာယ်ရှိလို့ သတိနဲ့ နေပါလို့ အတန်တန် မှာထားပါလျက်နဲ့ သူ ပေါ့လျော့ခဲ့တာကိုး၊ ဒါကြောင့် အသက်သေရတာ"

"အခု ကျွန်တော်တို့ ဘယ်ကိုသွားကြမှာလဲ"

"သက်န်းကျွန်းအစွန်ဘက်က အိမ်ကြီးတစ်လုံး ရှိတဲ့နေရာကို သွားပြီး တရားခံဖမ်းကြမှာ၊ အဲ့ဒီမှာ မဟူရာဝံပုလွေ ရှိတယ်"

ဟု ပြောပြရာ ကျော်စွာလည်း ဘာမှထပ်မမေးတော့ပေ။

ညဉ့်နက်ပိုင်းအချိန်ဖြစ်သောကြောင့် ကားလမ်းမပေါ်မှာ လူသွားလူလာ ရှင်းလင်းနေသဖြင့် ကားစက်ရှိန်ကို မြှင့်ပြီး မောင်းနှင်နေလေသည်။





သက်န်းကျွန်းမြို့နယ်အတွင်း ဝင်လာမိသောအခါ ဘူတာရုံဘက်သို့ သွားသောလမ်းအတိုင်း ချိုးကွေ့ကာ မောင်းလာလေသည်။

တစ်နေရာရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ရှေ့နားမှာ ဘုန်းကြီးကျောင်းတစ်ကျောင်း တွေ့ရလိမ့်မယ်၊ အဲဒီကျောင်းနား ရောက်ရင် ဘေးနားမှာ ရှိတဲ့လမ်းအတိုင်း ဝင်သွားလိုက်"

ပြောရင်းဖြင့် မောင်းလာရာ အမှောင်ရိပ်အတွင်းမှာ ထီးထီးမားမား ရှိနေသော ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိရာသို့ ရောက်လာကြပြီးနောက် နံဘေးရှိ လမ်းချိုးအတွင်းသို့ ကွေ့ဝင်လာခဲ့ကြသည်။

အတွင်းဘက်မှာ မီးရောင်မရှိသောကြောင့် ရှေ့မီးဖွင့်ပြီး ဖြည်းဖြည်းမှန်မှန်ပင် မောင်းကြရသည်။

လမ်းအတွင်းပိုင်း ရောက်သောအခါ နေအိမ်များ တဖြည်းဖြည်းနှင့် ကျဲလာပြီး ချောင်းရှိရာဘက်သို့ သွားသော လမ်းဆုံရှိရာသို့ ရောက်လာကြသည်။

"ဘယ်ဘက်ကို သွားရမလဲ"

"ချောင်းရှိတဲ့ဘက်ကို သွားရမှာ၊ ဒါပေမယ့် အတွင်းဘက်အထိတော့ ကားနဲ့ ဝင်လို့မဖြစ်ဘူး ကားကို တစ်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထားခဲ့ပြီး ဒီအတိုင်း ဝင်ကြရင် ကောင်းမယ်"

ဟု ပြောဆိုတိုင်ပင်ပြီး ၎င်းတို့မော်တော်ကားကို လမ်းဘေးသို့ မောင်းဆင်းသွားပြီးနောက် သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်ကာ နှစ်ယောက်သား ကားပေါ်မှ ဆင်းကြလေသည်။

သူတို့တွင် လက်နှိပ်မီးနှင့် သေနတ်တစ်လက်စီ ပါကြလေသည်။

အတွင်းဘက်သို့ သွားသည့်လမ်းပေါ်သို့ ပြန်တက်လာကြပြီး ထိုနေရာသို့ ရောက်တော့ ဒေါက်တာမင်းထင်ကျော်က မြေနီလမ်းပေါ်သို့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်သောအခါ မိုးရေပြင် စိုစွတ်နေသောမြေနီလမ်းပေါ်မှာ လတ်လတ်ဆတ်ဆတ် မောင်းဝင်သွားသော မော်တော်ကားဘီးရာများကို တွေ့ကြရသည်။

"သူပြန်ဝင်သွားတာ မကြာသေးဘူး၊ လာ. . . သွားကြစို့"

ဟု ပြောပြီး သေနတ်များကို အဆင်သင့်ပြင်ကာ သတိကြီးစွာထား၍ အတွင်းသို့ လိုက်ဝင်သွားလေသည်။

လမ်းဆုံးသောအခါ ချောင်းနှင့် မဝေးလှသောနေရာတွင် သီးသန့်ရှိနေသော အိမ်ကြီးတစ်လုံးကို တွေ့ကြရသည်။

အိမ်ကြီးမှာ ရှေးလက်ရာဖြင့် ဆောက်ထားသော အိမ်ကြီးဖြစ်ပြီး တစ်အိမ်လုံး မှောင်မည်းလျက်ရှိနေသည်။ တဖြည်းဖြည်းနှင့် အနီးသို့ တိုးသွားရာ မလှမ်းမကမ်း ရောက်တော့မှ အိမ်ရှေ့မှာ ရပ်ထားသော မော်တော်ကားတစ်စင်းနှင့် အိမ်အတွင်းဘက်မှ မီးရောင်လိုလို အလင်းရောင်တစ်ခုကို မြင်ကြရသည်။





"သူ အထဲမှာ ရှိနေပုံပဲ၊ အထဲဝင်ရင် သတိတော့ ထားနော်၊ ဘယ်လိုအကြောင်းနဲ့မှ လက်မနှေးစေနဲ့"

နှစ်ယောက်သား တဖြည်းဖြည်းနှင့် တိုးကပ်လာရာ အိမ်ကြီးရှိရာနှင့် မနီးမဝေးနေရာ ရောက်လာကြသည်။

ထိုနေရာမှာတော့ သစ်ပင်ကြီးများ အုပ်မိုးထားသောကြောင့် အမှောင်ရိပ်များက ပိုမိုများနေလေသည်။

ဒေါက်တာမင်းထင်ကျော်က သတိနှင့် လျှောက်နေရာမှ တစ်နေရာ ရောက်သောအခါ ရပ်တန့်လိုက်သည်။

နှာခေါင်းထဲမှာ သွေးညှီနံ့ ရသဖြင့် မီးရောင်ကို ခပ်အုပ်အုပ် အသုံးပြုကာ ထိုးကြည့်လိုက်သောအခါ ၎င်းတို့ ရောက်နေသောနေရာ၏အနီးရှိ သစ်ချုံများပေါ်မှာ စွန်းပေနေသော သွေးစက်များနှင့် မြေပြင်ပေါ်မှာ အကွက်လိုက် ကျန်ခဲ့သော သွေးကွက်များကို တွေ့ရသည်။

"သူ ဒဏ်ရာရထားတယ်. . . သတိထား"

သွေးစက်များက အိမ်ကြီးအနောက်ဘက်သို့ သွားကြောင်း လမ်းပြပေးသကဲ့သို့ ရှိသောကြောင့် နှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းအတိုင်း လိုက်သွားကြရာ နောက်ဆုံး အိမ်ကြီးအနောက်ဘက်သို့ ရောက်သွားကြသည်။

ထိုနေရာမှာလည်း အမှောင်ရိပ်များ ဖုံးနေသည်မှလွဲ၍ ထူးထူးခြားခြားတော့ မတွေ့ရသေးပေ။

အနောက်ဘက်တံခါးအနီး ရောက်၍ တွန်းကြည့်လိုက်သောအခါမှာ အလွယ်တကူပင် ပွင့်သွားလေရာ ထိုတံခါးပေါက်မှ အတွင်းသို့ ဝင်သွားကြသည်။

အနောက်ဘက်အခန်းသို့ ရောက်သောအခါ အသင့်စောင့်နေဟန်ရှိသော ရန်သူနှင့် ရင်ဆိုင်တိုးကြလေတော့သည်။

"ဂီး. . ."

ဟူသောမာန်ဖီသံကြီး ကြားရသဖြင့် မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ရင်ဘတ်မှာ သွေးများ စို့၍နေသော မဟူရာဝံပုလွေကြီးကို တွေ့ရလေသည်။

အနက်ရောင်ဝံပုလွေကြီးက သူတို့ကို မြင်သောအခါ အားယူ၍ ခုန်ဝင်ရန် ဟန်ပြင်လိုက်သည်နှင့် ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် ပစ်ချလိုက်လေသည်။

"ဒိုင်း. . . ဒိုင်း"

ကျည်ဆန်က ချက်ကောင်းကို ထိသွားသဖြင့် နောက်သို့ ယိုင်သွားပြီးနောက် အခန်းတစ်ခုအတွင်းသို့ ဒယိမ်းဒယိုင်နှင့် ဝင်ပြေးလေရာ ဒေါက်တာမင်းထင်ကျော်တို့ကလည်း ထပ်ကြပ်





မကွာ လိုက်သွားလေတော့သည်။

အတွင်းခန်းတစ်ခု ရောက်သောအခါ အတွင်းဘက်မှ တရှူးရှူးနှင့် အသက်ပြင်းပြင်းရှူနေသောအသံကို ကြားရသဖြင့် ပိတ်ထားသောတံခါးကို တွန်းဖွင့်လိုက်လေသည်။

အခန်းတွင်း၌ မီးအိမ်တစ်လုံး ရှိနေသောကြောင့် အလင်းရောင်အချို့ ရှိနေရာ အခန်းတွင်းမှ အခြေအနေကို ကောင်းစွာမြင်တွေ့ရသည်။

အခန်းအလယ်လောက်တွင် အဝတ်နက်ကြီး တစ်ကိုယ်လုံး ခြုံထားသောလူတစ်ယောက် လဲကျနေသည်။

ဝံပုလွေအသွင်မျိုးနှင့် မဟုတ်တော့ပေ။

သူ့အနီးမှာ သွေးများက အိုင်ထွန်းနေလေသည်။

ဒေါက်တာမင်းထင်ကျော်က အနားသို့ လျှောက်သွားပြီး မျက်နှာကို လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်သည်။

အခြားသူ မဟုတ်ပေ။

မြန်မာပညာတတ်အလုပ်လက်မဲ့များ

ကူညီမှုပေးရေးအသင်းဥက္ကဋ္ဌ

ဦးသက္ကပင်ဖြစ်ပေတော့သည်။

"ခင်ဗျားနာမည်က ဘယ်သူလဲ"

ဒေါက်တာမင်းထင်ကျော်က အနားမှာ ထိုင်ရင်း မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် ဒီပပါ"

"ခင်ဗျား စမင်ကျွန်းမှာ ကျန်ခဲ့တာ မဟုတ်လား၊ ဘယ်လို လွတ်လာတာလဲ"

ထိုအခါ ဦးသက္ကအမည်ခံ ဒီပက အောက်ပါအကြောင်း အရာအချို့ကို အကျဉ်းချုပ်ကာ ပြောပြလေသည်။

ဒီပမှာ ဦးဝီလျံထံမှာ လက်ထောက်ဘဝဖြင့် ဝင်ရောက် လုပ်ကိုင်ရင်းမှ ဦးဝီလျံ ဝှက်ထားသော ရတနာပစ္စည်းအကြောင်း ကို တစွန်းတစ သိထားလေသည်။

တစ်နေ့ကျရင် အရကြံမည်ဟု စိတ်ကူးထားလေသည်။

နောက်ပိုင်း ရေဘီလူးများ အဖမ်းခံရပြီး စမင်ကျွန်း ရောက်သောအခါ ဦးဝီလျံနှင့်ရွှေလင်းတို့ ပြောဆိုနေသည့်စကား များကို ဟမွန်းတစ သိရသောအခါ အကြံတစ်မျိုး ရလေသည်။

သို့ကြောင့် ဦးဝီလျံနှင့် ရွှေလင်းတို့နှစ်ယောက် ထွက် ပြေးဖို့ ကြံစည်သောအခါ အတူလိုက်မသွားဘဲ နေခဲ့လေသည်။

သူတို့နှစ်ယောက် ထွက်ပြေးသွားသောအခါမှ စမင်များ သိအောင် အော်ဟစ်အချက်ပေးခဲ့လေသည်။

ထို့ကြောင့် စမင်အကြီးအကဲက သူ့ကို မသတ်ဘဲ ထားခဲ့ သည်။ ထို့ပြင် ဦးဝီလျံထံမှ ယူထားခဲ့သော ဆေးပြင်းလိပ်သုံးလိပ် ကို စမင်အကြီးအကဲအား ပေးပြီး မိတ်ဖွဲ့ရာမှ ပိုမိုခင်မင်သွားလေ သည်။





ဦးဝီလျံအလောင်းကို စမင်များ သယ်ယူလာသောအခါ ခါးပတ်အတွင်းမှ မြေပုံကို ရှာကြည့်တော့ မတွေ့ရတော့မှ ရွှေလင်း ယူသွားမှန်း သိရလေသည်။

နောက်ပိုင်း စမင်များကို အယုံသွင်းပြီး လူအသွင်မှ ဝံပုလွေအသွင် ပြောင်းနိုင်သောပညာကို သင်ယူရာ တတ် မြောက်ခဲ့လေသည်။

လူအသွင်မှ ဝံပုလွေအသွင်ပြောင်းပြီး ကျွန်းပေါ်သို့ ရောက်လာသောလူများကို တိုက်ခိုက်သတ်ဖြတ်ရာ ကျည်ဆန်ထိ ပြီး ရှေ့လက်နှစ်ချောင်း ပြတ်သွားခဲ့ရသည်။

နောက်ပိုင်း ထိုစက်လှေကို အသုံးချပြီး စမင်ကျွန်းမှ လွတ်မြောက်အောင် ကြိုးစားခဲ့လေသည်။

ထို့နောက် ရန်ကုန်သို့ ပြန်ရောက်ပြီး သက်န်းကျွန်းဘက် မှာ အိမ်တစ်လုံး ဝယ်ယူကာ လျှို့ဝှက်စွာ နေထိုင်ခဲ့ရာမှ လူကြီး လူကောင်းအသွင်ဆောင်၍ မြန်မာပညာတတ် အလုပ်လက်မဲ့ များ ကူညီပေးရေးအသင်းမှာ ဥက္ကဋ္ဌအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ လေသည်။

ထိုသို့လုပ်ရင်းမှပင် မြကျင်မွေးကို စုံစမ်းရင်းနှင့် ရွှေ လင်းထံသို့ လျှို့ဝှက်စာတစ်စောင် ပို့၍ အကြောင်းကြားခဲ့သေး သည်။

နောက်ဆုံးမှာတော့ မဟူရာဝံပုလွေအသွင်ဖြင့် မြေပုံ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ခုစလုံးကို ရရှိရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားရာမှ နောက်ဆုံးယခုအခြေအနေသို့ ရောက်ခဲ့ရခြင်းဖြစ်ပေတော့သည်။

"အခုတော့ ခင်ဗျားအနေနဲ့ လောဘရဲ့စေရာနောက်ကို လိုက်ခဲ့မိတဲ့အတွက် အသက်သေဆုံးရတော့မယ် မဟုတ်လား၊ ရွှေလင်းကို သတ်ပြီး ယူတဲ့မြေပုံတစ်ခြမ်း ဘယ်မှာလဲ"

ဦးသက္က အမည်ခံ ဒီပက သူ့ကိုယ်မှာ ဝှက်ထားသော မြေပုံတစ်ခြမ်းကို ထုတ်ပေးသည်။

"ဒီပွဲမှာ ခင်ဗျားတို့က အသာရတယ် ထင်မနေကြနဲ့ဦး၊ ပွဲက မပြီးသေးဘူး၊ ကျုပ်သေသွားပေမယ့် နောက်ထပ်အန္တရာယ်တွေ ရှိသေးတယ်"

ဟု ပြောဆိုကာ ဇက်လည်ကျသွားတော့သည်။

မဟူရာဝံပုလွေတော့ နိဂုံးချုပ်သွားခဲ့ချေပြီ။

သို့သော်. . .

"အစ်ကို. ."

ငိုသံပါဖြင့် ခေါ်လိုက်သည့်အသံကြောင့် အံ့သြသွားကာ ကပျာကယာ လှည့်ကြည့်လိုက်သည်။

"ဟင်. . . မြကျင်မွှေး"

သို့စေကာမူ မြကျင်မွှေး တစ်ယောက်တည်းတော့ မဟုတ်ပေ။

သူမနောက်မှာ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထား





ကာ မျက်စိပေါက်သာ ဖော်ထားသော လူတစ်ယောက်က သေနတ်ဖြင့် ချိန်ကာ ပါလာလေသည်။

"သူ့ကို အန္တရာယ်မဖြစ်စေချင်ရင် မင်းတို့နှစ်ယောက်စလုံး ကိုင်ထားတဲ့သေနတ်တွေကို ခပ်ဝေးဝေး ပစ်ချလိုက်စမ်း"

ဒေါက်တာမင်းထင်ကျော်က အသံကို နားစွင့်ကြည့်ရင်း ရပ်နေသေးသည်။

"ဟေ့. . . ပြောနေတာ မကြားဘူးလား၊ ပစ်လိုက်ရမလား"

နောက်တစ်ကြိမ် လှမ်းပြောတော့မှ ကိုင်ထားသော သေနတ်များကို မနီးမဝေး ချထားလိုက်ကြသည်။

"ခင်ဗျားဘယ်သူလဲ. . . ရာဇဝတ်ဘေးဆိုတာ ပြေးလို့မလွတ်ပါဘူး၊ အေးအေးသာ အဖမ်းခံပါ"

"ငါ့ကို လာပြီးတရားချမနေနဲ့၊ မင်းလက်ထဲက မြေပုံစာရွက်ကို အောက်ကို ချထားပြီး နောက်မှာ ဝေးဝေးဆုတ်နေလိုက်ပါ"

ဟု ထပ်ပြောသဖြင့် လက်ထဲမှ မြေပုံစာရွက်ကို အောက်သို့ ချထားလိုက်ပြီး နောက်သို့ တစ်လှမ်းနှစ်လှမ်း ဆုတ်ပေးလိုက်သည်။

ထိုသို့ဆုတ်ပေးလိုက်သောအခါ မြကျင်မွှေးကို နောက်မှ ဖမ်းချုပ်ထားသူက ရှေ့သို့ တိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမင်းထင်ကျော်က ရှေ့သို့ တိုးလာသူ၏အခြေအနေကို မျက်တောင်မခတ် ကြည့်နေလေသည်။

တရွေ့ရွေ့နှင့် တိုးလာရာ မြေပုံစာရွက်ရှိရာ ရောက်သောအခါ ဒူးထောက်ထိုင်ချကာ ကောက်ယူလိုက်သည်။

ထိုအခြေအနေကို အသုံးချလိုက်သူမှာ မြကျောင်မွေးပင် ဖြစ်သည်။

နောက်မှ ချိန်ထားသော သေနတ်ပြောင်းဝက သူမကိုယ်ပေါ်မှ လွဲသွားသည်နှင့် နံဘေးသို့ ပစ်လှဲချလိုက်သည်။ အခြေအနေကို ကြည့်နေသော ဒေါက်တာမင်းထင်ကျော်ကလည်း ထိုအခွင့်အရေးကို လက်လွှတ်မပေးတော့ပေ။ ဂျာကင်အိတ်ထဲမှာ သက်စောင့်ထည့်ထားသော နောက်ထပ်သေနတ်တစ်လက်ကို လျှပ်တပြက် ထုတ်ယူကာ ပစ်ချလိုက်သည်။

"ဒိုင်း. . ."

ပစ်ကွင်းမှာ ရှင်းနေသောကြောင့် ရန်သူမှာ သေနတ်တခြားဖြစ်သွားပြီး နောက်သို့ လန်ကျသွားသည်။

ပြန်မထနိုင်တော့ပေ။

"ဟင်. . . ဦးအောင်သာဇံပါလား"

မြကျောင်မွေးက တအံ့တဩ ရေရွတ်လိုက်သည်။

"သူက ဘယ်လိုပါလာတာလဲ"

ကျော်စွာက မေးသည်။





"သူက အရင်ကတည်းက ဦးဝီလျံရဲ့လူယုံတော်ဆိုတော့ ဒီပနဲ့က သိနေကြတယ်၊ ဒီပ စမင်ကျွန်းက ပြန်ရောက်လာပြီးတဲ့အခါ သူတို့နှစ်ယောက် တိုင်ပင်ကြပြီး မြကျောင်မွေးနားမှာ အခြေအနေ စောင့်ကြည့်ဖို့ သူလျှိုအဖြစ် ထားတာပဲ၊ သူကလည်း သူ့နည်းဗျူဟာနဲ့ မြေပုံတစ်ခြမ်း ရအောင် ကြိုးစားနေတာပေ့ါ။

အခုတော့ အားလုံးပြီးသွားပါပြီ"

ဟု ပြောဆိုကာ မြကျောင်မွေးကိုပါ ခေါ်ပြီး ထိုအိမ်ကြီးအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။

အပြင်ဘက်မှာတော့ အရုဏ်ဦးအလင်းရောင်များ တက်စပြုလာချေပြီ။

ထိုအလင်းရောင်များမှာ အမှောင်ထုများကို ဖယ်ရှားပစ်နိုင်စွမ်း ရှိပေသည်။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၅)

# ညီမျှခြင်းများနှင့် ချစ်ခြင်းမေတ္တာ

ဒေါက်တာမင်းထင်ကျော်၏ဧည့်ခန်းအတွင်း၌ လူစုံတက်စုံ ရောက်နေကြသည်။

ရာဇဝတ်အုပ်ဦးထင်ပေါ်၊ စုံထောက်ကျော်စွာ၊ မြကျင်မွေးနှင့် ဦးဗန်ကောင်းတို့ဖြစ်ကြလေသည်။

"ကျုပ်လည်း အခုမှပဲ စိတ်အေးရတော့တယ်ဗျာ၊ ဒီအမှု မပေါ်မချင်း မင်းကြီးရဲ့အကြိမ်းအမောင်းပဲ ခံနေရတော့တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



အခုလို အမှုမှန် ပေါ်အောင် အကူအညီပေးတာ ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်"

ဟု ဦးထင်ပေါ်က လှိုက်လှိုက်လှဲလှဲ ပြောလေသည်။

"ဒီလောက်လည်း ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ၊ ကျွန်တော်ကလည်း ဒီအမှုမျိုးတွေ စုံစမ်းဖော်ထုတ်ရတာ ဝါသနာပါလို့ပါ"

"ဒေါက်တာလို အရည်အချင်းရှိတဲ့လူမျိုးသာ စုံထောက်လောကကို ဝင်လာရင် စုံထောက်ကြီးဦးစံရှားတို့လို နာမည်ကြီးလာနိုင်တယ်ဗျ၊ ဒါထက် ဦးသက္ကကို ဘယ်လိုခြေရာခံမိတာလဲဗျ၊ တစ်ဆိတ်လောက် ရှင်းပြပေးပါဦး"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ကပ္ပိတန်စီးကရက်ကို စိမ်ပြေနပြေ ဖွာရင်း ရှင်းပြလေသည်။

"သဲလွန်စကတော့ မြကျင်မွေးဓါတ်ပုံက စတာပါပဲ၊ ဒီပက မြကျင်မွေးနဲ့ကျွန်တော် အဆက်အသွယ်ရှိမှန်း သိတော့ ဓါတ်ပုံယူလာပြီး ရှာပေးဖို့ အကူအညီလာတောင်းတယ်"

"အင်း. . . ကျားရှေ့မှောက် ဒူးထောက်လဲသလို ဖြစ်သွားတာပေါ့၊ ဒီဓါတ်ပုံက ဘယ်လိုရထားတာလဲ"

"ဦးဝီလျံက သူ့သမီးဓါတ်ပုံနဲ့ မြေပုံတစ်ဝက်ကို သွားလေရာ ယူသွားတယ်၊ မြေပုံကို ရွှေလင်းက ရသွားတော့ ဓါတ်ပုံကို ဒီပက ယူထားလိုက်တယ်၊





ရန်ကုန်ပြန်ရောက်လာပြီး မြကျင်မွေးကို လိုက်ရှာရင်းကနေ နောက်ပိုင်း ဦးအောင်သာဇံနဲ့ ပေါင်းမိသွားတာပဲ၊ ဦးအောင်သာဇံက မြကျင်မွေးဆီက မြေပုံတစ်ခြမ်းကို ရဖို့ကြိုးစားပြီး သူက ရွှေလင်းဆီက မြေပုံတစ်ခြမ်း ရဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့တာပဲ"

"ဒါထက် သမန်းဝံပုလွေအကြောင်း ဘယ်လိုသိတာလဲ"

"အဲဒါက ရွှေလင်းပြောပြလို့ သိရတာပါ၊ ဒီလို လူကနေ ဝံပုလွေအသွင်ပြောင်းလဲဖို့ စမင်ကျွန်းကို ရောက်ခဲ့ဖူးသူသာ ဖြစ်နိုင်တာမို့ ဦးဝီလျံတို့ ထွက်ပြေးတုန်းက တမင်နေခဲ့တဲ့ ဒီပဆိုတဲ့လူကို မသင်္ကာတာနဲ့ သူ့အကြောင်းတွေကို လိုက်ပြီးစုံစမ်းရင်းကနေ သိရတာပါ၊

ပိုပြီးသေချာတာက ဦးသက္က အမည်ပြောင်းထားတဲ့ ဒီပရဲ့လက်ချောင်းနှစ်ချောင်းက သေနတ်မှန်ထားလို့ ပြတ်နေတယ်၊

ဝံပုလွေအသွင်ပြောင်းပြီးတဲ့အခါမှာလည်း ခြေရာတွေကို ကြည့်ရင် ခြေချောင်းနှစ်ချောင်း ပြတ်နေတာကို တွေ့ရတယ်၊ ဦးသက္ကလာတုန်းက သူ့ရဲ့လက်တစ်ဖက်ကို အင်္ကျီထဲမှာ အမြဲထည့်ထားတာကို သတိပြုမိလိုက်တယ်၊

ရွှေလင်းပြောပြတဲ့ ဒီပဆိုတဲ့လူရဲ့ပုံပန်းသဏ္ဍာန်က ဦးသက္ကနဲ့ တစ်ပုံစံတည်း တူနေတာကြောင့် သူ့ကို ဂရုစိုက်ပြီး အကဲခတ်ကြည့်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါဦး"

"ကျွန်တော့်အိမ်က ပြန်ခါနီးကျမှ တပည့်တွေကို မျက်ရိပ်ပြလိုက်တာနဲ့ ကြိုးချည်ထားတဲ့ အင်းခွေးနှစ်ကောင်ကို တမင်လွှတ်ပေးလိုက်တယ်၊

အန္တရာယ်နဲ့ တွေ့တဲ့အခါ သတိလစ်သွားတာနဲ့ အိတ်ထဲက လက်ကို အမှတ်တမဲ့ အပြင်ထုတ်လိုက်တဲ့အချိန်မှာ သူ့ရဲ့လက်ချောင်းနှစ်ချောင်း ပြတ်နေမှန်း သိလိုက်ရတယ်"

"တော်ပါပေတယ်"

"ဒါထက်ပိုပြီး သေချာတာက ဒေါသတကြီးနဲ့ ပြေးလာတဲ့ အင်းခွေးနှစ်ကောင်စလုံးဟာ ဦးသက္ကနဲ့ မလှမ်းမကမ်းနေရာလည်း ရောက်ရော တအီအီနဲ့ အမြီးကုပ်ပြီး ပြန်လှည့်ပြေးကုန်ကြတယ်၊

အင်းခွေးပဲဖြစ်ဖြစ် သာမန်ခွေးပဲဖြစ်ဖြစ် ဘယ်လောက်ကြမ်းကြမ်း ဝံပုလွေတို့ ကျားတို့ကို မြင်တာနဲ့ အမြီးကုပ်နေကြတယ်၊ အနံ့ရတာနဲ့ ပြန်ပြေးလေ့ ရှိတယ်မဟုတ်လား"

"အခုမှပဲ ရှင်းသွားတော့တယ်၊ ကဲ. . . ကျုပ်လည်း ပုလိပ်မင်းကြီးထံ အစီရင်ခံစာ တင်ရဦးမှာမို့ ပြန်လိုက်ပါဦးမယ်"


ဟု နှုတ်ဆက်ကာ ဦးထင်ပေါ် ပြန်သွားလေတော့သည်။

ထိုအခါမှ အခန်းထဲမှာ ကျန်ခဲ့သော လေးယောက်သား မြေပုံနှစ်ခြမ်းကို ဆက်စပ်ကြည့်ကြလေသည်။





ထိုအခါ အောက်ပါပုံစံတစ်ခုကို တွေ့ကြရလေသည်။



"ဘယ်လိုပုံစံကြီးလဲ. . . စာတွေကလည်း ဘယ်လိုရေးထားတာလဲ၊ လုပ်ပါဦး အဘ"

ဒေါက်တာမင်းထင်ကျော်က ထိုကိစ္စမျိုးဆိုလျှင် နှံ့စပ်ကျွမ်းကျင်လှသော ဦးဗန်ကောင်းလက်သို့ အပ်နှံလိုက်လေသည်။

ဦးဗန်ကောင်းက အတန်ကြာအောင် ကြည့်နေပြီးမှ ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပြသည်။

"ဒါက ရှေးက လူတွေ စကားဝှက် စာဝှက် ရေးကြတဲ့ အခါမှာ အသုံးပြုတဲ့နည်းပါ၊ ဒီစာရေးနည်းက 'စက်ဂါထာရေးနည်း' လို့ ခေါ်တယ်၊ အလယ်ဗဟိုမှာ ရှိတဲ့ 'ရွှေ' ဆိုတဲ့စာလုံးကို မူသေထားပြီး စကြာလှည့်သလို လက်ယာရစ် လှည့်ပြီး ရေးဖတ်ရတယ်၊ ဒီမှာ ကျူပ်ရေးပြပါ့မယ်"

ဟု ပြောကာ စာများကို အစီအစဉ် ပြုလုပ်၍ ရေးပြလေသည်။

"ရွှေတိဂုံစေတီ
ရွှေအနောက်ဆီသို့
ရွှေတစ်ထောင့်ငါးရာ
ရွှေအတာလော့၊
သိမ်ဟောင်းစေတီ
နေရာဆီသို့
သစ်တိုပင်ကုန်းနေရာ
သင်ဖွေရှာလော့. . ."

"ဒီစက်ဝန်းထဲက စာတွေကို တစ်ပိုဒ်ချင်း ခွဲထုတ်လိုက်ရင် အဲဒီလို အဖြေရတယ်၊

အဓိပ္ပါယ်ပြန်ရင်တော့ ရွှေတိဂုံစေတီတော်ရဲ့အနောက်ဘက် တာတစ်ထောင့်ငါးရာအကွာမှာ သိမ်ဟောင်းနဲ့စေတီ





ဟောင်း ရှိတဲ့ကုန်းပေါ်မှာ ရှိတဲ့ သစ်တိုပင်ကုန်းနေရာမှာ ရှာဖွေရမယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ"

"အဘ ရှင်းပြတော့လည်း အဖြေက အလွယ်သားပါလား၊ ဒါထက် အဲ့ဒီနေရာက ဘယ်နေရာဖြစ်မလဲ အဘ"

"ကုန်းဘောင်ခေတ် မတိုင်ခင် မွန်ဘုရင်တွေလက်ထက်က ရွှေတိဂုံစေတီတော်ရဲ့အနောက်ဘက် တာ(၁၅၀၀)အကွာလောက်မှာ ကျိုက်ဖွဲ့ကမော့စေတီနဲ့ သိမ်တော်ရှိခဲ့ဖူးတယ်လို့ ရှေးမှတ်တမ်းတွေထဲမှာ တွေ့ရဖူးတယ်"

"ဟုတ်ကဲ့. . ."

"ကုန်းဘောင်ခေတ် ရောက်တော့ ရှင်ဘုရင်တွေက အဲ့ဒီနေရာမှာ ဘုရင်ဥယျာဉ်တော်ကြီး တည်ဆောက်လိုက်တော့ စေတီနဲ့သိမ်တော်က ဥယျာဉ်အတွင်း ရောက်သွားတယ်"

"ဟုတ်ကဲ့. ."

"စေတီတော်နဲ့သိမ်တော်ရှိတဲ့နေရာဟာ ကုန်းမြင့်နေရာဖြစ်ပြီး အဲဒီနေရာမှာ အထိကရ သစ်တိုပင်ကြီး ရှိတာကြောင့် အချို့က သစ်တိုပင်ကုန်းလို့ ခေါ်ကြတယ်၊

သိမ်တော်ကိုလည်း သစ်တိုပင်ကုန်း သိမ်တော်လို့ ခေါ်ကြတယ်၊

နောက်ပိုင်း အလုံးရပ်ကွက်တွေ တိုးချဲ့လာကြတော့ စေတီနဲ့ သိမ်ကတော့ ပျောက်သွားခဲ့ပေမယ့် သစ်တိုပင်ကြီးရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကုန်းကတော့ ရှိပါသေးတယ်”

ထိုသို့ရှင်းပြတော့ အဖြေသိကြရလေသည်။

နောက်ပိုင်းမှာတော့ ၎င်းတို့လေးယောက်ပင် ထိုနေရာသို့ သွားရောက်ရှာဖွေကြရာ သစ်တိုပင်ကုန်း သစ်တိုပင်ကြီးဝန်းကျင်တစ်နေရာ၌ ဦးဇီလျှံ သိုဝှက်ထားခဲ့သော ရွှေငွေရတနာပစ္စည်းများ ထည့်ထားသော သေတ္တာတစ်လုံးကို တွေ့ကြသဖြင့် မြကျင်မွှေးလက်သို့ အပ်လိုက်ကြလေသည်။

မြကျင်မွှေးမှာ ဖခင်ဖြစ်သူ၏ပစ္စည်းများကို ရရှိသော်လည်း ဝမ်းမသာနိုင်ဘဲ မျက်နှာကလေးက ညှိုးငယ်နေတော့သည်။

“ဘယ်လိုကြောင့် မျက်နှာညှိုးနေရတာလဲ၊ ရတနာပစ္စည်းတွေ ပြန်ရတာကို ဝမ်းမသာဘူးလား”

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

“ကျွန်မဘဝမှာ အားကိုးရမယ့် အဖေအမေလည်း မရှိ၊ အားကိုးရမယ့် ဆွေမျိုးသားချင်းလည်း မရှိဘဲ တစ်ကောင်ကြွက်ဘဝမှာ ဒီရွှေငွေတွေ ရှိနေတော့လည်း ဘာများ ဝမ်းသာစရာရှိပါ့မလဲ”

ဟု စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောလေသည်။

ထိုအခါ စုံထောက်ကျော်စွာက ဝင်ပြောသည်။

“မြကျင်မွှေးအဖေက မြေပုံတစ်ခြမ်း ပေးခဲ့တုန်းက မှာထားခဲ့တဲ့စကား ရှိတယ်မဟုတ်လား၊ သူ မရှိတော့တဲ့အခါ သူ့ဆီက မြေပုံတစ်ခြမ်းကို ယူလာနိုင်တဲ့သူနဲ့ လက်တွဲဖို့ဆိုတာ ပါတယ်မဟုတ်လား”

ထိုစကားကြောင့် မြကျင်မွှေး၏ဖြူဖွေးသောမျက်နှာပေါ်မှာ ပန်းနုရောင်သမ်းသွားသော်လည်း ခေါင်းငုံ့သွားရင်းမှ ခေါင်းညိတ်ပြသည်။

“ဒီလိုဆိုရင်လည်းဗျာ. . ဒီကိစ္စက အလွယ်လေးပဲဟာ၊ မြေပုံတစ်ဝက် ယူလာတဲ့သူက ဟောဒီက ဒေါက်တာမင်းထင်ကျော် ဆိုမှတော့ သူ့ကိုပဲ အကူအညီတောင်းရမှာပေါ့၊ ဒါမှ မိဘစကား နားထောင်တဲ့ သားသမီးကောင်းဖြစ်မှာပေါ့. . . မဟုတ်ဘူးလား”

“အို. .”

မြကျင်မွှေးက ပိုမိုရှက်သွားဟန်ရှိလေသည်။

စုံထောက်ကျော်စွာကတော့ ဒေါက်တာမင်းထင်ကျော်အတွက် သာသာထိုးထိုး ပြောပြီးနောက် ဦးဇပ်ကောင်းကို ခေါ်ကာ ထွက်သွားကြလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က ဆက်ပြောရသည်။

“သူပြောသွားတာကို မြအနေနဲ့ ဘယ်လိုသဘောရသလဲ ပြောပါဦး”





☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဘယ်သိပ့်မလဲ၊ ဒါက ကျွန်မပြောရမယ့် စကားမှ မဟုတ်တာ"

"ဒါဖြင့် ကိုယ့်သဘောထားကို ဖွင့်ပြောရင်ရော စိတ်ဆိုးမှာလား"

"ဘာပြောမှာမို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကိုယ်က မြအပေါ်မှာ မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်နေမိပြီဆိုတော့ ကိုယ့်မေတ္တာကို လက်ခံစဉ်းစားပေးဖို့ပါပဲ"

"ဒီစကားက ရင်ထဲက ရှိတဲ့အတိုင်း ပြောတာလား၊ အားကိုးစရာ မရှိဘူး ပြောလို့ အားနာလို့ ပြောနေတာလား"

"အချစ်ရေးကိစ္စက အားနာရမှာမှ မဟုတ်တာ၊ နောက်ပြီး ဘဝတစ်သက်တာ လက်တွဲဖို့ ရည်စူးထားတဲ့လူကို အားနာတာ တစ်ခုတည်းနဲ့တော့ မပြောပါဘူး"

"အစ်ကို့အနေနဲ့ ဒီစကားကို ရင်ထဲက ရှိတဲ့အတိုင်း ပြောတာဆိုရင်တော့ ကျွန်မအနေနဲ့ ငြင်းပယ်စရာ မရှိပါဘူး၊ ဘာကြောင့်လဲဆိုတော့ အစ်ကိုက ကျွန်မရဲ့ဘဝတလျှောက်လုံး အားကိုးထိုက်တဲ့လူတစ်ယောက်ဖြစ်နေလို့ပါပဲ"

ဟု အပြုံးဖြင့် ပြောသည်။

"ဒီလိုဆိုရင်တော့ ကိုယ်တို့နှစ်ယောက် အမြန်ဆုံး လက်ထပ်ဖို့ စီစဉ်ကြရမှာပေါ့နော်"





ဟု ပြောပြီး မြကျင်မွေး၏လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

မြကျင်မွေးကလည်း ဒေါက်တာမင်းထင်ကျော်ကို ပြန်လည်ဆုပ်ကိုင်ထားလေသည်။

ထိုအချိန်မှာ မော်တော်ကား ရပ်ထားသောနေရာမှ စုံထောက်ကျော်စွာက အသံကျယ်ကျယ်ဖြင့် လှမ်းခေါ်သံ ကြားလိုက်ရသဖြင့် နှစ်ယောက်သား လက်တွဲ၍ ကုန်းပေါ်မှ ပြန်ဆင်းခဲ့ကြလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မဟူရာဝံပုလွေ့ဝိဉာဉ်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ဗတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနိစ္စယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ရေးပြီးချိန် ။ ။ (၂၀၁၀)ခုနှစ်၊ ဧပြီလ(၂၀)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀)နာရီ။



www.burmeseclassic.com